# ဗိုလ်မှူးအောင်လင်းထွတ်
# အမှန်ပြောခဲ့သလား

ထွန်းဇော်ဌေး




# IN PURSUIT OF JUSTICE

## REFLECTIONS ON THE PAST AND HOPES FOR THE FUTURE OF BURMA







ပုံနှိပ်မှတ်တမ်း

**ဗိုလ်မှူးအောင်လင်းထွတ် အမှန်ပြောခဲ့သလား**

ထွန်းဇော်ထွေး

ပထမအကြိမ် - ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ

မျက်နှာဖုံးဒီဇိုင်း
ဇူးလှ
အတွင်းစာမျက်နှာဖွဲ့စည်းမှု
နိုးခင်းအောင်
CTP
Eagle Color Separation
မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်
ဒေါ်အေးအေးနိုင်၊ စိန်ကြယ်ပုံနှိပ်တိုက်
ထုတ်ဝေသူ
ဒေါ်ခင်မေချို၊ ပန်းဝေဝေစာပေ
အမှတ် ၃၆၀၊ ဗိုလ်အောင်ကျော်လမ်း၊ ရန်ကုန်မြို့။
ဖြန့်ချိရေး
နယ်နီစာအုပ်တိုက်
အုပ်ရေ
၅၀၀
တန်ဖိုး
၁၅၀၀

| | |
|---|---|
| ထွန်းဇော်ထွေး | ၉၂၀ |
| ဗိုလ်မှူးအောင်လင်းထွတ် အမှန်ပြောခဲ့သလား၊ ရန်ကုန်၊ | |
| ပန်းဝေဝေစာပေ၊ ၂၀၁၄။ | |
| ၁၅၀ စာ၊ အလျား ၁၅·၂၄ × အနံ ၂၀·၀၂၈ စင်တီ | |
| (၁) ဗိုလ်မှူးအောင်လင်းထွတ် အမှန်ပြောခဲ့သလား | |

# ဗိုလ်မှူးအောင်လင်းထွတ်
# အမှန်ပြောခဲ့သလား

■

ထွန်းဇော်ဌေး

# မာတိကာ

ဗိုလ်မှူးအောင်လင်းထွတ် အမှန်ပြောခဲ့သလား


၁၁ နှုတ်ခွန်းဆက်စကား

ဗိုလ်ချုပ်မှူးကြီးမောင်မောင်အပေါ် သစ္စာမဲ့ခဲ့ကြပုံ(၁) – ၁၅

ဗိုလ်ချုပ်မှူးကြီးမောင်မောင်အပေါ် သစ္စာမဲ့ခဲ့ကြပုံ(၂) – ၂၁

အရပ်သားနိုင်ငံရေးကို အသေသတ်ရန် ကြံစည်ကြပုံ(၁) – ၂၉

အရပ်သားနိုင်ငံရေးကို အသေသတ်ရန် ကြံစည်ကြပုံ(၂) – ၃၇

အရပ်သားနိုင်ငံရေးကို အသေသတ်ရန် ကြံစည်ကြပုံ(၃) – ၄၅

ခရုတ်ဇ်ကျွန်း အစုလိုက်အပြုံလိုက် သတ်ဖြတ်မှုကြီး(၁) – ၅၃

ခရုတ်ဇ်ကျွန်း အစုလိုက်အပြုံလိုက် သတ်ဖြတ်မှုကြီး(၂) – ၆၁

အဓိတ်သားတောင်ယာနှုန်းနဲ့ အကုန်သတ် – ၆၉

ဗိုလ်ချုပ်ကြီးတွေ ကတိမတည်ဘူး – ၇၇

အကြမ်းဖက်အစိုးရ၏ ရာဇဝတ်မှုများ(၁) – ၈၅

အကြမ်းဖက်အစိုးရ၏ ရာဇဝတ်မှုများ(၂) – ၉၁

အကြမ်းဖက်အစိုးရ၏ ရာဇဝတ်မှုများ(၃) – ၉၇

အကြမ်းဖက်အစိုးရ၏ ရာဇဝတ်မှုများ(၄) – ၁၀၃

အကြမ်းဖက်အစိုးရ၏ ရာဇဝတ်မှုများ(၅) – ၁၁၁

အကြမ်းဖက်အစိုးရ၏ ရာဇဝတ်မှုများ(၆) – ၁၁၉

အကြမ်းဖက်အစိုးရ၏ ရာဇဝတ်မှုများ(၇) – ၁၂၇

အကြမ်းဖက်အစိုးရ၏ ရာဇဝတ်မှုများ(၈) – ၁၃၃

အကြမ်းဖက်အစိုးရနှင့် ပုဒ်မ ၄၄၅ ပြဿနာ – ၁၄၁






မဲပုံး
မဲပုံး













# နှုတ်ခွန်းဆက်စကား

မင်္ဂလာပါ မိတ်ဆွေ။

ဒီစာအုပ်ထဲပါတာတွေက 'လူမှုကွန်ရက်ဟာစ်တိုင်' ဂျာနယ်မှာ ဦးဦးမောင်ကလောင်အမည်နဲ့ အပတ်စဉ်ရေးခဲ့တဲ့ စာတွေ။

ဒါတွေ ဘာကြောင့် ရေးလဲ။

(က) ကျွန်တော်တို့ခေတ်ဟာ အမှောင်ခေတ်ကြီးပါ။ အမှောင်ထဲမှာ အနေကြာလာတော့ ရုတ်တရက်အလင်းရောင်ဝင်လာရင် ကြောက်စိတ်နဲ့ မျက်စိကို မှိတ်ပစ်တတ်ကြပါတယ်။ အလင်းရောင်မှာ ကိုယ့်အတွေ့ဟာ ရှေ့တန်းရောက်သွားပြီး အမှောင်ထဲက ကြုံခဲ့ရတဲ့ ဒုက္ခတွေ၊ အမှောင်ထဲမှာ အတူလက်တွဲခဲ့တဲ့ လက်တွဲဖော်တွေကို မေ့ပျောက်ပစ်တတ်ကြတယ်။ ဒါတွေကို သတိတရဖော်ထုတ်ပေးချင်တာကလည်း တစ်ကြောင်း။

(ခ) အမှောင်ထဲမှာ လျှောက်ရတာ စမ်းတဝါးဝါးနဲ့။ အန္တရာယ်များလွန်းတော့ မှတ်တမ်းမှတ်ရာဆိုတာ မလုပ်နိုင်ခဲ့ဘူး။ လုပ်ထားတာဘချို့လည်း ဖျက်ဆီးပစ်ကြရတယ်။ အမှောင်ထုဟာ နှစ်ပေါင်း ၆၀ ကျော်သိပ်ရှည်ကြာလွန်းတော့ သက်သေခံတွေလည်း ပျောက်ဆုံးခဲ့တယ်။ ကြာလာရင် ပါးစပ်ရာဇဝင်ဖြစ်မှာ စိုးရိမ်လို့။ သမိုင်းသက်သေတည်ဖို့ ကြိုးစားကြည့်ချင်တာကလည်း တစ်ကြောင်း။

(ဂ) တစ်ချိန်က နိုင်ငံခြားအသံလွှင့်ဌာနများ ဖြစ်တဲ့ VOA,

BBC, RFA နဲ့ DVB တို့ဟာ 'ပြည်သူ့အသံတွေ ဖြစ်ခဲ့တယ်။ အမှောင်ထုထဲမှာ အလင်းတစ်စ ထွန်းညှိပေးနိုင်ခဲ့တယ်။ သူတို့ ထွန်းညှိပေးခဲ့တဲ့ အဲဒီအလင်းတစ်စကို Legalize တရားဝင်ဖြစ်အောင် သမိုင်းမှတ်တမ်းတင်ခြင်းလည်း ဖြစ်တယ်။ အထူးသဖြင့် လေထဲက အသံ လေလှိုင်းထဲမှာ ပျောက်ကွယ်မသွားစေချင်တာကလည်း တစ်ကြောင်း။

(ဃ) 'အပြစ်ရှိသူကို အပြစ်ဒဏ်က ကင်းလွတ်ခွင့်ပြုခြင်းဟာလည်း အပြစ်မဲ့သူကို အပြစ်ပေးရာ ရောက်စေတယ်' ဆိုတဲ့ အချက်ကို ယုံကြည်တယ်။ အပြစ်ကို ဖျက်ကွယ်ပြုဖုံးကွယ်ပေးခြင်းဟာ မကောင်းမှုကို အားပေးအားမြှောက်ပြုခြင်းပဲလို့ ခံယူတယ်။ ရာဇဝတ်မှုကို ဥပဒေကြောင်းအရ ဖြေရှင်းခြင်းဟာ လောကပါလတရားနဲ့ ညီညွတ်တယ်ဆိုတာတွေ ပြောပြလိုတာကလည်း တစ်ကြောင်း။

(င) ၁၉၄၈ လွတ်လပ်ရေးမရမီ ပြည်တွင်းစစ် အစကတည်းက 'အမျိုးသားပြန်လည်သင့်မြတ်ရေး၊ ရင်ကြားစေ့ရေး' တဲ့။ အဲဒီ အိသာဓာတ်ငွေ့ထဲမှာ ကျွန်တော်တို့အားလုံး မေ့မျောသွားကြတယ်။ ဒီလိုနဲ့ မြန်မာပြည်ဟာ ဆေးရုံခုတင်ပေါ်မှာ မေ့ဆေးပေးခံထားရတဲ့လူနာတစ်ယောက်လို လဲလျောင်းလို့။ အဲဒီကာလ... မှလည်း အမှုဖြစ်၊ လူကောင်းက လူဆိုးလို့ သမုတ်ခံရ၊ မတရားမှုတွေ ကြီးစိုး။ လူထုကရင်ကြားစေ့ရေးကို တစ်ဖက်သတ်လိုက်လျောလို့၊ ပြီးတော့လည်း အဖြေက 'အမှုပြုကျင့်ခံရတာပဲ အဖတ်တင်ခဲ့တယ်။ ဘုံ အကျိုးစီးပွားကို အခြေခံလိုစိတ် မရှိဘဲနဲ့တော့ ရင်ဘတ်ကြီးမစေ့တဲ့အပြင် ဟမြဲ ဟနေဦးမှာပဲ' ဆိုတာကို ပြောချင်တာကလည်း တစ်ကြောင်း။

(စ) 'အတိုက်အခံပျောက်ဆုံးနေတဲ့ နိုင်ငံ။ အမှန်တရားနဲ့ ကင်းဝေးနေတဲ့ နိုင်ငံ။ အမှုမှုများ ကြီးစိုးနေတဲ့ နိုင်ငံ။ လူ့အခွင့်အရေးတွေ ထိပ်တန်းရောက်နေတဲ့ နိုင်ငံ။ အပေါ်ထပ်ရော အောက်ထပ်ပါ အဆောက်အအုံ တစ်ခုလုံး ခြစားနေတဲ့ နိုင်ငံ။ အမြစ်က ၈ လဲပြိုလို့ လမ်းပျောက်နေတဲ့ နိုင်ငံ။ လက်ညှိုးညွှန်ရာ ခေါင်းဆောင်ရှိတဲ့နိုင်ငံ။ တကယ်တော့ ကျွန်တော်တို့ အားလုံး 'နုမှည့်သစ်သီးတစ်လုံးကို စားနေရသလို။ အရသာကချဉ်စုတ်စုတ်။ ဒါတွေ ပြောချင်တာကလည်း တစ်ကြောင်း။

(ဆ) အမျိုးသားသွေးစည်းညီညွတ်ရေး [illegible] ညီ မသာ ပြိုကွဲနေတဲ့အချိန်။ ပါရာဒိုင်းအပြောင်းမှာ လူမောင်းတွေရှိနေတော့ အလုပ်မဖြစ်ဘူး။ ဘောင်းဘီချွတ်ရုံနဲ့တော့ အရပ်သားမဖြစ်နိုင်သေး။ ဗိုလ်နေဝင်း အရောင်ဆိုးခဲ့တဲ့ တပ်မတော်သမိုင်းရဲ့ အမည်းစက်။ ဗိုလ် သန်းရွှေလက်ထက်မှာ ကတ္တရာပုံးသွန်းလောင်းလိုက်သလိုပဲ။ အဲဒီမည်း များကို ဒီနေ့ဆက်လိုက်နေဦးမယ်ဆိုရင်... အဲဒါတွေ ပြောပြချင်တာက လည်း တစ်ကြောင်းတစ်ချက်။

(ဇ) အကြမ်းဖက်အစိုးရရဲ့ ရာဇဝတ်မှုတွေကို ၂၀၀၈ ဖွဲ့စည်း အုပ်ချုပ်ပုံအခြေခံဥပဒေက အကာအကွယ်ပေးနိုင်တာကြောင့် ဥပဒေကြောင်း အရ ဖွဲ့ချက်တင်ခွင့်ရှိတာကို အသိပေးချင်တာလည်း ပါရဲ့။

ဘာပဲပြောပြော အဲဒီအကြောင်းအချက်တွေနဲ့ ရေးသင့်ရာကို ရေးခွင့်ပေးခဲ့တဲ့ 'လူမှုကွန်ရက်ဟစ်တိုင်ဂျာနယ်' မှ စီအီးအို ဦးကိုလေး (ဂျင်) နဲ့ ဝိုင်းတော်သားအားလုံးကို ကျေးဇူးတင်ပါတယ်။

မြင်းခြံထောင်မှာ ရေစက်ဆုံခဲ့တဲ့ သံယောဇဉ်နဲ့ ထုတ်ဝေပေးခဲ့ တဲ့ ဆရာဇော်လူစိမ်းကိုလည်း ကျေးဇူးတင်ပါတယ်။

အားလုံးကို ကျေးဇူးတင်ပါတယ်။

◆ ◆ ◆

ထွန်းဇော်ဌေး

# ဗိုလ်ချုပ်မှူးကြီး စောမောင်အပေါ်
# သစ္စာမဲ့ခဲ့ကြပုံ (၁)



နိုင်ငံတော်ရဲ့ အကျိုး။ နိုင်ငံသားများရဲ့ အကျိုး

ကျွန်တော်တို့ ရဲ့ တာဝန်အရေးသုံးပါးကိုသာ

နိုးကြားကြီး စောင့်ရှောက်နေတာ ဖြစ်ပါတယ်



# ဗိုလ်ချုပ်မှူးကြီး စောမောင်အပေါ် သစ္စာမဲ့ခဲ့ကြပုံ (၁)

အခုချိန်ကာလလို မီဒီယာလွတ်လပ်မှု အတန်အသင့်မရမီကာလတွေတုန်းက ကျွန်တော်တို့အားလုံးဟာ VOA, BBC, RFA နဲ့ DVBတို့ကို ပြည်သူ့အသံအဖြစ် အားကိုးပြီးနေခဲ့ကြရတာပါ။ အဲဒီကာလတွေတုန်းက ဗိုလ်မှူးဟောင်း အောင်လင်းထွတ်ရဲ့ အင်တာဗျူးတွေ ဖွင့်ဟပြောချက်တွေဟာ ရေဒီယိုနားဆင်သူတွေအားလုံးအတွက် သမိုင်းတစ်ကွက်ကို မြင်တွေ့လိုက်ရသလိုပါပဲ။ အခုလို အတန်အသင့်ပွင့်လင်းလာချိန်မှာတော့ 'တစ်ချိန်က ဗိုလ်မှူး အောင်လင်းထွတ် ပြောခဲ့တာတွေဟာ အမှန်တွေပဲလား' ဆိုတဲ့ သံသယဆူးများဟာ ပြည်သူ့ရင်ထဲ ဖြစ်ပေါ်နေဆဲပါ။ ဒါတွေကိုလည်း အခုချိန် ကာယကံရှင်များကိုယ်တိုင် သက်ရှိထင်ရှားရှိနေဆဲမှာ ဝန်ခံသင့်တာ ဝန်ခံပြီး ဖြေရှင်းဖို့ အချိန်ရောက်ပြီ ထင်ပါတယ်။ ယခင်ကာလ မင်းဆိုးမင်းညစ်လက်ထက် ပွင့်လင်းမြင်သာမှု မရှိခဲ့တာမို့ အခုအချိန်မှာတော့ ပွင့်လင်းမြင်သာမှုရှိသင့်ပြီလို့ ယူဆပါတယ်။

ဗိုလ်မှူးဟောင်း အောင်လင်းထွတ်ဆိုတာကတော့ နဝတ၊ နအဖလက်ထက်အခါက ထောက်လှမ်းရေး ဗိုလ်မှူးဟောင်းတစ်ယောက် ဖြစ်ခဲ့ပါတယ်။ အဲဒီနောက် သံတမန်တစ်ဦးအနေနဲ့ အမေရိကန်နိုင်ငံမှာ တာဝန်ထမ်းဆောင်ခဲ့ပါတယ်။ ဗိုလ်သန်းရွှေအစိုးအစဉ်နဲ့ ထောက်လှမ်းရေးအားလုံး ထိန်းသိမ်းခံရချိန်မှာတော့ အမေရိကန်နိုင်ငံမှာ နိုင်ငံရေးခိုလှုံခွင့်ဆောင်ပြီး နေထိုင်သူတစ်ဦးလည်း ဖြစ်ပါတယ်။

အဖြစ်အပျက်များဟာ ကလာရှည်ကြာတာနဲ့အမျှ သမိုင်းတစ်ခုဖြစ်လာတာပါ။ အဲဒီသမိုင်းအဖြစ်အပျက်များထဲက ဗိုလ်ချုပ်မှူးကြီးစောမောင် ဘာကြောင့် အာဏာသိမ်းခဲ့ရသလဲဆိုတာကို ဦးစွာပထမ ကြည့်

ကြရအောင်ပါ။ ဗိုလ်ချုပ်မှူးကြီးစောမောင်အပေါ် ဘာကြောင့် သစ္စာမဲ့ခဲ့ကြသလဲ။ အာဏာသိမ်းခဲ့ကြသလဲ။

အဖြေက ရှင်းပါတယ်။ NLD ကို အာဏာမလွှဲချင်လို့ပါပဲ။ ၁၉၉၀ ရွေးကောက်ပွဲမှာ NLD မဲအပြတ်အသတ်နဲ့ တစ်နိုင်ငံလုံးနီးပါး အနိုင်ရခဲ့ပါတယ်။ ၈၃ ရာခိုင်နှုန်းအထက်မှာ အနိုင်ရခဲ့တာပါ။ အထွေထွေရွေးကောက်ပွဲမတိုင်မီမှာ ဗိုလ်ချုပ်မှူးကြီးစောမောင်ကိုယ်တိုင် နိုင်ငံခြားသတင်းဌာနတစ်ခုနဲ့ အင်တာဗျူးမှာ အနိုင်ရတဲ့ အဖွဲ့အစည်းကို အာဏာအပ်မယ်။ တပ်မတော်စစ်သားနဲ့ နိုင်ငံရေးဟာ ဘာမှ မဆိုင်ဘူးလို့တောင် ပြောကြားခဲ့ပါသေးတယ်။ စစ်တပ်က စစ်တန်းလျားပြန်မယ်လို့ ပြောခဲ့ပါတယ်။ တပ်မတော်ဟာ တကယ်တမ်း အာဏာလွှဲအပ်ရမယ်ဆိုတော့ တွန့်ဆုတ်နေခဲ့ပါတယ်။ ပုဒ်မမျိုးစုံထုတ်ပြီး အချိန်ဆွဲနေခဲ့ပါတယ်။ အဲဒီကိစ္စနဲ့ပတ်သက်ပြီး ထောက်လှမ်းရေး ဗိုလ်မှူးဟောင်းတစ်ဦးဖြစ်ခဲ့တဲ့ ဗိုလ်မှူး အောင်လင်းထွတ်က VOA မှ ကိုရော်နီငြိမ်းနဲ့တွေ့ဆုံဆွေးနွေးခန်းမှာ ပြောခဲ့တာက...

*'ဗိုလ်ချုပ်မှူးကြီး စောမောင်ဟာ တကယ့်ရိုးရိုးသားသား စစ်သားကြီးပါ။ သူ တကယ်ပြောခဲ့တဲ့ စစ်တန်းလျားပြန်မယ်ဆိုတာ အမှန်ပါ။ ဗိုလ်ချုပ်မှူးကြီး စောမောင်အနေနဲ့ ကလိမ်ကကျစ် လုပ်ပြီးတော့မှ ပြောခဲ့တဲ့ အနေအထားမျိုး မဟုတ်ပါဘူး'* လို့ အတိအလင်း ပြောကြားခဲ့ပါတယ်။

တစ်တိုင်းတစ်ပြည်လုံးကလည်း NLD ကို အာဏာလွှဲအပ်မယ့် အချိန်ကို စောင့်ဆိုင်းနေကြတာပါ။ တစ်ပြည်လုံးကတော့ စိတ်သစ်လူသစ်နဲ့ တိုင်းပြည်အသစ်ကို တည်ဆောက်ကြဖို့ အားခဲထားကြတဲ့ အချိန်ကာလကြီးပါ။ မြန်မာလူထုအားလုံးက တပ်မတော်ဟာ ကတိဖျက်မှာ မဟုတ်လောက်ဘူး။ စစ်တပ်ဆိုတာ လူလိမ်တွေ မဟုတ်ဘူးလို့ ယုံကြည်ခဲ့ကြတာပါ။ ဒါနဲ့ပတ်သက်ပြီး ဗိုလ်မှူး အောင်လင်းထွတ် ပြောခဲ့တာကတော့...

*'ဗိုလ်ချုပ်မှူးကြီး စောမောင်ကိုယ်တိုင်က တကယ်လည်း သူက လွှဲပေးမယ်ဖြစ်လာတဲ့အခါ သူ့ pressure (ဖိအား) အများကြီး ဒီပါ*

*တယ်။ အပြင်က NLD ရဲ့ pressure တင်မဟုတ်ဘူးဗျ။ အထဲက လုပ်ဖော်ကိုင်ဖက်တွေရဲ့ pressure လည်း များပါတယ်။ အထူးသဖြင့် နဝတအဖွဲ့မှာ ဗိုလ်ချုပ်ကြီးထွန်းကြည်၊ ဗိုလ်ချုပ်ကြီးမြင့်အောင်တို့ Aggressive (ရန်လိုတတ်သော) ပုဂ္ဂိုလ်တွေချည်းပဲလေ။ အဲဒီလူတွေမှာ 'ဘာလို့ အာဏာလွှဲပေးရမှာလဲ' ဆိုတဲ့ အတွေးမျိုး တော်တော်များများ ဝင်ပါတယ်။ ဒီလူတွေ ပြန်ကြည့်ရင်လည်း ဗိုလ်ချုပ်ကြီးသန်းရွှေနဲ့ နီးစပ်တဲ့ ပုဂ္ဂိုလ်တွေပဲ'* လို့ ပြောပြပါတယ်။

ဗိုလ်မှူး အောင်လင်းထွဋ်ရဲ့ ထွက်ဆိုချက်တွေအရဆိုရင် အဲဒီအချိန်ကာလက စစ်တပ်ထဲမှာ နဝတထိပ်ဆုံးပိုင်းခေါင်းဆောင်တွေထဲမှာ NLD ကို အာဏာအပ်ချင်သူက တစ်စု။ မအပ်ချင်သူက တစ်စု။ နှစ်စုကွဲနေတယ်လို့ ဆိုရမှာပါ။ တစ်နည်း ပြောရရင် စစ်သားစကား စစ်သားကတိတည်ရမယ်ဆိုတဲ့ အုပ်စုက လူနည်းစုပါ။ အာဏာလွှဲအပ်ပြီး စစ်တန်းလျားပြန်မယ်ဆိုတာက လူနည်းစုဖြစ်နေပါတယ်။ *'နဝတအတွင်းရေးမှူးကြီး ဗိုလ်ခင်ညွန့်ကိုယ်တိုင် ဆန့်ကျင်ဘက်အုပ်စုဘက် ပါသွားပါတယ်'* လို့ ဗိုလ်မှူး အောင်လင်းထွဋ်က ပြောခဲ့ပါတယ်။

*'ငါတို့က စစ်သား။ စစ်သားဆိုတာ စကားတည်ရမယ်။ အာဏာလွှဲပေးပြီး စစ်တန်းလျားပြန်ရမယ်'* လို့ နှုတ်က တဖွဖွပြောနေတဲ့ ဗိုလ်ချုပ်မှူးကြီး စောမောင်ဟာ သူ့ကို ရုံမယ့်သူ မရှိလောက်အောင် ဖြစ်နေခဲ့ပါတယ်။ ပြည်သူလူထုကြားထဲ ထွက်လာတဲ့ အသံကတော့ ဗိုလ်ချုပ်မှူးကြီး စောမောင်တစ်ယောက် စိတ်ဖောက်သွားပြီဆိုတဲ့ အသံတွေပါ။ ဒီအသံတွေကတော့ ထောက်လှမ်းရေးရဲ့ တီးတိုးဝါဒဖြန့်စကားတွေအဖြစ် ရှုထောင့်က နားလည်နေခဲ့ပါတယ်။ ဒါဟာ လူထုထင်မြင်ချက်ကို တည်ဆောက်ဖို့ ဖန်တီးချက်တစ်ခုလို့ ကျွန်တော်တို့ နားလည်ခဲ့ကြပါတယ်။ ရပ်ရွာကြားထဲ ထပ်မံထွက်ပေါ်လာတာကတော့ ဗိုလ်ချုပ်မှူးကြီး စောမောင်ဟာ စိတ်ကယောက်ကယက်ဖြစ်စေတဲ့ ဆေးဝါးမိသွားတယ်ဆိုတဲ့အသံ ဒီအသံတွေ တကယ်ဖြစ်ခဲ့တာလား။ အသံတွေ ထွက်လာတာကတော့ အမှန်ပါ။

အဲဒီကာလမှာ ဓဓ အရေးတော်ပုံအတွင်းမှာ ထဲထဲဝင်ဝင်လှုပ်

ရှားကြသူ ကျောင်းသားခေါင်းဆောင်တွေ၊ သမဂ္ဂ အသီးသီးက ခေါင်းဆောင်တွေ။ NLD ပါတီက တက်ကြွလှုပ်ရှားသူတွေ၊ ရဟန်းသံဃာတွေ အတော်များများ ဖမ်းဆီးထိန်းသိမ်းခံထားရပါတယ်။ ဒေါ်အောင်ဆန်းစုကြည်ကိုယ်တိုင်လည်း နေအိမ်အကျယ်ချုပ်နဲ့ ထိန်းသိမ်းခံထားရပါတယ်။ နောက်ဆုံး ၁၉၉၀ ရွေးကောက်ပွဲအနိုင်ရခဲ့တဲ့ NLD ရဲ့ လွှတ်တော်ကိုယ်စားလှယ် ထက်ဝက်နီးပါး အဖမ်းခံခဲ့ရပါတယ်။ NLD နဲ့ အဖမ်းမခံရဘဲ ကျန်ရှိနေတဲ့ လွှတ်တော်ကိုယ်စားလှယ်များနဲ့ ဂန္ဓိဟော(လ်)စည်းဝေးပွဲကို ပြည်သူတစ်ရပ်လုံး နားစွင့်နေခဲ့ကြပါတယ်။

အဲဒီကာလမှာ နဝတအဖွဲ့ဝင်များဟာ NLD ကို အမျိုးမျိုး အကျပ်ကိုင်ပြီး ပုဒ်မတွေ၊ ပုဒ်ထီးတွေထုတ် ကလိမ်စေ့ညာဏ်ဆင်ခဲ့ကြပါတယ်။ ဗိုလ်ချုပ်မှူးကြီးစောမောင်ရဲ့ *'စစ်တပ်က စစ်တန်းလျားပြန်မယ်'* ဆိုတဲ့ အသံတွေဟာ တဖြည်းဖြည်းဝေးသွားခဲ့ပါပြီ။ NLD ရဲ့ ဗိုလ်မှူးကြီးဟောင်း ဦးကြည်မောင်နဲ့ ဗိုလ်ခင်ညွန့်ရဲ့ စိန်ခေါ်သံတွေဟာ သိသိသာသာ ကျယ်လောင်လာပါတယ်။ ဒီနေ့ကာလ *'ထိုစဉ်က တပ်မတော်က အနိုင်ရအဖွဲ့အစည်း ဖြစ်တဲ့ NLD ကို ဘာလို့ အာဏာမလွှဲသလဲ'* ဆိုတဲ့ အမေးကိုတော့ ဗိုလ်မှူးကြီးဟောင်း ဦးကြည်မောင်ရဲ့ နူးရင်ဘတ်စစ်ခုံရုံးကိစ္စကြောင့် ကြောက်လို့ မအပ်တာလို့ အချို့က ပြောပါတယ်။

အဲဒီအဖြေဟာ မိုးကြိုးပစ်တာကို ထန်းလက်နဲ့ ကာတဲ့ သဘောပဲ ရှိပါတယ်။ ဘာလို့လဲဆိုတော့ အဲဒီတုန်းက ဗိုလ်မှူးကြီးဟောင်း ဦးကြည်မောင် ပြောခဲ့တာက တပ်မတော်ထိပ်ပိုင်းခေါင်းဆောင်တွေကို မပြောခဲ့ပါဘူး။ *'ဗိုလ်ခင်ညွန့်တစ်ယောက်တော့ ပြောမရဘူး'* လို့ ပြောခဲ့တာပါ။ အခုမှ ဦးကြည်မောင်ကို လွှဲချအဖြေပေးတာဟာ ဆင်ဝှေ့ ရန်ရှောင်လုပ်တာလို့ပဲ မြင်ကြပါတယ်။

အကယ်၍များ NLD ရဲ့ ၁၉၉၀ ရွေးကောက်ပွဲ အနိုင်ရခဲ့တဲ့ လွှတ်တော်ကိုယ်စားလှယ်များက မေးလာခဲ့ရင် ဒါမှမဟုတ် လှုပ်ရှားမှု တစ်စုံတစ်ရာ ပြုလုပ်လာမယ်ဆိုရင် လက်ရှိတာဝန်ရှိသူများ ဘယ်လို ဖြေရှင်းပေးကြမလဲဆိုတာ စိတ်ဝင်စားစရာပါ။

◆ ◆ ◆

# မိုလ်ချုပ်မှူးကြီး စောမောင်အလေါ
# သစ္စာမဲ့ခဲ့ကြပုံ (၂)






မဲပုံး
မဲပုံး

# ဗိုလ်ချုပ်မှူးကြီး စောမောင်အပေါ် သစ္စာမဲ့ခဲ့ကြပုံ (၂)

အလုပ်တစ်ခုကို အတူတွဲလုပ်ခဲ့ကြသူအချင်းချင်း ကွဲကြပြီဆိုရင်တော့ သစ္စာဖောက်သူ၊ သစ္စာမဲ့သူဟာ ရှိတတ်စမြဲပါပဲ။ သစ္စာရှိသူ၊ သစ္စာဖောက်သူကို ဘာနဲ့ တိုင်းလဲ။ ဘယ်လူတန်းစားဘက်က ရပ်တည်သလဲဆိုတာနဲ့ တိုင်းကြရမှာပါ။ မြန်မာ့နိုင်ငံရေးအခင်းအကျင်းအရဆိုရင် ပြည်သူ့ဘက်က ရပ်သလား၊ စစ်အာဏာရှင်ဘက်က ရပ်သလားဆိုတဲ့ အချက်နဲ့ပဲ ရေချိန်ညှိကြရမှာပါ။ ကဲ ဒါဆိုရင် ဗိုလ်ချုပ်မှူးကြီးစောမောင်အပေါ် သစ္စာမဲ့ခဲ့ကြတာဟာ ဘယ်လူတန်းစား ဘယ်အလွှာရှင်သန်ရေးအတွက်လဲ။ လူထုတစ်ရပ်လုံးက ဒီအချက်ကို ရှင်းရှင်းကြီး မြင်ကြပြီးသားပါ။

တကယ်တော့ ဗိုလ်ခင်ညွန့်၊ ဗိုလ်သန်းရွှေနဲ့ ဗိုလ်ချုပ်မှူးကြီးစောမောင်တို့ဟာ ၁၉၈၈ စက်တင်ဘာ ၁၈ ရက်နေ့ စစ်အာဏာသိမ်းစဉ်ကတည်းက အတူပါလာကြသူတွေပါ။ သူတို့သာမက ဗိုလ်ချုပ်ကြီး တင်ဦး (ထောက်လှမ်းရေးမှူး-၂)၊ ဗိုလ်ထွန်းကြည်၊ ဗိုလ်မြင့်အောင်၊ ဗိုလ်ကျော်ဘ အစရှိတဲ့ တိုင်းမှူးတွေလည်း အာဏာသိမ်းစဉ်ကတည်းက အတူပါလာကြသူတွေပါ။ အားလုံးဟာ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ (နဝတ) ဆိုတဲ့ ခေါင်းစဉ်အောက်မှာ အုပ်ချုပ်ခဲ့ကြသူတွေပေါ့။ ၁၉၉၀ ရွေးကောက်ပွဲပြီးချိန်အထိ စိတ်တူကိုယ်တူပါပဲ။ ၈၈ အရေးတော်ပုံကြီး

မှာ တက်ကြွစွာ ပါဝင်လာကြသူတွေကို ဖမ်းဆီးရာမှာလည်း နှစ်ကိုယ့်တစ်စိတ်၊ လူထုကိုညှဉ်းပန်းနှိပ်စက်ရာမှာလည်း အလိုတူအလိုပါ လက်သံပြောင်ခဲ့ကြသူတွေ။

၁၉၉၀ ရွေးကောက်ပွဲပြီးလို့ အနိုင်ရပါတီကို အာဏာအပ်ရေးမှာတော့ အာဏာကို ငမ်းငမ်းတက်မက်မောသူနဲ့ တာဝန်သိသူ တပ်မတော်ရဲ့ ခေါင်းဆောင်တွေ ၂ ခြမ်းကွဲသွားခဲ့ကြပါတယ်။ ဗိုလ်ချုပ်မှူးကြီး စောမောင်ကတော့ စစ်သားကောင်းပီသစွာ ကတိသစ္စာကို စောင့်ထိန်းလိုတယ်။ ဗိုလ်ခင်ညွန့်၊ ဗိုလ်သန်းရွှေနဲ့ ကျန် တပ်မတော်ခေါင်းဆောင်အချို့က အာဏာကို ဖက်တွယ်ထားချင်ကြတယ်။ ဗိုလ်ချုပ်မှူးကြီး စောမောင်က *'နိုင်ငံရေးကိစ္စတွေကို နိုင်ငံရေးသမားတွေပဲ ဆက်လုပ်ကြပါ။ ကျုပ်တို့ တပ်မတော်က စစ်တန်းလျား ပြန်မယ်။ စစ်သားကတိတည်ရမယ်'* လို့ မိန့်ခွန်းတွေ ပြောခဲ့ပါတယ်။ ၁/၉၀ အမိန့်ကြေညာချက်တွေ ထုတ်ပြန်ခဲ့ပါသေးတယ်။ ၁/၉၀ ရဲ့ ကြေညာချက်အရ ဖွဲ့စည်းပုံကို နိုင်ငံရေးသမားက ရေးဆွဲပါ။ ဖွဲ့စည်းပုံပြီးရင် အနိုင်ရပါတီ (NLD) ကို အာဏာအပ်မယ်ဆိုတဲ့ ကြေညာချက်ပါ။ ဒီနေ့အထိ ၁/၉၀ ဟာ တရားဝင် မဖျက်သိမ်းသေးတဲ့အတွက် ၉၀ ရွေးကောက်ပွဲအနိုင်ရကိုယ်စားလှယ်များက ဖွဲ့စည်းပုံရေးဆွဲခွင့် အခုထိ ရှိနေပါသေးတယ်၊ ထားတော့။ ၁/၉၀ ကိစ္စ နောက်မှ အသေးစိတ် ထပ်ပြောမယ်။ အခုပြောချင်တာကတော့ တကယ်တမ်း အာဏာအပ်ရတော့မယ်ဆိုတဲ့အခါ အကြောင်းပြချက်အမျိုးစုံနဲ့ ရွေးကောက်ပွဲရလဒ်ကို မှေးမှိန်အောင် လုပ်ဆောင်လာကြပါတယ်။ ဗိုလ်ချုပ်မှူးကြီးစောမောင်က အာဏာလွှဲပေးချင်ပေမဲ့၊ အာဏာလွှဲမပေးလိုတဲ့ စစ်အုပ်စုဟာ အခိုင်အမာရှိနေခဲ့ပါတယ်။ အဲဒီကာလက ဗိုလ်နေဝင်းကိုယ်တိုင်က ဗိုလ်စောမောင်ကို စိတ်ခုနေဟန်ရှိပါတယ်။ ဘာလို့လဲဆိုတော့ ၁၉၉၂ စစ်သမိုင်းပြတိုက်ဖွင့်ပွဲမှာ ဗိုလ်နေဝင်း တက်ရောက်လာတော့ ဗိုလ်စောမောင်ဟာ အရပ်ဝတ် အရပ်စားနဲ့ အင်္ကျီလက်ကို ခေါက်ရင်း အပြေးကလေး ရောက်လာတာကို ထိုစဉ်က ရုပ်မြင်သံကြားမှာ အားလုံးမြင်တွေ့လိုက်ကြရတယ်။ ဗိုလ်သန်းရွှေ ဗိုလ်ခင်ညွန့် အစရှိတဲ့ ထိပ်ပိုင်းခေါင်းဆောင်တွေကတော့ ယူနီဖောင်း

အပြည့်အစုံနဲ့ပါ။ ဗိုလ်နေဝင်း တက်ရောက်မယ့်အကြောင်း ဗိုလ်ခင်ညွန့်ကပဲ ဗိုလ်စောမောင်ကို သတင်းမပို့သလား။ ဗိုလ်နေဝင်းကပဲ အပို့မခိုင်းသလားဆိုတာ စဉ်းစားစရာ။ ဒီအပိုင်းဟာ ဗိုလ်စောမောင်ရဲ့ ဩဇာမှေးမှိန်နဲ့ အချက်ပြလိုက်တာလည်း ဖြစ်နိုင်ပါတယ်။

ဗိုလ်မှူး အောင်လင်းထွတ်နဲ့ ကိုရော်နီငြိမ်းတို့ရဲ့ ၂၀၁၀ စက်တင်ဘာ ၁၉ ရက်နေ့ VOA နဲ့ အင်တာဗျူးမှာ *'ရွေးကောက်ပွဲနောက်ပိုင်း ဗိုလ်ချုပ်ကြီး စောမောင်ရဲ့ ဩဇာအာဏာကျသွားပါတယ်။ ဗိုလ်ချုပ်ကြီး စောမောင်ကို ရပ်တဲ့ ဗိုလ်ချုပ်တွေ တစ်ယောက်မှ မရှိတော့ဘူး။ တကယ်တော့ လက်ရှိ ရှိနေတဲ့ ဗိုလ်ချုပ်တွေကို ဖြုတ်ပစ်လိုက်ရမှာ။ ဖြုတ်ပြီးတော့မှ သူ့အာဏာတည်ဆောက်လို့ ရမယ်။ ဖြုတ်နိုင်တဲ့ အနေအထား သူ့မှာ မရှိဘူး။ သူကိုယ်တိုင် အဖြုတ်ခံလိုက်ရတဲ့ သဘောပဲ'* လို့ ပြောခဲ့တယ်။

ဒီအချက်ကို ထောက်ခြင်းဖြင့် စစ်သမိုင်းပြတိုက်ဖွင့်ပွဲကို ဗိုလ်နေဝင်း တက်လာတာ ဗိုလ်စောမောင် မသိခြင်းဟာ ဗိုလ်နေဝင်းက အချက်ပြလိုက်တာ ဖြစ်သလို ဗိုလ်ခင်ညွန့်က ထိမ်ချန်ထားခြင်းဖြင့် အချက်ပြလိုက်တာလည်း ဖြစ်နိုင်ပါတယ်။ ဒါကိုတော့ သမိုင်းအမှန်ဖော်ထုတ်ရေးကို နဝတကာလတစ်လျှောက်လုံး ဟစ်ကြွေးခဲ့တဲ့ ဗိုလ်ခင်ညွန့် အဖြေပေးရတော့မှာပါ။

အချို့သတင်းရပ်ကွက်တွေရဲ့ အပြောအရဆိုရင် အဲဒီနောက်ပိုင်း ဗိုလ်စောမောင်ကိုယ်တိုင်ကလည်း ဗိုလ်သန်းရွှေ ဗိုလ်ခင်ညွန့်တို့အပါအဝင် နဝတအဖွဲ့ဝင် '၇' ဦးကို ထုတ်ပစ်ဖို့ ကြေညာချက်ရေးခိုင်းပြီးသားလို့ ဆိုပါတယ်။ အဲဒီကြေညာချက်ကို ထုတ်ပြန်ပေးဖို့ တာဝန်ခံထားသူက သစ္စာဖောက်ပြီး သတင်းပေးလိုက်တဲ့အတွက် ဗိုလ်ခင်ညွန့်၊ ဗိုလ်သန်းရွှေတို့က လက်ဦးမှုအရယူခဲ့ကြတယ်လို့ လူထုကြားမှာ တစ်ချိန်က ကျယ်ကျယ်လောင်လောင် သတင်းထွက်ခဲ့ဖူးပါတယ်။

*'ဗိုလ်စောမောင်ကို ဖယ်ထုတ်ဖို့အတွက် အားလုံးအတူတူလက်တွဲခဲ့ပြီး ဖြစ်လာတာလား။ ဘယ်သူ့အကြံအစည်ပါလဲ'* ဆိုတဲ့ ကိုရော်နီငြိမ်းရဲ့ အမေးကိုတော့ ဗိုလ်မှူး အောင်လင်းထွတ်က...

*'အဲဒီအပိုင်းမှာတော့ ဗိုလ်ချုပ်ကြီးခင်ညွန့်လည်း ပါတယ်ခင်ဗျ။ တစ်ဖက်မှာလည်း ဗိုလ်ချုပ်ကြီး စောမောင်အနေနဲ့ ဦးနှောက်ဖောက်သွားတာလည်း မှန်သင့်သလောက် မှန်ပါတယ်။ ဒါပေမဲ့ ဒီလောက်ကြီးတော့ ရက်ရက်စက်စက် မလုပ်သင့်ဘူး။ ဗိုလ်ချုပ်မှူးကြီးစောမောင်ကို မဖြုတ်ခင်မှာ သူ့ကို အရင်ဆုံး ဗိုလ်ချုပ်ကြီး စောမောင် မသိအောင် အရင် အင်္ဂလန်သံအမတ်ကြီးလုပ်သွားတဲ့ ဗိုလ်မှူးချုပ်ကျော်ဝင်း။ အဲဒီတုန်းက ဆေးဝန်ထမ်းညွှန်ကြားရေးမှူးပါ။ သူက ရန်ကုန်မှာ ရှိတဲ့ ဗိုလ်ချုပ်တွေကို ဗိုလ်ချုပ်ကြီး စောမောင်ရဲ့ ကျန်းမာရေးနဲ့ပတ်သက်ပြီး briefing လုပ်ပေးရတယ်။ တကယ့်အစည်းအဝေးကြီးမှာ မဟုတ်ဘူး။ ကျိတ်ပိုင်းပေါ့ဗျာ'* လို့ အခြေအနေကို ရှင်းပြခဲ့ပါတယ်။

အဲဒီတုန်းက 'ဗိုလ်ချုပ်မှူးကြီးစောမောင် စိတ်ကယောက်ကယက်ဖြစ်တဲ့ဆေး အတိုးခံလိုက်ရတယ်' ဆိုတဲ့ အသံတွေ ညံ့စီသွားခဲ့ဖူးတယ်။ တကယ်ပဲ ဆေးမိသွားသလား။ အာဏာလွှဲရေး၊ မလွှဲရေး ဖိအားကပဲ ပြင်းထန်ခဲ့သလားဆိုတာကတော့ ဗိုလ်ခင်ညွန့်နဲ့ ဗိုလ်သန်းရွှေတို့ ကာယကံရှင်တွေပဲ သိကြမှာပါ။

ဘယ်လိုပဲဖြစ်ဖြစ် ဗိုလ်မှူး အောင်လင်းထွတ်ရဲ့ ထွက်ချက်တွေအရဆိုရင် ဗိုလ်ချုပ်မှူးကြီး စောမောင်ဆီက အာဏာကို လုယူဖို့ ပြင်ဆင်နေခဲ့တာ အသေအချာပါ။ ဦးစွာပထမ ဗိုလ်နေဝင်း တက်လာတဲ့ 'တပ်မတော်စစ်သမိုင်းပြတိုက်' ဖွင့်ပွဲမှာ ဗိုလ်စောမောင်ကို သီးခြားခွဲထုတ်ပြလိုက်ပါတယ်။ ဒုတိယအဆင့်ကတော့ ဆေးဝန်ထမ်း၊ ညွှန်ကြားရေးမှူး ဗိုလ်မှူးချုပ်ကျော်ဝင်းကတစ်ဆင့် ဗိုလ်စောမောင်ရဲ့ ကျန်းမာရေး မကောင်းတော့ကြောင်း တပ်မတော် ထိပ်ပိုင်းခေါင်းဆောင်တွေကို ထင်မြင်ချက်တည်ဆောက် ရှင်းပြနိုင်းခဲ့ပါတယ်။ ဗိုလ်စောမောင် ရူးသွားပြီလို့ မြင်လာအောင် အဆွယ်နိုင်းတဲ့ သဘောပါ။ ကျိတ်ပိုင်းဆွေးနွေးတဲ့ သဘောကတော့ သူတို့ယုံကြည်တဲ့ စစ်ရေးချုပ်တို့၊ စစ်ထောက်ချုပ်တို့ အစရှိတဲ့ သူတွေကို အာဏာသိမ်းတော့မယ့် အကြောင်း အရိပ်အမြွက် hint ပေးတဲ့ သဘောလည်း ဖြစ်ပါတယ်။ ဒီကိစ္စကိုတော့ ဗိုလ်မှူးအောင်လင်းထွတ်က

*'မှန်ပါတယ် ခင်ဗျ။ hint ပေးတဲ့ သဘောပါ။ ဗိုလ်ချုပ်ကြီးခင်ညွန့်*

က ဗိုလ်ချုပ်ကြီးသန်းရွှေကို တင်ပြပြီးတော့မှ စီစဉ်တယ်လို့ ကျွန်တော်တို့ သိရတယ်' လို့ ပြောခဲ့ပါတယ်။ သူတို့စီစဉ်ကြတဲ့အပိုင်းမှာ တိုင်းမှူးတွေအပါအဝင် တပ်မတော်ရဲ့ ထိပ်ပိုင်းခေါင်းဆောင်တွေကို အာဏာခွဲမပေးရေး။ ဗိုလ်ချုပ်မှူးကြီးစောမောင်ထံက အာဏာကို သိမ်းယူရေးတွေအတွက် ပြင်ဆင်ခဲ့ကြပါတယ်။ ဒါနဲ့ပတ်သက်လို့...

'အဲဒီတုန်းက ဗိုလ်မှူးကြီးခင်ညွန့်အပိုင်းက ဘယ်လောက်အထိ လုပ်ပေးသလဲဆိုတော့ နောက်ဆုံးဗိုလ်ချုပ်ကြီး စောမောင်ကို မဖြုတ်မီ ညမှာ ထောက်လှမ်းရေးအရာရှိတွေ၊ တပ်မတော် (လေ) လေယာဉ်ကလေးတွေ၊ P.C လေးတွေနဲ့ တိုင်းတစ်တိုင်း တစ်ယောက်၊ စာအိတ်တစ်အိတ်စီနဲ့ သွားရတယ်ဗျ။ သွားပေးတဲ့ အဲဒီစာအိတ်လေးကို တိုင်းမှူးက ခေါ်ဆောင်လာတဲ့ ထောက်လှမ်းရေးအရာရှိ ရှေ့မှာ ဖွင့်ရတယ်။ ဖတ်ရတယ် ပြီးတော့ တိုင်းမှူးရဲ့ သဘောထားပေါ့။ သဘောတူလား မတူလား အမေးခိုင်းတယ်ဗျ' လို့ ဗိုလ်မှူးဟောင်းအောင်လင်းထွတ်က ဆိုပါတယ်။

ထိုစဉ်က တိုင်းမှူးတွေကတော့ ဗိုလ်ချုပ်ထွန်းကြည်၊ ဗိုလ်ချုပ်မြင့်အောင်တို့အစုတွေပါ။ အဲဒီတိုင်းမှူးအားလုံးဟာ ငြင်းဆိုခြင်းမရှိဘူး။ ခေါင်းညိတ်ခဲ့ကြတယ်လို့ ဆိုပါတယ်။ ဒီလိုလုပ်တာဟာ officially မဟုတ်တဲ့ သဘော။ အစကတည်းက အရိပ်အမြွက်ပြောထားပြီးသားလို့ဆိုပါတယ်။ အဲဒီလိုပြုလုပ်ပြီးမှ ဗိုလ်ချုပ်မှူးကြီးစောမောင်ကို ဖမ်းလိုက်တာပါ။ ဒါနဲ့ပတ်သက်ပြီး ပြောတာကတော့...

'အဲဒီအချိန်မှာ ဗိုလ်ချုပ်ကြီး စောမောင်ရဲ့ မိသားစုဟာ စစ်ရုံး (War office) ဝင်းထဲမှာ ရှိတဲ့ တပ်မတော်ဧည့်ဂေဟာမှာပဲ နေပါတယ် ခင်ဗျ။ ရှစ်လေးလုံးပြီးကတည်းက အဲဒီမှာပြောင်းနေကြတာခင်ဗျ။ ဗိုလ်ချုပ်ကြီးစောမောင် ရုံးတက်ရင် ရုံးနဲ့ အိမ်နဲ့ နီးနီးလေးပေါ့ဗျာ။ ဂိတ်ထဲဝင်ရုံပဲလေ။ အဲဒီနေ့က သတင်းလည်း ကြေညာပြီးရော ဗိုလ်ချုပ်ကြီးစောမောင် တက်စရာ ရုံးမရှိတော့ဘူး။ အဲဒီလိုဖြစ်တာလို့ ဗိုလ်မှူးဟောင်းအောင်လင်းထွတ်က ရှင်းပြခဲ့ပါတယ်။

ဗိုလ်ချုပ်ကြီးစောမောင်ကို ဖြုတ်တဲ့ နေ့မှာ ဗိုလ်ချုပ်ကြီးစော

မောင်ရဲ့ ဇနီး ဒေါ်အေးအေးရီဟာ စစ်ရုံးပေါ် တက်လာပြီး ဗိုလ်ချုပ်ကြီး သန်းရွှေရဲ့ အခန်းကို သွားပြီး လက်ညှိုးငေါက်ငေါက်ထိုးလို့ ဆူပူခဲ့တယ်လို့ ဆိုပါတယ်။ အထူးသဖြင့် ဒေါ်အေးအေးရီပြောတဲ့အထဲမှာ 'ရှင်တို့ တစ်ယောက်နဲ့ တစ်ယောက် အတူတွဲလုပ်လာပြီးမှာ သစ္စာမဲ့ရသလား' ဆိုတာလည်းပါသလို 'ရှင်တို့ ဒီလိုအာဏာယူချင်တယ်ဆိုရင်လည်း သူ့ကို ပြောရင် ပြောလို့ရတာပဲ။ ပြောပြီးမှ လုပ်လည်း ဘာမှ လက်မခံနိုင်စရာ အကြောင်းမှ မရှိတာ' ဆိုတာတွေကို ပြောခဲ့သတဲ့။

အဲဒီနောက်ပိုင်း ဗိုလ်စောမောင်ဟာ စစ်ရုံးဝင်းထဲကနေ အပြင်ထွက်ခွင့်မရှိတော့ပါဘူး။ သူ့အစောင့်တွေကိုလည်း ဗိုလ်သန်းရွှေ လူတွေနဲ့ လဲလှယ်လိုက်ပါပြီ။ နောက်မှ ဗိုလ်စောမောင်ကို အစောင့်အရှောက်တွေနဲ့ သူ့ကိုယ်ပိုင်အိမ်ကို ပို့ပြီး အကျယ်ချုပ်ချထားလိုက်ပါတော့တယ်။ သံဝေဂရစရာပါပဲ။ အဲဒီလိုနဲ့ ဗိုလ်ချုပ်မှူးကြီး စောမောင်ဟာ ကြက်ကလေး၊ ငှက်ကလေး ဖမ်းသလို အဖမ်းခံလိုက်ရပါတော့တယ်။

ဒီအတွက် ဗိုလ်ခင်ညွန့် ဘာတွေ ရလိုက်ပါသလဲ။ ဗိုလ်ခင်ညွန့် ဘာတွေ ခံစားလိုက်ရပါသလဲ။ သူအလွန်ဖြစ်ချင်တဲ့ နံပတ် (၂) လည်း ဖြစ်မလာခဲ့ဘူး။ အဲဒီကာလကသာ ဗိုလ်ခင်ညွန့်တစ်ယောက် ပြည်သူလူထုဘက်က ရပ်တည်ခဲ့မယ်ဆိုရင်. . .

◆ ◆ ◆

# အရပ်သားနိုင်ငံရေးကို
# အသေသတ်ရန် ကြံစည်ကြပုံ (၁)





# အရပ်သားနိုင်ငံရေးကို အသေသတ်ရန် ကြံစည်ကြပုံ (၁)

•

'ပြည်သူလူထု' ဆိုတဲ့ ဝေါဟာရထဲမှာ လူတန်းစားအသီးသီး၊ နှင့်အလွှာအသီးသီး ပါဝင်နေတာပါ။ အဲဒီအလွှာတွေထဲမှာ စစ်သား (လက်နက်ကိုင်အဖွဲ့အစည်း) အလုပ်သမား၊ လယ်သမား၊ စာရေးစာချီ အစိုးရဝန်ထမ်း၊ ကုမ္ပဏီဝန်ထမ်း၊ ကျောင်းသား၊ သာသနာ့ဝန်ထမ်း၊ ရဟန်းများ၊ ဘာသာရေးဝန်ထမ်းများ စသဖြင့် အလွှာအသီးသီးပါဝင်နေပါတယ်။ အဲဒီအလွှာအသီးသီးကို စုပေါင်းပြီး ပြည်သူလူထုလို့ ခေါ်တာ။ အဲဒီထဲမှာ စစ်သား (လက်နက်ကိုင်အဖွဲ့အစည်း) ဆိုတဲ့ အလွှာဟာ တစ်ပြည်လုံးအတိုင်းအတာနဲ့ဆိုရင် တစ်ရာခိုင်နှုန်းတောင် မရှိပါဘူး။ တစ်ရာခိုင်နှုန်းတောင်မရှိတဲ့ အဖွဲ့အစည်းတစ်ရပ်ရဲ့ ကဏ္ဍကို မြှင့်တင်ပြီး အမျိုးသားရေးအထူးတာဝန်တစ်ရပ် သတ်မှတ်ပြီး မပေးသင့် မပေးအပ်ဘဲ တန်းတူညီခွင့်ပြဋ္ဌာန်းချက်အရ ဘယ်လူတန်းစားကိုမှ အမျိုးသားရေးဦးဆောင်မှုကဏ္ဍဆိုပြီး မပေးသင့်ဘူး။ ပေးလိုက်ရင်တော့ ကျန်အလွှာအသီးသီးဟာ တန်းတူညီမှုအခွင့်အရေး ဆုံးရှုံးသွားစေပါတယ်။

ဒါပေမဲ့ ၂၀၀၈ ဖွဲ့စည်းပုံရဲ့ အချက် (၆) ချက် အခြေခံမူ (စ) မှာ 'နိုင်ငံတော်၏ အမျိုးသားနိုင်ငံရေးဦးဆောင်မှု အခန်းကဏ္ဍတွင် တပ်မတော်က ပါဝင်ထမ်းဆောင်နိုင်ရေးတို့ကို အစဉ်တစိုက်ဦးတည်ရန်' လို့ ပါရှိပါတယ်။ ဒီအချက်ဟာ မြန်မာနိုင်ငံမှာရှိတဲ့ လူထုလူတန်း

စားအလွှာအသီးသီးနဲ့ တိုင်းရင်းသားခွေမျိုးစုအပေါင်းတို့ရဲ့ တန်းတူညီ
ခွင့်ကို ပိတ်ပင်တဲ့ အဟန့်အတားဖြစ်စေတဲ့ အချက်ဖြစ်တယ်။

အချက် (၆) (စ) ကို ဘာကြောင့်ထည့်သလဲ။ ဘာလို့လဲ။ အဖြေက ရှင်းရှင်းလေးပါ။ အရပ်သားနိုင်ငံရေး သေသွားအောင်လို့ အမြစ်ဖြတ်ဖို့အတွက် ထည့်ထားတာပဲ ဖြစ်တယ်။ ဒီအချက်နဲ့ ပတ်သက်ပြီး နဝတ၊ နအဖ စစ်အုပ်စုရဲ့ အစီအမံတွေကို တစ်ချက်ချင်း ပြန်ကြည့်ဖို့လိုပါမယ်။ ဒီလိုကြည့်ဖို့အတွက် နဝတ၊ နအဖတို့ရဲ့ မင်းဆိုးမင်းညစ်ကာလကို ပြန်လှည့်ကြရအောင်။ အရပ်သားနိုင်ငံရေးကို အသေသတ်ဖို့အတွက် ဦးစွာပထမ NLD ကို အမြစ်ပြတ်ချေမှုန်းရေး အရင်လုပ်ခဲ့တာပါ။

တကယ်တော့ ၁၉၉၀ ခုနှစ်ရဲ့ ရွေးကောက်ပွဲရလဒ်ကို ဗိုလ်နေဝင်းကိုယ်တိုင် အံ့အားသင့်သွားစေခဲ့တာပါ။ ဒေါ်အောင်ဆန်းစုကြည် ခေါင်းဆောင်တဲ့ NLD ဟာ လူထုထောက်ခံမှု ဒီလောက်ထိ ရလိမ့်မယ်လို့ ထင်ခဲ့ဟန် မတူပါဘူး။ အဲဒီလို လူထုထောက်ခံမှုအပြည့်ရှိပြီး ဒေါ်အောင်ဆန်းစုကြည်ကို လူထုခေါင်းဆောင်အဖြစ်အသိအမှတ်ပြုလိုက်တာကိုပါ ကျေနပ်ဟန် မရှိခဲ့ပါဘူး။ ဒေါ်အောင်ဆန်းစုကြည် လူထုခေါင်းဆောင်အဖြစ် စတင်အသိအမှတ်ပြု ထုတ်ဖော်လိုက်တာကတော့ မန္တလေး အခြေစိုက် 'အမျိုးသားနိုင်ငံရေးတပ်ပေါင်းစု' ကပါပဲ။ အဲဒီပါတီဟာလည်း ဒေါ်အောင်ဆန်းစုကြည်ကို 'လူထုခေါင်းဆောင်' အဖြစ် အသိအမှတ်ပြုပြီး မကြာမီ ပါတီရဲ့ ထိပ်ပိုင်းခေါင်းဆောင်တွေသာမက အဖွဲ့ဝင်အချို့ပါ ဝိုက်စိပ်တိုက် ဖမ်းဆီးလိုက်ပါတော့တယ်။ 'အမျိုးသားနိုင်ငံရေးတပ်ပေါင်းစု' ဟာ NLD ရဲ့ မဟာမိတ်အဖွဲ့တစ်ခု ဖြစ်ခဲ့လို့ပါပဲ။

အဲဒီနောက် ကျန်မဟာမိတ်အဖွဲ့အစည်း အသီးသီးကိုလည်း ဖမ်းဆီးပြန်ပါတယ်။ NLD လူငယ်အဖွဲ့တွေနဲ့ ကျောင်းသားသမဂ္ဂအသီးသီးလည်း ထောင်ထဲမှာပါ။ ၈၈ ရဲ့ တက်ကြွစွာ ပါဝင်ခဲ့သူအပေါင်းလည်း ထောင်ထဲမှာပါ။ အဖမ်းမခံလိုသူတွေကတော့ နယ်စပ်ဒေသ ABSDF ရှိရာ ရှောင်တိမ်းလွတ်မြောက်သွားခဲ့ကြပါတယ်။ ဗိုလ်ချုပ်မှူးကြီး စောမောင် ထံက အာဏာလု မယူမီကတည်းက NLD ကို အာဏာမအပ်ရေးကို

ဗိုလ်ခင်ညွန့်နဲ့အပေါင်းပါများဟာ ကြိုတင်စီမံခဲ့ကြတာပါ။ ဗိုလ်မှူးအောင်လင်းထွတ်ရဲ့ ထွက်ချက်တွေအရဆိုရင် NLD ကို အာဏာမအပ်ရေးကိစ်မှာ ဗိုလ်ခင်ညွန့်ဟာ လှုပ်ရှားတက်ကြွစွာ ပါဝင်ခဲ့သူပါ။ နောက်ဆုံးမှာတော့ NLD ကို အာဏာမအပ်ရေးသာမကတော့ဘဲ ၉၀ ရွေးကောက်ပွဲရလဒ်ကို ဖေ့ဖျက်ဖို့ မှေးမှိန်အောင်ပါ လုပ်ဆောင်လာကြပါတော့တယ်။

၁၉၉၂ ထဲမှာတော့ နိုင်ငံရေးလှုပ်ရှားတက်ကြွသူအနည်းငယ်သာ ပြင်ပမှာ ကျန်ရှိပါတော့တယ်။ ဒီတော့မှ အလွယ်တကူပဲ ဗိုလ်စောမောင်ထံက အာဏာကို လုယူပြီး ဗိုလ်သန်းရွှေဟာ နဝတဥက္ကဋ္ဌ အဖြစ်တက်လာပါတော့တယ်။ ဗိုလ်သန်းရွှေ တက်လာပြီး NLD ကို တစ်စစီဖြိုခွဲရေး မဟာဗျူဟာတစ်ရပ် ရေးဆွဲ လုပ်ဆောင်လာခဲ့ပါတော့တယ်။ ဒါနဲ့ပတ်သက်ပြီး ဗိုလ်မှူးအောင်လင်းထွတ်က...

'အဓိကကတော့ အဲဒီအချိန် အဲဒီအခါကတည်းက NLD အမြစ်ပြတ်ချေမှုန်းရေးဆိုတာကို လုပ်ခဲ့တာ။ လူတွေ ထင်နေကြတာက NLD အမြစ်ပြတ်ချေမှုန်းရေးဆိုတာ မတရားသင်းကြေညာတဲ့အခါမှ ပျက်တယ်လို့ ထင်ခဲ့ကြတာကိုး။ NLD ရဲ့ ခြေတွေ လက်တွေ အားလုံးကို ဖြတ်ပြီးတော့မှ ခေါင်းလောက်ကိုပဲ ထားခဲ့တဲ့အနေအထားမျိုးတွေ့ရမှာ ဖြစ်ပါတယ်' လို့ ထွက်ဆိုခဲ့ပါတယ်။

ထိုစဉ်က နအဖ အဖွဲ့ရဲ့ ဗိုလ်ခင်ညွန့်၊ ဗိုလ်သန်းရွှေ စစ်တပ်က NLD အပေါ် လုပ်ခဲ့တဲ့ လုပ်ရပ်တွေကို ကြည့်ရင် ဗိုလ်မှူးအောင်လင်းထွတ် ထွက်ချက်တွေဟာ အမှန်တွေပါ။ NLD ပါတီဟာ အင်အားအကြီးဆုံးအဖွဲ့အစည်းကြီးပါ။ ဒီအဖွဲ့အစည်းကို အမြစ်ဖြတ် ချေမှုန်းလိုက်ရင် အမျိုးသားနိုင်ငံရေးအမြစ်ပြတ်ပြီလို့ ယူဆခဲ့ဟန် ရှိပါတယ်။ ဒါကြောင့် မည်း ဦးစွာပထမ ဆရာဦးဝင်းတင်ကို ၁၉၈၉ ဇူလိုင် (၄) ရက်နေ့မှာ ထောင်ဖမ်းဆီးလိုက်ပါတယ်။ ပြီးတော့ ထောင်ဒဏ် သုံးနှစ်ချမှတ်ခဲ့ပါတယ်။ မှတ်မှတ်ရရ ဦးဝင်းတင်ကို ထောင်ဒဏ်ချတဲ့ နေ့မှာပဲ ထောင်ချပြီး ပြန်လာတဲ့ ဥပဒေအကျိုးဆောင်နဲ့ တရားသူကြီးတို့ဟာ ထောင်ဝင်းထဲက လက်ဖက်ရည်ဆိုင်မှာ ထိုင်ရင်း ဦးဝင်းတင်ရဲ့ အမှုတွဲဖိုင်ကို

'ဘုန်း' ခနဲ လက်ဖက်ရည်စားပွဲပေါ် ပစ်ချရင်း 'ငါတော့ ဘဝတစ်လျှောက်လုံး ပြင်လို့ မရတဲ့ အမှားတစ်ခုတော့ ကျူးလွန်ခဲ့ပြီဗျာ' လို့ ညည်းတွားခဲ့တာ မျက်မြင်ကိုယ်တွေ့ပါ။

ဦးဝင်းတင်ကို ထောင်ချခြင်းဟာ အမှန်တကယ် ပြစ်မှုမမြောက်တဲ့ ကိစ္စပါ။ တစ်ဆင့်ကြားစကားဟာ အမှုမမြောက်တာမို့ ဆွဲချ (ဥပဒေအကျိုးဆောင်) ကိုယ်တိုင်ကတောင် လက်မခံပါဘူး။ ဒါပေမဲ့ စစ်တပ်ဩဇာအာဏာကို မလွန်ဆန်နိုင်တဲ့အဆုံး တောင်းတော်ငြိမ့်စိတ်တော်သိ လုပ်ပေးခဲ့ကြပါတယ်။ ဦးဝင်းတင်ကို ဖမ်းလိုက်တာကလည်း NLD ရဲ့ 'ဦးနှောက်' လို့ ယူဆပြီး ဖမ်းလိုက်ကြတာပါ။ စစ်တပ်က ဦးဝင်းတင်ကို အဲဒီလောက် ကြောက်လန့်ဟန် ရှိပါတယ်။ ဦးဝင်းတင်ကို ဖမ်းပြီးတဲ့နောက် ပြည်သူလူထုအပေါ် ဩဇာညောင်းတဲ့ ဒေါ်အောင်ဆန်းစုကြည်လည်း ဘယ်နေမလဲ၊ ၁၉၈၉ ဇူလိုင် ၁၉ ရက်နေ့မှာ နေအိမ်ကျယ်ချုပ်နဲ့ ဖမ်းဆီးခဲ့လိုက်ပါတော့တယ်။ နောက်တော့ ဦးသော်က၊ ဦးကိုယု၊ မောင်မိုးသူ အစရှိတဲ့ NLD ရဲ့ ထိပ်ပိုင်းခေါင်းဆောင်တွေကို ဖမ်းလိုက်ပါတယ်။

ထိပ်ပိုင်းခေါင်းဆောင်တွေအလှည့် ပြီးတော့ NLD လူငယ်အဖွဲ့၊ တတ်သိပညာရှင်တွေ ပြီးတော့ ပြည်သူလူထုက မဲထည့်ပေးပြီး ကိုယ်စားလှယ်အဖြစ် ရွေးချယ်ခြင်းခံရတဲ့ လွှတ်တော်အမတ်တွေ တသုတ်ပြီး တသုတ် ဖမ်းဆီးခဲ့တယ်။ NLD ရဲ့ မြို့နယ် ဥက္ကဋ္ဌတွေ၊ အမှုဆောင်တွေကအစ တစ်စတစ်စခြင်း အမြစ်ဖြုတ်ခဲ့တယ်။ NLD ကို ဒီလိုချေမှုန်းရုံနဲ့အားမရသေးပဲ ထပ်ပြီး လုပ်ဆောင်လာတာကို ဗိုလ်မှူးအောင်လင်းထွတ်က

*'NLD ကလည်း အဲဒီအချိန်မှာ ဒေါ်အောင်ဆန်းစုကြည်တို့ အထဲ ရောက်နေပါတယ်။ အထဲရောက်တဲ့အခါမှာ ဘာလုပ်ဖြားခဲ့ပြန်သလဲဆိုတော့ အခုဦးအောင်ရွှေတို့၊ ဦးလွင်တို့ကို ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ချုပ်ကပ်နိုင်းပြီးတော့မှ ဒေါ်အောင်ဆန်းစုကြည်ကို ပါတီအထွေထွေ အတွင်းရေးမှူးရော၊ ပါတီတွင်းကပါ ရပ်စဲပေးပါလို့ဆိုတဲ့ မေတ္တာရပ်ခံချက်ကို အရင်ဆုံး သွေးတိုးစမ်းခဲ့ပါတယ်'* လို့ VOA တွေ့ဆုံခန်းမှာ

ညွှန်ကြားခဲ့ပါတယ်။


အဲဒီလိုနဲ့ ဗိုလ်သန်းရွှေ အာဏာလုယူပြီးချိန်က စပြီး NLD အမြစ်ပြတ်ချေမှုန်းရေး စတင်လုပ်ဆောင်ခဲ့တာပါ။ အဲဒါကို လိုက်ပါက ပြောသူတွေဟာ နအဖတစ်ဖွဲ့လုံးပါပဲ။ အမြစ်ပြတ်ချေမှုန်းရေး စတင်ချိန်မှာ အဓိကတာဝန်ရှိသူက ဗိုလ်သန်းရွှေ၊ ဗိုလ်ခင်ညွန့်နဲ့ ဗိုလ်ချုပ်ကြီး တင်ဦး (လေယာဉ်ပျက်ကျသေဆုံး) တို့ပါပဲ။ ဒါကိုတော့...

*'အဲဒီတော့ ဗိုလ်ချုပ်မှူးကြီး သန်းရွှေ ၁၉၉၂ ဧပြီလ၊ အာဏာရယူခဲ့တဲ့နောက်ပေါ့ ခင်ဗျာ၊ ဗိုလ်ချုပ်မှူးကြီး သန်းရွှေက စစ်သားထက် တော်ကျင် နိုင်ငံရေးဘက်ကို ပိုပြီးအားသန်တဲ့လူပါ။ အဲဒီတော့ မှတ်မိပါသေးတယ်၊ အမျိုးသားညီလာခံကို ၁၉၉၃ ခုနှစ်မှာ လုပ်ပေးမယ်ဆိုပြီးတော့ ကြေညာခဲ့ပါတယ်။ အဲဒီကြေညာချက်မတိုင်ခင်မှာ ကျွန်တော်တို့ ဦးတည်ရမယ့် ဦးတည်ချက်ဆိုပြီးတော့ ကျွန်တော်တို့ စဉ်းစားကြပါတယ်။ အဲဒီတုန်းက ဗိုလ်ချုပ်မှူးကြီး မောင်အေး မရောက်သေးဘူးခင်ဗျ။ ဗိုလ်ချုပ်ကြီး ခင်ညွန့်၊ ဗိုလ်ချုပ်ကြီး တင်ဦး၊ ဗိုလ်ချုပ်မှူးကြီး သန်းရွှေတို့ [illegible]ဘက်ပေါ့ဗျာ'* တဲ့။ ဗိုလ်မှူးအောင်လင်းထွတ်ရဲ့ ပြောပြချက်ပါ။

NLD အမြစ်ပြတ်ချေမှုန်းရေးအတွက် ညီလာခံ မလုပ်မီမှာ ကြေညာမီမှာ အဆိုပါ ပုဂ္ဂိုလ်သုံးဦးဟာ ကြိုတင်ပြင်ဆင်ခဲ့ကြပါတယ်။ ကြိုတင်ပြင်ဆင်ချက်ဟာ ဘာတွေလဲ၊ ဘယ်လိုလုပ်ဆောင်ခဲ့ကြသလဲ ဆိုတာကိုတော့ ဆက်လက်တင်ပြပါဦးမယ်။

◆ ◆ ◆

# အရပ်သားနိုင်ငံရေးကို
# အသေသတ်ရန် ကြံစည်ကြပုံ (၂)


TIME
OLYMPICS
GOOD TIMES IN NORWAY
The Lady and
The General
Burma's Aung San Suu Kyi and Khin Nyunt

# အရပ်သားနိုင်ငံရေး အသေသတ်ရန် ကြံစည်ကြပုံ (၂)

ဒီလိုနဲ့ ပထမပိုင်းမှာ NLD အမြစ်ပြတ်ချေမှုန်းရေး ပြုလုပ်ပြီး ဒီနောက်ပိုင်း အရပ်သားနိုင်ငံရေးကို အသေသတ်ကြဖို့ စစ်အုပ်စုဟာ တစ်ဆင့်တက်ပြီး ကြံစည်ကြပြန်ပါတယ်။ ဒီအစီအစဉ်ကတော့ ဗိုလ်သန်းရွှေ အာဏာသိမ်းပြီးနောက် စတင်ခဲ့တဲ့ အကြံအစည်ပါ။ အရပ်သားနိုင်ငံရေးကို အမြစ်ဖြုတ်ပစ်ရမယ်လို့ ဗိုလ်သန်းရွှေက ဆုံးဖြတ်ချက်ချမှတ်ခဲ့တယ်။ ဒါဟာ မဆလ ဥက္ကဋ္ဌကြီး ဗိုလ်နေဝင်းရဲ့ အစဉ်အလာတစ်ခုပဲ။ အဲဒီလို အရပ်သားနိုင်ငံရေးကို ချေမှုန်းဖို့အတွက် အမျိုးသားညီလာခံဆိုတာကို လေသံတောင် မဟမီကတည်းက ကြိုတင်ကြံစည်ခဲ့ပုံကို ဗိုလ်မှူး အောင်လင်းထွတ်က...

*'အမျိုးသားညီလာခံကို (၁၉၉၃)မှာ လုပ်ပေးမယ်ဆိုပြီး ကြေညာခဲ့တယ်။ အဲဒီကြေညာချက် မတိုင်ခင်မှာ ကျွန်တော်တို့ ဦးတည်ရမယ့် ဦးတည်ချက်ဆိုပြီးတော့မှ ကျွန်တော်တို့ ဆွေးနွေးကြတယ်။ အဲဒီအချိန်မှာ ဗိုလ်ချုပ်ကြီး မောင်အေးမရောက်သေးဘူးခင်ဗျ။ ဗိုလ်ချုပ်မှူးကြီး သန်းရွှေ ဗိုလ်ချုပ်ကြီး တင်ဦးနဲ့ ဗိုလ်ခင်ညွန့် သုံးယောက်ပေါ့ဗျာ။ အဲဒါက အခုဆိုတော့ တပ်မတော်ရဲ့ ဦးဆောင်မှုအခန်းကဏ္ဍကို မြန်မာ့နိုင်ငံရေးမှာ ထည့်သွင်းဖို့ဆိုတဲ့ ကဏ္ဍဖြစ်ပါတယ်'* လို့ ထွက်ဆိုခဲ့ပါတယ်။

အဲဒီလို တပ်မတော်ရဲ့ ဦးဆောင်မှုကဏ္ဍကို မြန်မာ့နိုင်ငံရေးမှာ

ထည့်သွင်းခြင်းဟာ ဗိုလ်သန်းရွှေရဲ့ တင်ကူးကြံဆချက်ပါ။ ဘာလို့ ဒီလို ထည့်သွင်းရသလဲဆိုတာကိုတော့ ဗိုလ်မှူး အောင်လင်းထွတ်က...

*'အဲဒီအချိန်မှာ ဗိုလ်ချုပ်ကြီး တင်ဦးရော၊ ဗိုလ်ချုပ်ကြီး ခင်ညွန့်ကပါ ဗိုလ်ချုပ်မှူးကြီး သန်းရွှေကို ပြောပါတယ်။ ဒီတပ်မတော်ရဲ့ ဦးဆောင်မှုအခန်းကဏ္ဍကို ဗဟိုနိုင်ငံရေးမှာ ထည့်သွင်းဖို့ဆိုလို့ရှိရင် မြန်မာပြည်မှာ အရပ်သားနိုင်ငံရေး သေသွားလိမ့်မယ်။ အရပ်သားနိုင်ငံရေးဆိုတာ ရှိတော့မှာ မဟုတ်ဘူးဆိုပြီး ပြန်ပြီးတော့ ပြောခဲ့တာတွေ ရှိပါတယ်။ ဗိုလ်ချုပ်မှူးကြီး သန်းရွှေက ဘာပြောခဲ့သလဲဆိုတော့ အရပ်သားနိုင်ငံရေး ဗမာပြည်မှာ ပျောက်သွားတော့ မကောင်းဘူးလားကွ...'* လို့ ပြောကြားထွက်ဆိုခဲ့ပါတယ်။

ဒါကို ကြည့်လိုက်တာနဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေရဲ့ ပုဒ်မ ၆ (စ) ဟာ အရပ်သားနိုင်ငံရေးအလုံးစုံ ချုပ်ငြိမ်းဖို့အတွက် ထည့်ထားတာကလွဲပြီး တခြားဘာအကြောင်းတရားမှ မရှိဘူးဆိုတာ သိသာနိုင်ပါတယ်။ အောင်လင်းထွတ်ရဲ့ အဲဒီထွက်ဆိုချက်တွေအရ ဗိုလ်ချုပ်မှူးကြီးသန်းရွှေဟာ အဓိကတရားခံပါပဲ။ ဗိုလ်ခင်ညွန့်နဲ့ ဗိုလ်တင်ဦးတို့နှစ်ဦး ပါဝင်ပတ်သက်ခြင်း ရှိမရှိကိုတော့ ဆက်ကြည့်ကြရအောင်ပါ။ ဗိုလ်မှူးအောင်လင်းထွတ်ကတော့ သူ့ဆရာက 'ဒီလိုဆိုရင် အရပ်သားနိုင်ငံရေး သေသွားလိမ့်မယ်။ အရပ်သားနိုင်ငံရေးဆိုတာ ရှိတော့မှာ မဟုတ်ဘူး' လို့ ပြန်ပြောခဲ့ကြောင်း ထွက်ဆိုသွားပါတယ်။ ဒါပေမဲ့ အရပ်သားနိုင်ငံရေးကို အသေသတ်ဖို့ ဗိုလ်ခင်ညွန့်ကိုယ်တိုင် ဘာတွေလုပ်ခဲ့သလဲ။ စစ်တပ်က ဘာတွေ ညစ်ပတ်ခဲ့သလဲဆိုတာ ပြန်လေ့လာကြည့်ရအောင်။

နဝတအစိုးရတက်ပြီး ထုတ်ပြန်ခဲ့တဲ့ ၁၄/၈၉ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေ၊ အခန်း ၃/ပုဒ်မ ၃ မှာ 'ရွေးချယ်ခံရသော လွှတ်တော်ကိုယ်စားလှယ်များဖြင့် ပြည်သူ့လွှတ်တော် ဖွဲ့စည်းရမည်။ ထိုရွေးကောက်ပွဲများသည် အမျိုးသားဥပဒေပြုလွှတ်တော်ကို ဖွဲ့စည်းပေးစေနိုင်မည်' လို့ ထုတ်ပြန်ခဲ့တယ်။ အဲဒီထုတ်ပြန်ချက်တွေနဲ့ပဲ NLD ဟာ ၁၉၉၀ ရွေးကောက်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပါတယ်။ အဲဒီရွေးကောက်ပွဲမှာ NLD က အမတ်ဦးရေ ၄၈၅ နေရာအနက် ၃၉၂ နေရာ အနိုင်ရခဲ့

ဘယ်။ ဒုတိယ အမတ်ဦးရေ အများဆုံးက 'ရှမ်းအမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်' ပါ။

ရွေးကောက်ပွဲမှာ NLD လည်း အနိုင်ရရော ၁၄/၈၉ မှာပါ တဲ့ 'အရွေးချယ်ခံရသော လွှတ်တော်ကိုယ်စားလှယ်တွေနဲ့ ပြည်သူ့လွှတ် တော်အဖွဲ့စည်းရမည်' ဆိုတဲ့ အချက်ကို လျစ်လျူရှုခဲ့တယ်။ ဒါ့အပြင် ၁၄/၈၉ ကို ဆန့်ကျင်ပြီး ၁/၉၀ ကို ထုတ်ပြန်လိုက်ပါတော့တယ်။ ၁/၉၀ မှာ 'အထွေထွေရွေးကောက်ပွဲတွင် ပါဝင်ခဲ့ကြသော ပါတီအများစု၏ ဆန္ဒမှာ ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်ရေးဆွဲရေး ဖြစ်သည်။ ထို့ကြောင့် လက်ရှိ အခြေအနေ၌ ပြည်သူက ရွေးချယ်ထားသော ကိုယ်စားလှယ်များသည် အနာဂတ်ဒီမိုကရေစီနိုင်ငံအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ရေးဆွဲရန် တာဝန်ရှိသူများ ဖြစ်သည်' လို့ ပါရှိပါတယ်။ '၁၄/၈၉ ရဲ့ ပြည်သူ့လွှတ် တော်ဖွဲ့စည်းရေး'ကို ပြောင်ပြောင်တင်းတင်း ဆန့်ကျင်ပြီး 'အခြေခံ ဥပဒေသစ်ရေးဆွဲရန် တာဝန်ရှိသူများဖြစ်သည်' လို့ တိုင်းပြုပြည်ပြုရွေး ကောက်ပွဲအဆင့်ကို နှိမ့်ချလိုက်ပြန်ပါတယ်။

အနိုင်ရပါတီ NLD ရဲ့ အနေအထားဟာ ပြည်သူ့လွှတ်တော် [illegible] ဖွဲ့စည်းခွင့် မရ။ အာဏာလည်း အပ်နှံခြင်း မရှိ။ တကယ်တမ်း အခြေခံဥပဒေရေးဆွဲဖို့ တာဝန်ရှိသူဆိုပေမဲ့ သူတို့မှာ ဘာလုပ်ပိုင်ခွင့်မှမရှိ။ စစ်အစိုးရဟာ ကတိကဝတ်ကို ဖျက်သိမ်းဖို့အတွက် ရွေးကောက်ခံကိုယ် စားလှယ်များကို အမျိုးမျိုးအကြောင်းရှာပြီး ဖမ်းဆီးခြင်း၊ ထိန်းသိမ်းခြင်း၊ [illegible]ခံလိုက်ခြင်း၊ စစ်ဆေးမေးမြန်းခြင်းစတဲ့ အနှောင့်အယှက် အမျိုးမျိုးပေးခဲ့ကြတယ်။ (၂) နှစ်လောက်ကြာပြီးမှ ဖွဲ့စည်းပုံအသစ်ရေး ဆွဲဖို့အတွက် အမျိုးသားညီလာခံကျင်းပမယ်ဆိုပြီး ဧပြီလ (၂၄)၊ (၁၉၉၂) မှာ ကြေညာခဲ့တယ်။ ဘယ်နေ့၊ ဘယ်ရက်၊ ဘယ်အချိန်မှာ၊ ဘယ်သူ က စတင်ကျင်းပမယ်ဆိုတာတော့ ကြေညာချက်မှာ ပါမလာပါဘူး။ [illegible] ရောက်တဲ့အခါမှာတော့ အဲဒီအချိန်က ရန်ကုန်တိုင်း [illegible] ဗိုလ်ချုပ်ကြီး မျိုးညွန့်ကို ညီလာခံကျင်းပရေးကော်မတီ ဥက္ကဋ္ဌ [illegible] ညီလာခံကျင်းပရေးကော်မတီကို ဖွဲ့စည်းလိုက်ပါတော့ [illegible]

၁/၉၀ အရ 'အခြေခံဥပဒေသစ် ရေးဆွဲရန် တာဝန်ရှိသူများဖြစ်သည်' ဆိုတဲ့ အချက်လည်း ချောင်အထိုးခံလိုက်ရပါတော့တယ်။ ဒီလိုနဲ့ ၁၉၉၂ ဇူလိုင် (၁၀) ရက်နေ့မှာတော့ အမျိုးသားညီလာခံကိုယ်စားလှယ် (၇၀၂) ဦးရဲ့ အမည်စာရင်းကို ထုတ်ပြန်ကြေညာပြန်ပါတယ်။ အဲဒီမှာလည်း ၁၉၉၀ ရွေးကောက်ပွဲ အနိုင်ရကိုယ်စားလှယ် ၉၉ ဦးသာ ပါဝင်ပါတယ်။ ရာခိုင်နှုန်းအားဖြင့် ၁၅ ရာခိုင်နှုန်းသာ ရှိပါတယ်။ ညီလာခံကိုယ်စားလှယ်အများဟာ စစ်အစိုးရက ရွေးချယ်တဲ့ မြို့နယ်အဆင့် အရာရှိဆိုးတွေသာ ဖြစ်နေခဲ့ပါတယ်။ တကယ်ဆိုရင် NLD ရွေးကောက်ခံကိုယ်စားလှယ်များက ဦးဆောင်ကျင်းပကြရမှာပဲ ဖြစ်တယ်။ စစ်အစိုးရက ထုတ်ပြန်တဲ့ ၁/၉၀ မှာ ဒီအတိုင်း ဆိုထားပါတယ်။

စစ်အစိုးရဟာ NLD ရဲ့ နေရာကို လုယူခဲ့ရုံသာမက ၁၉၉၂ အောက်တိုဘာ (၂) ရက်နေ့မှာတော့ ၁၃/၉၂ ကို ကြေညာပြီး ဦးတည်ချက် (၆) ချက်ကို ကြေညာခဲ့ပြန်ပါတယ်။ အဲဒီဦးတည်ချက် (၆) ချက်ဟာ အခုဖွဲ့စည်းပုံ အခြေခံဥပဒေပါ 'အခြေခံမူများ' ကမှ စလုံးအထိ အချက်တွေပါပဲ။ ဒီအချက်တွေဟာ 'ဗိုလ်သန်းရွှေ ဗိုလ်တင်ဦး (အတွင်းရေးမှူး-၂)နဲ့ ဗိုလ်ခင်ညွန့်တို့ရဲ့ အရပ်သားနိုင်ငံရေး အလုံးစုံချုပ်ငြိမ်းဖို့အတွက် တင်ကူးကြံစည်ထားတဲ့ မဟာဗျူဟာမြောက်အချက်တွေပါပဲ။ အဲဒီအချက် (၆)ချက်ကို ဖွဲ့စည်းပုံမှာ ပါဝင်နိုင်ရေးအတွက် ဘယ်လိုမရိုးမသားလုပ်ခဲ့တယ်ဆိုတာ ကြည့်ကြရအောင်။

အမျိုးသားညီလာခံကို ဘယ်လိုစတင်ခဲ့သလဲ။ ၁၉၉၃ ဇန်နဝါရီ (၉) ရက်နေ့မှာ ဦးတည်ချက် (၆) ချက်ကို ဆုံးဖြတ်ပြီး ဖြစ်တယ်လို့ ကြေညာပြီးမှ အမျိုးသားညီလာခံကို စတင်ကျင်းပခဲ့တာပါ။ ညီလာခံက မဆုံးဖြတ်ရသေးဘဲနဲ့ ဘယ်သူဆုံးဖြတ်ချက်နဲ့ ဆုံးဖြတ်ပြီး ဖြစ်တယ်လို့ ပြောပါသလဲ။ ဒါဟာ ညီလာခံကိုယ်စားလှယ်တွေကို စော်ကားလိုက်တာပါပဲ။ ညီလာခံစတာနဲ့ တစ်ပြိုင်တည်း စစ်အစိုးရရဲ့ လက်ကိုင်တုတ် ညီလာခံကိုယ်စားလှယ်တွေနဲ့ လူမျိုးစုကိုယ်စားလှယ်တွေ အပါအဝင် အတိုက်အခံအုပ်စုများနဲ့ သဘောကွဲလွဲမှုဖြစ်လို့ (၂) ရက်ပဲ ကျင်းပပြီး ညီလာခံကို ရွှေဆိုင်းလိုက်ရပါတယ်။ ဖေဖြေလထဲမှာ ပြန်စတော့လည်း

ဟိုချုပ်ကိုင်တဲ့ နိုင်ငံရေးစနစ်ကို လူမျိုးစုကိုယ်စားလှယ်တွေက လက်ခံလို့ အကြီးအကျယ်အငြင်းအခုံဖြစ်ပြီး ညီလာခံကို ဒုတိယအကြိမ်ရပ်ဆိုင်းလိုက်ရပြန်ပါရောလား။

၁၉၉၃ ဇွန်လထဲမှာ ညီလာခံကို ပြန်စတော့ စလျှင်စချင်းပါပဲ ဗိုလ်ချုပ်ကြီးမျိုးညွန့်က 'အမျိုးသားနိုင်ငံရေး၌ တပ်မတော်က ဦးဆောင်မှုကဏ္ဍရရှိကြောင်း ဖွဲ့စည်းပုံက အာမခံရမည်' လို့ ကြေညာပြီး အမျိုးသားညီလာခံကို ကျင်းပခဲ့ပြန်ပါတယ်။ အခုဖွဲ့စည်းပုံအခြေခံဥပဒေပါ အချက် ၆ (၆) ဟာ ဘယ်သူမှ လက်မခံဘဲ စစ်အစိုးရက ဇွတ်ဝင်ပြီး ပြဋ္ဌာန်းခဲ့တယ်။ အဓမ္မ ထည့်သွင်းခဲ့ပါတယ်။ စကားအသွားအလာအရ ခြိမ်းခြောက်တဲ့ အဆင့်ထိ အဓိပ္ပာယ်ဆောင်နေခဲ့ပါတယ်။ အဲဒီလိုစကား သုံးပြီး ခြိမ်းခြောက်ရုံသာမက ဒေါက်တာအောင်ခင်ဆင့်ကို ညီလာခံဆန့်ကျင်လို့ ဆိုပြီး ဖမ်းဆီးထိန်းသိမ်းလိုက်ပါတော့တယ်။ အမျိုးသားညီလာခံဆန့်ကျင်သူဆိုပြီး နောက်ထပ်ညီလာခံကိုယ်စားလှယ် (၁၂) ဦးအရေးယူခဲ့ပြန်ပါတယ်။ ကဲ အချက် ၆ (၆) လုံးကို ရဖို့အတွက် ဘယ်လို မရိုးမသား လုပ်ဆောင်ခဲ့တယ်ဆိုတာ ပေါ်လွင်နေပါပြီ။ အတွက် ဗိုလ်ခင်ညွန့် ဘယ်လို အကျိုးဆောင်ခဲ့သလဲဆိုတာ ဆက်ကြရအောင်။

♦ ♦ ♦

# အရုပ်သားနိုင်ငံရေးကို အသေသတ်ရန် ကြံ့စည်ကြပုံ (၃)





# အရပ်သားနိုင်ငံရေးကို အသေသတ်ရန် ကြံစည်ကြပုံ (၃)

ရှေ့မှာ ညီလာခံစတာနဲ့ အကြိမ်ကြိမ် ရပ်နားခဲ့ကြောင်း ဖော်ပြခဲ့ပြီး ဖြစ်တယ်။ အဲဒီလိုရပ်နားတာဟာလည်း NLD နဲ့ လူမျိုးစုခေါင်းဆောင်တွေက ညီလာခံရဲ့ အခြေခံမူအချက် (၆) ချက်ကို ငြင်းပယ်တာနဲ့ ဆက်စပ်ပြီး အကြိမ်ကြိမ်ရပ်နားခဲ့ရတာပါ။ ဒါပေမဲ့ ၁၉၉၃ ခုနှစ်၊ ဇွန်လထဲမှာ မျိုးသားညီလာခံကို ပြန်စခဲ့တယ်။ ဇွန်လ ညီလာခံ ပြန်စလျှင်ချင်းပဲ ဗိုလ်ချုပ်ကြီးမျိုးညွန့်က 'အမျိုးသားနိုင်ငံရေး၌ တပ်မတော်က ဦးဆောင်မှုကဏ္ဍရရှိကြောင်း ဖွဲ့စည်းပုံက အာမခံရမည်' ဆိုတဲ့ အမိန့်ကို ကြေညာပြီး ညီလာခံကို ပြန်စခဲ့တာပါ။

ဒီအချက်ဟာ အမျိုးသားညီလာခံကိုယ်စားလှယ်တွေရဲ့ ထောက်ခံမှုနဲ့ အတည်ပြုခဲ့တာ မဟုတ်ဘူး။ အာဏာနဲ့ ဇွတ်ထည့်သွင်းခဲ့တာပါ။ ဒီလိုထည့်သွင်းခြင်း ရည်ရွယ်ချက်ကလည်း ဗိုလ်မှူးအောင်လင်းထွတ်ရဲ့ဆိုချက်အရဆိုရင် အရပ်သားနိုင်ငံရေးကို အသေသတ်ဖို့ ကြိုတင်ပြင်ဆင်ခဲ့တာပဲ မဟုတ်လား။ အဲဒီလို ဇွတ်ပြဋ္ဌာန်းရုံနဲ့ မပြီးသေးဘဲ အခုလို ဩဂုတ်လထဲမှာ လွှတ်တော်ကိုယ်စားလှယ်လည်းဖြစ်၊ အမျိုးသားညီလာခံကိုယ်စားလှယ်လည်းဖြစ်တဲ့ ဒေါက်တာအောင်ခင်ဆင့်ကို စံနမူနာပြုတဲ့အနေနဲ့ 'ညီလာခံဆန့်ကျင်တဲ့ စာရွက်စာတမ်းဖြန့်ဝေ' လို့ [illegible] ဖမ်းဆီးလိုက်ပါတော့တယ်။ အောက်တိုဘာလထဲ ရောက်တော့

ညီလာခံဆန့်ကျင်သူဆိုပြီး ၁၂ ဦး ထပ်ဖမ်းလိုက်ပြန်ပါတယ်။

ညီလာခံမှာ အခုမှဲ့စည်းပုံမှာ ပါတဲ့ ၆ (စ) ကို ညီလာခံကိုယ်စားလှယ်ထဲမှာ အတိုက်အခံအုပ်စုနဲ့ လူမျိုးစုတိုင်းရင်းသားခေါင်းဆောင်တို့က လက်မခံဘဲ ဆန့်ကျင်ကြတဲ့အခါ အချို့အမှန်တရားလိုလားတဲ့ စစ်တပ်က အရာရှိအချို့ကလည်း မဖြစ်သင့်ကြောင်း အသံတွေ ထွက်ပေါ်လာခဲ့တယ်။ ဒါကြောင့်လည်း ဗိုလ်ခင်ညွန့်တို့ဟာ စစ်တပ်အသီးသီးကို လိုက်လံရှင်းလင်းကြရတယ်။ အဲဒီရှင်းလင်းဟောပြောချက်တွေ၊ စည်းရုံးမှုတွေမှာ အမှန်တရားနဲ့ ကင်းဝေးနေတာတွေကို တွေ့ရတယ်။ ဒီအချက်နဲ့ပတ်သက်ပြီး ၃၀၊ ၁၀၊ ၁၉၉၃ နေ့ နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ် အရာရှိများ၊ အုပ်ချုပ်မှုမွမ်းမံသင်တန်းမှာ ပြောခဲ့တာတွေကို သက်သေခံအဖြစ် ကြည့်ရှုလေ့လာလို့ ရပါတယ်။ အဲဒီကာလက သူ ဘယ်လိုရပ်တည်ခဲ့သလဲဆိုတာ ကြည့်လို့ ရပါတယ်။

အဲဒီဗိုလ်ခင်ညွန့်ရဲ့ ဟောပြောပို့ချချက်နဲ့ ပတ်သက်ပြီး လျှပ်တစ်ပြက်က အတည်ပြုချက်ယူတဲ့အခါ ဗိုလ်ခင်ညွန့်က အတည်မပြုခဲ့ပါဘူး။ ဒါပေမဲ့ ဗိုလ်ခင်ညွန့်က '*ပြောခဲ့တယ်ဆိုရင်လည်း ခိုင်းလို့ ပြောခဲ့တာပဲ ဖြစ်မယ်*' လို့ အဖြေပေးထားပါတယ်။ ဒါဆိုရင် ဘယ်သူက ခိုင်းတာလဲ။ အဲဒီကာလမှာ ဗိုလ်စောမောင် မရှိတော့ဘူး။ ဗိုလ်နေဝင်းလား။ ဗိုလ်သန်းရွှေလား။ သမိုင်းအမှန်ဖြစ်ဖို့ ဗိုလ်ခင်ညွန့် အဖြေပေးရပါလိမ့်မယ်။

အဲဒီမိန့်ခွန်းထဲမှာ ဗိုလ်ခင်ညွန့်က ၈၈ အာဏာသိမ်းရခြင်းနဲ့ အာဏာသိမ်းခဲ့ပုံအကြောင်း ပြောတယ်။ ပြီးတော့ ၁၉၉၀ ရွေးကောက်ပွဲနဲ့ပတ်သက်ပြီး ပြောတယ်။ သူကတော့ ၁၉၉၀ ရွေးကောက်ပွဲကို သေးသိမ်မှေးမှိန်အောင် ပြောလာတယ်။ သူ့စကားလုံး၊ အသုံးအနှုန်းကအစ ရန်လိုစိတ်နဲ့ ပြောနေတာကို ပေါ်လွင်စေတယ်။ သူ့စကားအတိုင်း ရေးပြရရင် '*နိုင်ငံရေးသမားတွေက ညစ်ပတ်တယ်။ ခင်ဗျားတို့သိတဲ့အတိုင်းပဲ မြေလိမ်မြွေကောက်နဲ့ ညစ်တဲ့အခါကျတော့ NLD အများစု အနိုင်ရတယ်ဆိုတာမျိုးဖြစ်တယ်*' တဲ့။

ဗိုလ်ခင်ညွန့် ပြန်စဉ်းစားပါဦး။ နိုင်ငံရေးသမားက ညစ်ပတ်တာ

ား ဗိုလ်ခင်ညွန့်တို့က ညစ်ပတ်တာလား။ မဲလိမ် မဲခိုး ဘယ်သူတွေက ည်တာလဲ။ နိုင်ငံရေးသမားတွေ ညစ်ပတ်တဲ့ အချက် ထုတ်ပြစမ်းပါ။ ဗိုလ်ခင်ညွန့်လည်း တာဝန်မရှိတော့ပါဘူး။ NLD အနိုင်ရအောင် နိုင်ငံရေးသမား ညစ်ပတ်တာကို အခုအချက်အလက်နဲ့ ထောက်ပြစမ်းပါ။ NLD က မဲလိမ် မဲခိုးခဲ့တာ အမှန်လား။ သမိုင်းဆိုတာ မလိမ်သင့်ဘူး လေ။ သမိုင်းကို အထပ်ထပ်လိမ်ဖို့ ကြိုးစားတာ ဖက်ဆစ်ပဲ ရှိတယ်။ ဗိုလ်ခင်ညွန့်ဟာ ဖက်ဆစ်တော့ ဟုတ်ဟန်မတူပါဘူး။ ဒီတော့ တစ်ခုပဲ မေးပါရစေ။ ၉၀ ရွေးကောက်ပွဲရလဒ်ဟာ တရားမျှတခြင်းရှိ၊ မရှိ။ ဗိုလ်ခင်ညွန့် အဖြေပေးရပါလိမ့်မယ်။

နိုင်ငံရေးသမားက ညစ်ပတ်ခဲ့သလား။ ဗိုလ်ခင်ညွန့်တို့အဖွဲ့က ညစ်ပတ်ခဲ့သလားဆိုတာ ကြည့်ရအောင်။ ၁၄/၈၉ မှာ ဘယ်လိုကြေညာခဲ့သလဲ။ '*ရွေးချယ်ခံရသော လွှတ်တော်ကိုယ်စားလှယ်များဖြင့် ပြည်သူ့လွှတ်တော်ဖွဲ့စည်းမည်။ ထိုရွေးကောက်ပွဲများသည် အမျိုးသားဥပဒေပြုလွှတ်တော်ကို ဖွဲ့စည်းပေးစေနိုင်မည်*'လို့ ပါခဲ့တယ်လေ။ ဒီတော့ NLD က လွှတ်တော်ဖွဲ့ဖို့ တောင်းဆိုတာ မှားသလား။ အာဏာလွှဲဖို့တောင်းတာ မှားသလား။ အဲဒီလွှတ်တော်ကနေ ဥပဒေတွေ၊ ဖွဲ့စည်းပုံတွေ ရေးဆွဲမှာပေါ့။ ဗိုလ်ခင်ညွန့်တို့က ဒါကို ဖျက်ပစ်ချင်တော့ ၁/၉၀ ထုတ်လိုက်တယ်။ ၁/၉၀ မှာလည်း ရွေးချယ်ထားသော ကိုယ်စားလှယ်များသည် အနာဂတ် ဒီမိုကရေစီနိုင်ငံအတွက် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေရေးဆွဲရန် တာဝန်ရှိသူများ ဖြစ်သည်' တဲ့။

၁/၉၀ ထုတ်ပြန်ပြီး အဲဒီကြေညာချက်တွေကို ပြန်မျိုလိုက်တာလည်း ဗိုလ်ခင်ညွန့်တို့အဖွဲ့ပဲလေ။ ၁၉၉၂ မေလထဲ ရောက်တော့ ဗိုလ်ခင်ညွန့်ကို အမျိုးသားညီလာခံကျင်းပရေးကော်မရှင် ဥက္ကဋ္ဌအဖြစ် ခန့်လိုက်တယ်။ NLD အနိုင်ရပါတီက ညီလာခံကို တက်ခွင့်ရတာ ရာခိုင်နှုန်းပဲ ရှိတယ်။ ညီလာခံမစမီမှာပဲ အခြေခံမူ ၆ ချက်ဆိုပြီး ချမှတ်တာကို လုပ်ခဲ့တာ မဟုတ်လား။ အခုကျွန်တော်ရေးတဲ့နေရာအထိပဲ ကြည့်ပြီး ဘယ်သူက ညစ်ပတ်နေလဲဆိုတာ အတော်ကို ပေါ်နေပါပြီ။ ညီလာခံကျင်းပတော့လည်း စကျင်းပပြီး ၂ ရက်အကြာမှာ ရပ်ဆိုင်းခဲ့

တာ ဘာလို့လဲ။ ဗိုလ်ခင်ညွန့်တို့ အသိဆုံးပါ။

ဒေါ်အောင်ဆန်းစုကြည်လည်း ၁၉၉၁ မှာ နေအိမ်အကျယ်ချုပ်က လွတ်လာရော အမျိုးသားညီလာခံရဲ့ လုပ်ထုံးလုပ်နည်းတွေကို ပြန်သုံးသပ်ဖို့ တောင်းဆိုလာတယ်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ကိုယ်စားလှယ် ၈၆ ဦးက ၂ ရက်အကြာထိ သပိတ်မှောက်ခဲ့တယ်။ လုပ်ထုံးလုပ်နည်း မှားနေလို့ ပြုပြင်ဖို့ ပြောတာလေ၊ လုပ်ထုံးလုပ်နည်းဆိုတာ ဗိုလ်ခင်ညွန့်တို့ လိုချင်တဲ့ ဥပဒေကို ဖွတ်ပြုလုပ်နေတာတွေ ပြောတာ။

ဗိုလ်ခင်ညွန့်တို့က အမျိုးသားညီလာခံကို ပွင့်ပွင့်လင်းလင်းမြင်သာအောင် လုပ်ခဲ့တာ မဟုတ်ဘူးလေ။ ဝေဖန်ခွင့်တောင် မပေးခဲ့ဘူး။ ၅/၉၆ ပြဋ္ဌာန်းချက်ကို ကြည့်စမ်းပါ။ ထိုဥပဒေအရ အမျိုးသားညီလာခံအား လူသိရှင်ကြား ဝေဖန်ခြင်းသည် ထောင်ဒဏ်အနှစ် ၂၀ ထိ ကျခံနိုင်တယ်ဆိုပြီး ၅/၉၆ ကို ပြဋ္ဌာန်းခဲ့တယ်လေ။ အမျိုးသားညီလာခံကရော ပွင့်လင်းမြင်သာမှု ရှိခဲ့ပါသလား။ ဒါတွေရေးပြနေတာဟာ ဗိုလ်ခင်ညွန့်ပြောတဲ့ စကားအရ နိုင်ငံရေးသမားက ညစ်ပတ်တာလား။ ဗိုလ်ခင်ညွန့်တို့ ညစ်ပတ်တာလားဆိုတာ ပေါ်လွင်စေဖို့ပါ။

ဒီမှာ ဗိုလ်ခင်ညွန့်ပြောတာလေး ထပ်ရေးချင်သေးတယ်။ 'အဲဒီနိုင်ငံရေးသမားတွေ ဆိုတဲ့ ပုဂ္ဂိုလ်တွေဟာ ဘယ်လိုလုပ်ပြီး ခေါင်းဆောင်ဖြစ်နိုင်မလဲ။ ကျွန်တော်တို့ခေါင်းဆောင်အနေနဲ့ ဘယ်လိုမှ ကျွန်တော်တိုက အသိအမှတ်မပြုနိုင်ဘူး' တဲ့။ ကဲ ရှင်းပါပြီ။ တပ်နဲ့ ပြည်သူကို စည်းခြားလိုက်ပါပြီ။ တပ်နဲ့ ပြည်သူကို ခွဲပစ်လိုက်တာဟာ နိုင်ငံရေးသမားမဟုတ်ဘူး။ တပ်မတော်ရဲ့ အခွင့်ထူးခံတွေက ခွဲပေးလိုက်တာပါ။ အရပ်သားနိုင်ငံရေးကို အသေသတ်ဖို့ လုပ်ခဲ့တာရဲ့ သက်သေခံဟောပြောချက်ပါ။ ဗိုလ်ခင်ညွန့်သိစေချင်တာကတော့ နိုင်ငံရေးသမားဆိုတာ တိုင်းပြည်ကောင်းရာ ကောင်းကြောင်းအတွက် လက်နက်မကိုင်ဘဲ (လက်နက်ကိုင်ပြီး အနိုင်မကျင့်ဘဲ) နိုင်ငံအရေးအရာတွေကို ဆောင်ရွက်နေသူတွေလေ။ ဒီမိုကရေစီမှာ လူထုရွေးချယ်တင်မြှောက်ထားတဲ့သူတွေကို ခေါင်းဆောင်အဖြစ် အသိအမှတ်မပြုတာဟာ လူထုကို စော်ကားတာပဲ

# ခရစ္စတီးကျွန်း အစုလိုက်အပြုံလိုက် သတ်ဖြတ်မှုကြီး (၁)



# ခရစ္စတီးကျွန်း
# အစုလိုက်အပြုံလိုက် သတ်ဖြတ်မှုကြီး (၁)

အချိန်က ၁၉၉၈ ဧပြီလကုန်ခါနီး ရက်ပိုင်းအလိုမှာပါ။ သကြံန် ဦးတည်နေမယ့် မြန်မာပြည်တောင်ပိုင်း တနင်္သာရီအစွန်မှာတော့ မိုးရိပ် ဆိုင်းတို့ဖြင့် အစပြုနေပါပြီ။ သားငါးရှာတဲ့ လှေတချို့နဲ့ သစ်ခုတ်၊ ဝါးခုတ် အလုပ်သမားတွေကတော့ မိုးလေဝသကို ဂရုမစိုက်အားပါဘူး။ ကပ္ပလီပင်လယ်ပြင်တွင်းမှာ ရှိတဲ့ ခရစ္စတီးကျွန်း (Cristic island) ဆီမှာ တစ်ခဏတာ နားလိုက် ငါးဖမ်းလိုက်ပေါ့။ ဆလုံတချို့လည်း ထိုအထဲတစ်စုပေ့။ သစ်ခုတ်ဝါးခုတ်သူတချို့ကလည်း ဒီကျွန်းပေါ်မှာ နေထိုင်သေမယ့် တော်ရာ ဘဝ တော်ရာ နေရာမှာ ဝမ်းစာရှာကြရစမြဲ ဖြစ်ပါတယ်။

ခရစ္စတီးကျွန်းဆိုတာက တနင်္သာရီတိုင်း မြန်မာပြည်တောင် ဘက်အစွန်းမှာပေ့။ တည်နေရာအတိအကျပြောရရင် မြောက်လတ္တီတွဒ် ၉ ဒီဂရီနဲ့ ၃၇ မိနစ်မှာပါ။ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၅၉ မိနစ် ဖြစ်ပြီး၊ ဟော်ဝင်သင်္ဘောအရဆိုရင် 0937N 9759E ပေ့။ ကျွန်းက သေးငယ်တဲ့ ကျွန်းငယ်ကလေးတစ်ခုပါ။ ကော့သောင်းမြို့နယ် စာရင်းဝင်ကျွန်း တစ်ခုပေါ့။ သူ့နဲ့ အနီးဆုံးမှာတော့ ဓာဒက်ကြီးကျွန်းဆိုတာ ရှိပါတယ်။ အဲဒီဓာဒက်ကြီးကျွန်းပေါ်မှာ ရေတပ်စခန်းတစ်ခု ရှိပါတယ်။ ဓာဒက်ကြီး ကျွန်း ရေတပ်စခန်းမှူးကတော့ အဲဒီအချိန်က ဒုတိယဗိုလ်မှူးကြီးမောင်

မောင်သစ်လို့ အမည်ရပါတယ်။

မကြာမီကမှ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ကြည်း၊ ရေ၊ လေ ပူးပေါင်းစစ်ဆင်ရေးဆိုတာကို ဖွဲ့ပြီး လွှတ်ပေးလိုက်တာပါ။ ဒါကလည်း ABSDF က ရေတပ်စခန်းအဖြစ် နေရာယူမယ်ဆိုတဲ့အသံတွေ ထွက်လာတယ်။ အဲဒီကာလမှာ နိုင်ငံရေးရေချိန်ကလည်း မြင့်လာတယ်။ ကျောင်းသားတပ်မတော်အင်အားကလည်း အသင့်ဖြစ်နေချိန်ပေါ့။ ဒီတော့ ဗိုလ်သန်းရွှေက အထူးအဖွဲ့မျိုးဖွဲ့ပြီး ဗိုလ်ချုပ်ကြီး ကြည်မင်း (စစ်မှုထမ်းဟောင်းအဖွဲ့မှာ ဥက္ကဋ္ဌ လုပ်ခဲ့သူ၊ ကာ/ချုပ် (ရေ)။ နောက်တစ်ယောက်က ဗိုလ်ချုပ်မြင့်ဆွေ (လေ)။ ကျန်တစ်ယောက်က ဗိုလ်ချုပ်သူရမြင့်အောင် (စစ်ရေးချုပ်ဖြစ်ခဲ့သူ) တို့ကို ကြည်းရေလေပူးပေါင်း စစ်ဆင်ရေးဆိုပြီးဖွဲ့ပေးခဲ့တာ။

ရှေ့တန်းစစ်ဗျူဟ်နှာအဖြစ်ကတော့ ထိုင်း၊ မြန်မာ့ရေပြင်အစပ်မှာရှိတဲ့ မြန်မာပိုင်ခရစ္စတီးကျွန်းမှာ အခြေစိုက်ပါတယ်။ အဲဒီတုန်းကတော့ ကော့သောင်းရဲ့ အခြေချစစ်ဗျူဟာမှူးက ဗိုလ်မှူးကြီး ဇော်မင်း (လျှပ်စစ်ဝန်ကြီး) နဲ့ (ကြံ့ဖွံ့အတွင်းရေးမှူးဖြစ်ခဲ့မှုး) ဖြစ်ပါတယ်။ သူကတော့ နာမည်ကျော် ခရစ္စတီးကျွန်းမှာ အဓိကတာဝန်ယူရသူဖြစ်ပါတယ်။ သူ့လက်အောက်မှာ တပ်ရင်းမှူးအဖြစ် ခမရ ၂၆၂ ကော့သောင်းတပ်က ဒုတိယဗိုလ်မှူးကြီး စိုးတင့် (စက်မှု-၁ ညွှန်မှူးဖြစ်ခဲ့သူ) နဲ့ ဒုတိယဗိုလ်မှူးကြီး ဝင်းဆွေတို့ ဖြစ်တယ်။

အဲဒီတုန်းက အရှေ့တောင် တိုင်းစစ်ဌာနချုပ်တိုင်းမှူးက ဗိုလ်ချုပ်သီဟသူရစစ်မောင်ပါ (လေယာဉ်ပျက်ကျတဲ့အထဲ ပါခဲ့သူ)။ သူက ခရစ္စတီးကျွန်းမှာ ပုဒ်မ ၁၄၄ ထုတ်ပြန်ခဲ့သူပေါ့။ အဲဒီကျွန်းမှာ အရပ်သားတွေ မနေရဘူးဆိုတဲ့ သဘောပါ။ သစ်ခုတ်ဝါးခုတ်၊ ငါးဖမ်းအလုပ်သမားတွေ ၁၄၄ ပုဒ်မကို ဘယ်သိပါ့မလဲ။ ဒီတော့ ဝမ်းစာအတွက် ဒီကျွန်းမှာပဲ ရှာဖွေစားသောက်ကြရတာပဲ။ ဒီမှာနေ ဒီရေသောက်ပြီး ဝမ်းစာအတွက် ခုံခုံမင်မင် ဒီကျွန်းလေးကို ဖက်တွယ်ထားသူတွေ။ အိမ်ထောင်စုကလည်း များများမရှိပါဘူး။ ကျိုးတိုးကျဲတဲ။ ဟိုတစ်စု ဒီတစ်စုပါ။ ခပ်လှမ်းလှမ်း ခပ်ကျဲကျဲမှာ တဲအိမ်တစ်စု။ အဲဒီလိုနေခဲ့ကြသူတွေ။

ပြေလတဲ့ သကြံနိုပြီးစ တစ်နေ့ ဗိုလ်မှူးကြီးဇော်မင်း ဦးစီးတဲ့ ...ဘာကနေ ခရစ္စတီးကျွန်းပေါ်တက် နေရာယူလိုက်ပါတော့တယ်။ ကျွန်း ...ရှိသမျှ လူအားလုံး ဖမ်းလိုက်ပါတယ်။ ကျွန်းပေါ်ရှိတဲ့ လူအားလုံးဆို ... အများတော့ မထင်လိုက်နဲ့၊ စုစုပေါင်းမှ ၅၉ ယောက်ပဲ ရှိတယ်။ ...အထဲမှာ မိခင်ရင်ခွင်ကို ဖွတ်ဖက်တွယ်ထားတဲ့ သုံးနှစ်သမီးလေး ...စ်ယောက်လည်း ပါရဲ့။ မီးတွင်းက မထွက်ရသေးတဲ့ ကလေးငယ်ကို ...ရင်ထဲထည့်ပြီး နို့တိုက်နေတဲ့မိခင်အသစ်စက်စက်တစ်ယောက်လည်း ...နေသေးတယ်။ အချို့ကလေးငယ်တွေက ပြေးလွှားဆော့ကစားရာက ... မိခင်ရင်ခွင်ထဲ ဝင်ပြီး ငြိမ်သက်လို့။ ကိုယ်ဝန်ဆောင်အချို့လည်းပါ ... အဖမ်းခံရတဲ့ ၅၉ ယောက်စလုံးမှာ တူညီတာကတော့ အပြစ်ကင်း ... အရပ်သားတွေဆိုတာပါပဲ။

ခရစ္စတီးကျွန်းပေါ်မှာ အဖမ်းခံထားရတဲ့ ၅၉ ယောက်ရဲ့ ကံ ...နဲ့ ပတ်သက်ပြီး ဗိုလ်မှူးဟောင်းအောင်လင်းထွတ် ထွက်ဆိုခဲ့တာ ...တော့...

'ကျွန်တော်တို့ထင်တာက ဒီ ၅၉ ယောက်ကို ကော့သောင်းမြို့ ... ပြီး အရေးယူချင်လည်း ယူပေါ့လေ။ ဒီလိုနဲ့ပဲ လွှတ်လိုက်လိမ့် ... ကျွန်တော်ထင်ခဲ့ပါတယ်။ ဖမ်းမိတာက ပြေလမှာလို့ ကျွန်တော် ...တယ်။ မေလလောက် ရောက်တဲ့အခါကျတော့ ကောက်ကာငင် ... အမိန့်တစ်ခုရောက်လာလို့ ကျွန်တော်တို့ သိရတယ်။ အဲဒီအချိန်တုန်း ... ဦးစီးမှူးဗိုလ်ချုပ်(ကြည်း) ဖြစ်တဲ့ ကာကြည်းက ဗိုလ်ချုပ်မြင့် ... ဒုတိယ ဗိုလ်ချုပ်ကြီး ကစထမှူး ကာကွယ်ရေးဝန်ကြီးဌာန စစ် ...အထူးအဖွဲ့ ၅) က ဆက်သွယ်ရေးစက်ပေါ် တက်လာပြီး ဗိုလ် ...ကြည်မင်းနဲ့ စကားပြောချင်တယ်လို့ ပြောပါတယ်။ အဲဒီလိုပြော ... ဗိုလ်ချုပ်ကြီး ကြည်မင်း ပြန်လာတဲ့အခါကတော့ ကျွန်တော်တို့ ... အားလုံးကို ခေါ်ပြီးတော့ ဘာပြောလဲဆိုတော့ အဖမ်းထား ... ယောက်လုံးကို အကုန်ရှင်းပစ်ရမယ်၊ သတ်ပစ်ရမယ်ဆိုပြီး အမိန့် ...ဆိုပြီး ပြောပါတယ်။ ဗိုလ်ချုပ်မြင့်ဆွေက ဗိုလ်ချုပ်ကြီး ကြည် ... ဆက်သွယ်ရေးစက်နဲ့ လှမ်းပြီး အမိန့်ပေးတာပါ' တဲ့။

ဒါဟာ ဗိုလ်မှူးဟောင်း အောင်လင်းထွတ်ရဲ့ မျက်မြင်သက်သေခံချက်တွေပါ။ အပြစ်မဲ့သူတွေကို အစုလိုက်အပြုံလိုက်သတ်ပစ်ရမယ်ဆိုတော့ သူတို့လည်း တွေဝေသွားကြမှာပါပဲ။ ဒီအထဲမှာ အမိန့်အတိုင်း လုပ်ချင်သူတွေလည်း ရှိမှာ မလွဲပါဘူး။ အချို့ကလည်း ချင့်ချင့်ချိန်ချိန် လုပ်ချင်သူတွေလည်း ရှိမှာပါ။ အားလုံးကလည်း ဗုဒ္ဓဘာသာဝင်တွေဆိုတော့ သံသရာကို ကြောက်သူလည်း ပါမှာပဲ။ VOA က ကိုသန်းလွင်ထွန်းရဲ့ ထုတ်လွှင့်ချက်ကို နားထောင်နေတဲ့ ကျွန်တော်တို့လည်း အသက်ကို မျှင်းမျှင်းကလေးရှူထုတ်ပြီး နားထောင်နေမိပါတယ်။ တအံ့တသြလည်း ဖြစ်နေမိပါတယ်။ အဲဒီအချိန်မှာပဲ ဗိုလ်မှူးဟောင်း အောင်လင်းထွတ် ဆက်ပြောတာက...

*'ဒီကလေးတွေ၊ မိန်းမတွေ၊ ယောကျ်ားတွေ ဘာမှ လက်နက်မကိုင်ထားတဲ့ လူတွေကို အသတ်ခိုင်းတာဟာ ကျွန်တော်တို့ အရမ်းခံစားရတယ်။ အမှန်အတိုင်းပြောရရင် မဖြစ်သင့်မဖြစ်ထိုက်တဲ့ကိစ္စပါ။ ကျွန်တော်လည်း ဒါဟာကြုံလိုက်တဲ့ ကိုယ်တွေ့တစ်ခုပဲ။ ဗိုလ်ချုပ်ကြီးကြည်မင်းက ကျွန်တော်တို့အားလုံးကို စုလိုက်တယ်။ ကျွန်တော်တို့ကတော့ staff အနေနဲ့ နားထောင်ရတာပေါ့။ ဗိုလ်ချုပ်ကြီးကြည်မင်း (ရေ)၊ ဗိုလ်ချုပ်မြင့်ဆွေ (လေ)၊ ဗိုလ်ချုပ်သူရမြင့်အောင် (ကြည်း)၊ ဗိုလ်မှူးကြီးမောင်မောင်သစ် (ရေ) ဒါကတော့ လူကြီးပိုင်းတွေ။ ဗိုလ်ချုပ်ကြီးကြည်မင်းက ဒီသတင်းကို ပြောလိုက်တဲ့အခါကျတော့ ဗိုလ်ချုပ် သူရမြင့်အောင်က ဘာထပြောလဲဆိုတော့ ဒါအထက်အမိန့်ပဲ အကုန်သတ်ပစ်ရမှာပေါ့လို့ ပြောတယ်။ ဗိုလ်ချုပ်မြင့်ဆွေ(လေ) သူကတော့ ပုတီးသမား။ တရားသမားဆိုတဲ့အခါကျတော့ ထိန်းထိန်းသိမ်းသိမ်းလုပ်ဖို့နဲ့ 'အခြေအနေလေးတော့ ပြန်မေးကြည့်ပါဦး။ ဘာလို့လဲဆိုတော့ ဒီအချိန်က ညကိုးနာရီခွဲပတ်ဝန်းကျင်လောက် ဖြစ်နေတော့။ ဒါဟာ ဒု-ဗိုလ်ချုပ်မှူးကြီးမောင်အေးအရက်သောက်ပြီး မူးတဲ့ အချိန်။ တော်ကြာမူးမူးရူးရူးနဲ့ အမိန့်ဖြစ်နေဦးမယ်' လို့ ပြောတယ်။ ဗိုလ်ချုပ်သူရမြင့်အောင်နဲ့ ဗိုလ်ချုပ်မြင့်ဆွေ (လေ) တို့ ပြောတဲ့အပေါ်မှာ မူတည်ပြီးတော့မှ ဗိုလ်ချုပ်ကြီးကြည်မင်းက ဆုံးဖြတ်ပါတယ်။ 'ကောင်းပြီ၊ ဒါဆိုရင် ဒို့တွေ နောက်နေ့မနက်*

ဖက်ပေါ်တက်ပြီးတော့မှ ကိုမြင့်ဆွေ (ရန်ကုန်စစ်ရုံးချုပ်မှ စစ်ဦးစီးဗိုလ်မှူးချုပ် (ကြည်း) ကို နှိုးမေးကြည့်မယ်။ ဒီအမိန့်ကို အောက်က ဗိုလ်မှူးကြီးဖော်မင်းတို့ကို ချပေးခဲ့ဦး' ဆိုပြီး ဗိုလ်ချုပ်ကြီးကြည်မင်းက ထိန်းသားလိုက်တာ' ကို သူသိရတဲ့အကြောင်း ပြောပြပါတယ်။

ဗိုလ်မှူးဟောင်း အောင်လင်းထွတ်ရဲ့ ပြောဆိုသက်သေထွက်ချက်တွေဟာ သူကိုယ်တိုင် မျက်မြင်ဖြစ်ခဲ့တဲ့အတွက်လည်း နားဆင်ရသူအဖို့ ကွက်ကွက်ကွင်းကွင်း မြင်လာစေခဲ့ပါတယ်။ ဒီရက်စက်မှုမျိုးအမိန့်ကို ဘယ်သူပေးခဲ့သလဲ။ ဟယ်ရီပေါ်တာထဲက အမှောင်လောကရဲ့သခင်ဗိုလ်တာမော့ကပဲ ပေးခဲ့သလား။ ဘာသာရေး ကိုင်းရှိုင်းသူ ပုတီးသမားဗိုလ်ချုပ်မြင့်ဆွေ (လေ) ပြောသလို အဘအေးကပဲ ပေးခဲ့လေသလား။ အထက်က အမှောင်လောကရဲ့ အရှင်သခင် ဝိဇ္ဇာဗိုလ်ချုပ်မှူးကြီးများရဲ့ အမိန့်ကို ဦးလည်မသုန် ထမ်းရွက်ပြီး ဘယ်သူတွေက ဘာတွေ လုပ်ဆောင်ခဲ့ကြသလဲ။ အရပ်သားပြည်သူ ၉၉ ယောက်ရဲ့ ကံကြမ္မာအဆုံးအဖြတ်ကိုတော့ ဆက်ကြည့်ကြရအောင်ပါ။

◆ ◆ ◆

# ခရစ္စတီးကျွန်း အစုလိုက်အပြုံလိုက် သတ်ဖြတ်မှုကြီး (၂)



# ခရစ္စတီးကျွန်း
# အစုလိုက်အပြုံလိုက် သတ်ဖြတ်မှုကြီး (၂)

ပြီးခဲ့တဲ့ အပိုင်းမှာ ဗိုလ်ချုပ်ကြီး ကြည်မင်း (ကာကွယ်ရေးဦးစီးချုပ် (၁၅) စစ်ပြန်စစ်မှုထမ်းဟောင်းဥက္ကဌ) ကနေ ဗိုလ်ချုပ်မြင့်ဆွေ (ထိုစဉ်က စစ်ဦးစီးဗိုလ်မှူးချုပ် (ကြည်း) ယခု ဝန်ကြီးချုပ်ဖြစ်လာသူ) ထံကို ခေါ်ကြည့်ဦးမယ်ဆိုပြီး အစည်းအဝေးပွဲကို ရပ်နားခဲ့တဲ့ အကြောင်း ပြောပြီးပါပြီ။ အဲဒီလို ခေတ္တရပ်နားခဲ့တဲ့အတွက် ဘာပဲဖြစ်ဖြစ် အရပ်သား ဘက်လုပ်လက်စား (၅၉) ဦးကတော့ တစ်ညတာ အသက်ချမ်းသာခွင့် ရခဲ့တာ အမှန်ပါ။ တစ်ညတာအတွက် စိတ်အေးရပေမယ့် စိတ်ဒုန်းဒုန်း ချနိုင်ခဲ့ပါဘူး။ 'မနုတဿဘာ ဝေါဒုလ္လဘော' ရခဲတဲ့ လူ့ဘဝမှာ တစ်ညတာ ရှင်သန်ခွင့်ဟာလည်း အမြတ်ပါ။

လူ့ဘဝမှ မဟုတ်ဘူး။ ဘယ်သတ္တဝါမဆို တစ်မနက်၊ တစ်ည၊ တစ်နေ့ဆို၊ တစ်စက္ကန့်လေး ရှင်သန်ခွင့်ကို မက်မောကြတာပါပဲ။ အဲဒါ သဘာဝကျပါပဲပေါ့။ တစ်ညတာ အသက်ရှင်ခွင့်ရပေမယ့် မြူးကြောင်ပြီး ဆိတ်သန့်နေတဲ့ မျက်လုံးအစုံနဲ့ လာသမျှ သားသတ်သမား စစ်သားတွေကို အသနားခံနေဟန် မျက်ဝန်းတွေ။ အဲဒီမျက်ဝန်းတွေကို နှလုံးသားရှိသူတိုင်း ဘယ်ရင်ဆိုင်ရဲကြပါ့မလဲ။ ဘယ်အချိန်၊ ဘယ်အခါမှာ ကျရောက်လာမယ်မှန်း မသိတဲ့ စီရင်ချက်ကို ပျော်ရွှင်စွာ စောင့်စားနေတဲ့သူ ဘယ်သူရှိမှာလဲ။

နှလုံးသားမဲ့စက်ရုပ်ဆိုတာကတော့ အမိန့်ကို ဦးထိပ်ပန်ဆင်ထားသူ ရဲသားတစ်စုပဲ ရှိမှာပါ။ ဒါ့အထက်အမိန့်ပဲ၊ အကုန်သတ်ပစ်ရမှာပေါ့တဲ့။ ရက်စက်လိုက်တာ။ လက်နက်မဲ့ ပြည်သူတွေ။ တကယ့်အပြစ်မဲ့သူ 'innocent' တွေ။ အမိန့်အရ အကုန်သတ်ပစ်ရမယ်တဲ့။ သူတို့မိဘတွေတော့ ဘယ်လိုနှလုံးသားနဲ့ ရှင်သန်ခဲ့တယ် မသိ။ ကြားရသူအပေါင်း စိတ်နှလုံးညှိုးချုံးစရာပါ။ အင်း ဒါကြောင့်များ 'သူရဘွဲ့' ရခဲ့လေသလား။ ဘယ်သူများပါလိမ့်။ ဒီစကားကို ပြောခဲ့သူက နှလုံးသားမဲ့စက်ရုပ် ဗိုလ်ချုပ်သူရမြင့်အောင်ပါ။ အဲဒီတုန်းက သူက တပ်မမှူးစစ်ဆင်ရေးကွပ်ကဲမှုဌာနချုပ် ၁၃-- ဘုတ်ပြင်းမှာပါ။ သူက 1976 D.S. A အပတ်စဉ် '18' က ဆင်းခဲ့သူ။ ဒုတိယဗိုလ်ချုပ်ကြီး ပြီးတော့ စစ်ရေးချုပ်ရာထူးအထိ ဆုလာဘ်အဖြစ် ချီးမြှင့်ခြင်းခံရသူပါ။ အခုတော့ အဲဒီဗိုလ်ချုပ်လည်း မတည်မြဲခြင်းနိယာမနဲ့ 'ကြဖတ်'တစ်ခုလို အပြင် လောကထဲ ယူနီဖောင်းချွတ်လို့ အစွန့်ပစ်ခံလိုက်ရပြီပဲမဟုတ်လား။

ဝဋ်ဆိုတာ လှည်းဘီးနောက် လှည်းဘီးရာ လိုက်သလိုပါပဲ။ အရိပ်တစ်ခုလို ကပ်ပြီး လိုက်ပါလာတတ်တာလည်း လောကဓမ္မတာနိယာမတစ်ခုပါပဲ။ ဘုန်းတော်ကြီးတွေနဲ့ ဘိုးတော်ဆိုတာတွေကိုသာ လာဘ်ထိုးလို့ ရချင် ရမယ်၊ လောကဓမ္မနိယာမတရားကိုတော့ လာဘ်ထိုးလို့ မရပေဘူး။ မြှူသူအသစ် ဖြစ်သူအဟောင်းဆိုသလိုပါပဲ။

နောက်တစ်နေ့မနက် ၉ နာရီလောက်မှာ ဗိုလ်ချုပ်ကြီးကြည်မင်းက ဗိုလ်ချုပ်ကြီးမြင့်ဆွေ (ကြည်း) ကို မဖြစ်မနေ မေးရပါတော့တယ်။ ဗိုလ်ချုပ်မြင့်ဆွေ (စစ်ဦးစီးမှူးချုပ် (ကြည်း)) ရဲ့ အဖြေကိုတော့ 'ဗိုလ်ချုပ်မြင့်ဆွေက ပြောလိုက်တယ်။ ဒါဟာ အဘအေး (ဒု/ဗိုလ်ချုပ်မှူးကြီးမောင်အေး) အမိန့် မဟုတ်ဘူး။ အဘကြီး (ဗိုလ်ချုပ်မှူးကြီး သန်းရွှေ) အမိန့်လို့ ဗိုလ်ချုပ်ကြီးကြည်မင်းက ပြောတဲ့အကြောင်း ဗိုလ်မှူးဟောင်းအောင်လင်းထွတ်က ထွက်ဆိုချက်ပေးခဲ့ပါတယ်။

အဲဒီအမိန့်ကို ဗိုလ်ချုပ်ကြီးကြည်မင်းက ခြေမြန်တပ်မများရဲ့ တပ်မမှူး ဗိုလ်ချုပ်သူရမြင့်အောင်ကို ထပ်ဆင့်အမိန့်ပေး ပြောကြားခဲ့ပါတယ်။ ဗိုလ်ချုပ်သူရမြင့်အောင်ကတစ်ဆင့် ဗိုလ်မှူးကြီးဇော်မင်း (လျှပ်

ဆံသင်ကြီးအဖြစ် ချီးမြှင့်ခံရသူ) ကို အပိန့်ထပ်မံပေးပြန်ပါတယ်။ ဇျူဟာ ...သိမ်မှူးကြီးဇော်မင်းက တပ်ရင်းမှူးတွေဖြစ်တဲ့ ဒုတိယဗိုလ်မှူးကြီးစိုး ... သမရ ၂၆၂ ကောာ့သောင်း) နဲ့ ဒုတိယဗိုလ်မှူးကြီးဝင်းဆွေ (403 ...) တို့ကို တာဝန်လွှဲပေးလိုက်ပါတယ်။ ဒီအချက်နဲ့ပတ်သက်ပြီး ...အောင်လင်းထွတ်က...

'အဲဒီအမိန့်ကို ပြန့်ပြီးတော့ ပြင်လို့မရခဲ့ပါဘူး။ မရတဲ့အခါကျ ... အဓိကအဲဒီနယ်မြေရဲ့ တာဝန်ခံက ဗိုလ်ချုပ်သူရမြင့်အောင် (ဝ ... သု ... မြန်တပ်မများရဲ့ တပ်မှူးပါ။) ဗိုလ်မှူးကြီးဇော်မင်းက သူ့ ...ဘက်က ဇျူဟာမှူးပါ။ ဆက်ပြီး ရှင်းရှင်းပြောရရင်တော့ အမိန့် ...ကိုက်တယ်။ အမိန့်ပေးတဲ့အတိုင်း အဲဒီနေ့မှာပဲအဲဒီအရပ်သူအရပ် ...တွေကို သောင်ပြင်မှာပဲ အကုန်လုံးကို သေနတ်နဲ့ ပစ်သတ်ပြီးတော့ ...သောင်ပြင်မှာ မြှုပ်လိုက်တယ်လို့ ကျွန်တော်တို့ သိရပါတယ်။ အခု ...အဲဒီအရိုးတွေကို တူးကြည့်ရင် မြင်ရပါဦးမယ်' လို့ သက်သေ ...တစ်ခုလို ထွက်ဆိုသွားခဲ့ပါတယ်။

ဒီရာဇဝတ်မှုကြီးအတွက် မျက်မြင်သက်သေတွေနဲ့ ဗိုလ်မှူး ...ကြီးတွေ ရှိနေကြပါသေးတယ်။ အချို့လည်း လက်ရှိ အစိုးရအဖွဲ့ထဲ ... တာဝန်ထမ်းဆောင်နေကြဆဲပါ။ အချို့ကတော့ စစ်တပ်ထဲမှာ မရှိ ...ပါဘူး။ အပြင်လောကမှာ စည်းစိမ်ချမ်းသာအပြည့်နဲ့ အကျသိုလ် ...မှာ ဇိမ်ခံနေသူတွေလည်း ရှိပါတယ်။ သက်သေခံဝင်တာနဲ့ပတ် ...ပြီး...

'ဗိုလ်မှူးကြီးဇော်မင်းကလည်း တပ်ရင်းမှူးနှစ်ယောက်ကို ဆက် ...ပေးပြီးတော့မှ အကုန်လုံးကို လုပ်ပစ်လိုက်တယ်လို့ သိရတယ်။ ...တပ်ပုံတွေ ကျွန်တော်တို့မှာ ရှိပါသေးတယ်။ ကျွန်တော့်ရုံး (ကာ ...ရေးဝန်ကြီးဌာန၊ တပ်မတော်ထောက်လှမ်းရေး ညွှန်ကြားရေးမှူး ... ဒီရုံးထဲမှာ ရှိပါသေးတယ်။ ဘာလို့လဲဆိုတော့ ဗိုလ်မှူးကြီးဇော်မင်း ...အတူတူ ထောက်လှမ်းရေး (၁၉) တပ်မှူး ဗိုလ်မှူး မြင့်ဦးဆိုတာ ...တူ ရှိပါတယ်။ သူက ခိုးပြီးတော့ ရိုက်ထားတဲ့ ဓာတ်ပုံတွေကို ဒီစစ် ...ရေးက အပြန်မှာ ကျွန်တော်တို့ကို ပြန်ပေးလိုက်တဲ့အခါကျတော့၊

*ကျွန်တော်လည်း ရန်ကုန်ကို ပြန်ရောက်တဲ့အခါကျတော့ ဗိုလ်မှူးချုပ်ကျော်သိန်းနဲ့ ဗိုလ်မှူးကြီးစန်းမွှင့် ကျွန်တော် (G.1) (စစ်ဦးစီးပထမတန်း) တို့ကို ပြပြီးတော့မှ ကျွန်တော် ဗီရိုထဲမှာ သိမ်းခဲ့တယ်။ အခုတော့ ရှိ မရှိ ကျွန်တော် မသိတော့ဘူး'* လို့ ဗိုလ်မှူးအောင်လင်းထွတ်က ပြောပြခဲ့ပါတယ်။

ဒီအချက်တွေအရ အခုသက်ရှိထင်ရှား ရှိနေသေးတဲ့ ဗိုလ်ချုပ်မြင့်ဦး၊ ဗိုလ်မှူးချုပ် ကျော်သိန်း၊ ဗိုလ်မှူးကြီး စန်းမွှင့်တို့ဟာလည်း သက်သေအနိုင်အမာအဖြစ် သက်ရှိထင်ရှားနေကြပါသေးတယ်။ ဗိုလ်မှူးမြင့်ဦးဆိုတာကတော့ ဗိုလ်ခင်ညွန့်တို့နဲ့အတူ အဖမ်းခံရတဲ့ ထောက်လှမ်းရေးတပ်ခွဲ ၁၉ ရဲ့ တပ်ခွဲမှူးပါ။ OTS အပတ်စဉ် 58(1980) မှာ သင်သန်းဆင်းတာပါ။ ဗိုလ်မှူးချုပ်ကျော်သိန်းကတော့ စစ်ဗျူဟာလေ့လာရေးဌာနကြီးမှူးဖြစ်ခဲ့တဲ့ DSA အပတ်စဉ်11 (1969) မှာ ဆင်းတာပါ။ ဗိုလ်မှူးကြီးစန်းမွှင့်ကတော့ အများသိကြတဲ့အတိုင်း စစ်ဦးစီးပထမတန်း (ကကလှမ်း) ကပါ။ သူက DSA အပတ်စဉ် 13 (1971) မှာ ဆင်းတာပါ။ ဗိုလ်ခင်ညွန့်နဲ့အတူ ဗိုလ်သန်းရွှေရဲ့ အကျဉ်းသားဖြစ်ခဲ့သူပါ။ အခုတော့ ထောင်က လွတ်ပြီး အပြင်မှာ ရှိနေပါတယ်။ ဗိုလ်မှူး အောင်လင်းထွတ်ရဲ့ ဗီရိုထဲက ဓာတ်ပုံသက်သေတွေကတော့ အခုလောက်ဆိုရင် ရှင်းပြီးလောက်ပါပြီ။ သက်သေခံဖျောက်ဖျက်မှုဟာလည်း ရာဇဝတ်ကြောင်းတစ်ခု ဖြစ်လို့နေပါတယ်။ ဓာတ်ပုံသက်သေခံကို ဘယ်သူဖျောက်ဖျက်လိုက်တာလဲ။ ဘယ်သူအမိန့်ပေးတာလဲ။ တစ်ချိန်ချိန်မှာ မဖြစ်မနေ အဖြေပေးကြရမယ့် မငြိမ်းသေး မီးတစ်ခုဖြစ်လာမှာပါ။

ဒီမှာ စိတ်ဝင်စားစရာကောင်းတာက VOA က ကိုသန်းလွင်ထွန်းက 'အဲဒါနဲ့ပတ်သက်ပြီးတော့ နောက်ပိုင်းမြန်မာစစ်ခေါင်းဆောင်တွေကြားထဲမှာ တစ်စုံတစ်ရာပြန်လည်ဆွေးနွေးတာတွေ၊ ဒီကိစ္စနဲ့ ပတ်သက်ပြီး အမှားအမှန်ကိစ္စတွေ ပြောခဲ့တာတွေများ ရှိလား' ဆိုတဲ့ အမေး ကိုတော့ ဗိုလ်မှူးအောင်လင်းထွတ်က ရေရေရာရာ မဖြေကြားခဲ့ပါဘူး။ ဒါပေမဲ့ သူစကားအသွားအလာတွေအရ ကြည့်ရင် အားလုံးဟာ အလိုတူ အလိုပါတွေပဲလို့ ယူဆရမှာပါ။ ဒီကိစ္စနဲ့ပတ်သက်ပြီး ဗိုလ်

အောင်လင်းထွတ်က...

'ကိုသန်းလွင်ထွန်းရေ ဒီဥစ္စာက အသေးလေးဗျ။ ၁၉၉၇ ခုနှစ်လောက်ကတည်းက ၄ လပတ် (စစ်ရုံးအစည်းအဝေးပွဲမှာ) အစိတ်သားတောင်မချန်နဲ့ မင်းတို့အကုန်လုံးရှင်းပစ်ဆိုပြီးတော့မှ အမိန့်က တရားဝင်ပေးတာ' တဲ့။ အစိတ်သားတောင်မချန်နဲ့ဆိုတာ 'ကိုယ်ဝန်' ကိုပြောတာတဲ့။ တပ်ထဲမှာ ကိုယ်ဝန်ဆောင်ကို 'အစိတ်သား' လို့ ခေါ်ပါသတဲ့။ ဒီအစိတ်သားတောင် မချန်နဲ့ဆိုတဲ့ စစ်ဆင်ရေးကို ဘယ်သူကများ ဘယ်ဒေသတွေမှာ အကောင်အထည်ဖော်ခဲ့ပါလိမ့်။ သံသရာမှာ ဘယ်ဘုံများ သွားကြမှာပါလိမ့်။ ဒီရာဇဝတ်မှုကြီးကိုရော ဘယ်လိုဖော်ထုတ်ကြမှာပါလိမ့်။

◆ ◆ ◆

# အစိတ်သားတောင် မချွန်နဲ့ အကုန်သတ်



# အစိတ်သားတောင် မချန်ရဲ့ အကုန်သတ်

•

အစိတ်သားတောင် မချန်နဲ့ အကုန်ရှင်းတဲ့။

မှန်ပါတယ်။ ဒီအမိန့်ကို ပေးခဲ့တာက ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဆီ (1997) ခုနှစ် စစ်ဆင်ရေး ၄ လပတ်၊ စစ်ရုံးချုပ်အစည်းအဝေးမှာ အမိန့်ပေးခဲ့တာပါ။ ဗိုလ်ချုပ်တွေ၊ ဗိုလ်ချုပ်ကြီးတွေအစုံမှာ နှုတ်မိန့်ပေးခဲ့ တာပါ။ ဒီကိစ္စနဲ့ပတ်သက်ပြီး ဗိုလ်မှူးအောင်လင်းထွတ်ပြောပြခဲ့တာက

'1997 ခုနှစ်လောက်ကတည်းက စစ်ဆင်ရေး ၄ လပတ် စစ်ရုံးချုပ်အစည်းအဝေးပွဲတစ်ခုမှာ 'အစိတ်သားတောင်မချန်နဲ့။ မင်းတို့ အကုန်လုံး ရှင်းပစ်ဆိုပြီး အမိန့်က တရားဝင်ပေးတာပါ။ အဲဒီအမိန့်က အကောင်အထည်ဖော်တာက ဗိုလ်ချုပ်မောင်ဘို (နိုင်ငံတော်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနစစ်ဆင် ရေး အထူးအဖွဲ့ ၃ ၏ ကာလသမျှ တပ်မတော်စစ်ဆင်ရေးနှင့် စာရင်းစစ် ချုပ် (ကြည်း၊ ရေ၊ လေ) အဖြစ် ရာထူးချခံရပြီးနောက် သေဆုံးသွား) ဗိုလ်ချုပ်ကြီးမောင်ဘို တိုင်းမှူး (အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်) ဘဝတုန်း က ရွာသူရွာသားတွေကို ဘယ်လောက်သတ်ဖြတ်ခဲ့တယ်ဆိုတာ သူ အသိဆုံးပါ' တဲ့။

ဒီသတင်းတွေကို သဲ့သဲ့ကြားခဲ့ကြပေမယ့် အတော်များများက ယုံကြည်နိုင်ခဲ့ကြပါဘူး။ ဗုဒ္ဓဘာသာ မြန်မာလူမျိုးတွေဟာ ဒီလောက်

ရက်စက်လိမ့်မယ်လို့ ဘယ်သူထင်မတုံး။ ဒီလိုမျိုးရာဇဝတ်မှုကျူးလွန်ဖို့ ဆိုတာ သံသရာကြောက်သူတိုင်း မလုပ်ရဲတဲ့ ကိစ္စပါ။ ဒီတုန်းက တိုင်းရင်းသားဒေသတွေက ကျေးရွာတွေကို စစ်အင်အားနဲ့ ခြိမ်းခြောက်ပြီး အတင်းအကျပ် ရွာတွေကို ရွှေ့ပြောင်းကြတယ်။ ဒါကိုပဲ တပ်မတော်မှာ 'ရွာစုတယ်' လို့ ခေါ်ခဲ့ကြတာပါ။ အဲဒီလို ရွာတွေကို စုတဲ့အခါမှာ အများစုက ကိုယ့်ဝပ်ကျင်းကို ဘယ်ရွှေ့ချင်ပါ့မလဲ။ သူတို့အိုးအိမ်၊ သူတို့တောင်ယာလုပ်ငန်း။ သူတို့ရေမြေဒေသမှာ ဝပ်ကျင်းမပျက်နေချင်ကြတာ သဘာဝပဲ မဟုတ်ပါလား။ ဒီတော့ မပြောင်းချင်ကြပါဘူး။ မပြောင်းဘူးဆိုတဲ့ လူတွေကို ပစ်သတ်ခဲ့တဲ့ ဖြစ်စဉ်ဟာ မြန်မာတပ်မတော်တွင်းမှာ အမှန်တကယ်ဖြစ်ပျက်ခဲ့တာပါ။

အဲဒီလိုဆိုးဆိုးရွားရွားကျူးလွန်ခဲ့တဲ့ ရာဇဝတ်မှုတွေနဲ့ ပတ်သက်ပြီး မြန်မာနိုင်ငံလူ့အခွင့်အရေးကိစ္စ စုံစမ်းတင်ပြခဲ့သူ မစ္စပိုနဲ့ရိုးကလည်း ၂၀၀၀ ခုနှစ်နဲ့ ၂၀၀၈ အတွင်းဖြစ်ရပ်တွေကို မှတ်တမ်းတင်ရင်း '*ပြီးခဲ့တဲ့ ၁၅ နှစ်တာကာလအတွင်း မြန်မာစစ်တပ်က ကျေးရွာပေါင်း ၃၃၀၀ ကျော်ကို မီးရှို့ဖျက်ဆီးခဲ့သည်။ အခုလိုကျူးလွန်သည့် စစ်သည်များကို လည်း အပြစ်ပေးအရေးယူခြင်းမရှိဘဲ လွတ်လွတ်လပ်လပ် လွှတ်ထား တယ်*' လို့ ဖော်ပြခဲ့ပါတယ်။

ဟားဗတ်တက္ကသိုလ် လူ့အခွင့်အရေး ကာကွယ်တားဆီးရေးဌာန နဲ့ လေ့လာတင်ပြချက်အရ 'နိုင်ငံတကာ ရာဇဝတ်ခုံရုံးများ၌ တာဝန်ယူခဲ့ ဖူးသော တရားသူကြီးများက ကုလသမဂ္ဂလူ့အခွင့် အရေးအစီရင်ခံစာများ ကို သုံးသပ်ကြည့်လျှင် မြန်မာနိုင်ငံတွင် ကျူးလွန်ချိုးဖောက်နေသည့် အနေ အထားသည် လူသားမျိုးနွယ်တစ်ရပ်လုံးအပေါ် ကျူးလွန်ချိုးဖောက်နေ သည့် ရာဇဝတ်မှုအနေအထား (crime against humanity) သို့ ဆိုက်ရောက်နေပြီ' လို့ သုံးသပ်တင်ပြထားပါတယ်။

ဒါတွေကို ကြည့်ခြင်းအားဖြင့် ဗိုလ်ချုပ်မှူးကြီးရဲ့ အစိတ်သား တောင် မချန်နဲ့။ အကုန်ရှင်းပစ်ဆိုတာ အသေအချာ အမိန့်ပေးခဲ့တာပါ။ 'အစိတ်သား' ဆိုတာ တပ်ထဲမှာ ကိုယ်ဝန်ဆောင်ကို ပြောတာလို့ ဆို ပါတယ်။ ၂၀၁၁ အာဏာစွန့်ဖို့အတွက် ပြင်ဆင်တဲ့အခါ ဒီအရိပ်တွေ

နောက်က လိုက်လာမှာ ကြိုမြင်ခဲ့တဲ့အတွက်လည်း ဖွဲ့စည်းပုံအခြေခံဥပဒေ ၄၄၅ မှာ

'နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့နှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့၏ ဆောင်ရွက်ချက်များ တာဝန်များနှင့် ရပိုင်ခွင့်များကိုလည်းကောင်း ဆက်ခံသည်။ ယင်းအဖွဲ့ သို့မဟုတ် အဖွဲ့ဝင်တစ်ဦးဦး သို့မဟုတ် အစိုးရအဖွဲ့ဝင်တစ်ဦးဦး၏ တာဝန်အရ ဆောင်ရွက်ချက်များအပေါ် အကြောင်းပြုလျက် ယင်းတို့အားတရားစွဲဆိုခြင်း၊ အရေးယူခြင်း မရှိစေရ'လို့ ထည့်သွင်းရေးဆွဲခဲ့ပါတယ်။

အဲဒီလိုဖွဲ့စည်းပုံမှာ ထည့်သွင်းရေးဆွဲဖို့ ကြံရွယ်ချက်ရှိပြီးသား ဖြစ်တဲ့အတွက်လည်း အစွမ်းကုန် ရမ်းကားခဲ့ပါတယ်။ ခရစ္စတီးကျွန်း လူသတ်မှုသာမက ဒီပဲယင်း လူသတ်မှုကြီးအထိ လက်ရဲဇက်ရဲ ကျူးလွန်ခဲ့ကြတယ်။ ဒါ့အပြင် ဥပဒေကို မထီမဲ့မြင်လုပ်ဆောင်လာတဲ့အထိ ကို တွေ့လာရတယ်။ ဥပမာအားဖြင့် ဒေါ်အောင်ဆန်းစုကြည်ကို နေအိမ်အကျယ်ချုပ်နဲ့ ထားပြီး အကျယ်ချုပ်နှစ်ပြည့်ခါနီးမှာ နဝတက ဥပဒေတစ်ခု ထုတ်ပြန်ပြီး ၅ နှစ်အထိ တိုးချဲ့ခဲ့ဖူးတယ်။ အဲဒီကာလတွေမှာလည်း မည်သည့်ပြစ်မှုဆိုင်ရာ ဥပဒေမျှ နောက်ကြောင်းပြန် အာဏာသက်ရောက်မှု မရှိစေရ' ဆိုတဲ့ ဥပဒေက ရှိပြီးသား။ ဒေါ်စုကို ထိန်းသိမ်းထားကာ ငါးနှစ်ချုပ်ခွင့် မရှိဘူး။ ဒါပေမဲ့ သူတို့ထုတ်တဲ့ ဥပဒေမှာ နောက်ကြောင်းပြန် အာဏာသက်ရောက်မှု ရှိခဲ့တာပဲ။ အဲဒီလိုဥပဒေကို မထီမြင်လုပ်မှုတွေဟာ နောင်လာမယ့် သူတွေကို လမ်းမှားသွန်သင်ပေးသလို ဖြစ်နေတယ်။

ပုဒ်မတွေ၊ ပုဒ်ထီးတွေ ထုတ်ပြီး မိမိရဲ့ ရာဇဝတ်မှုတွေကို ဘယ်လောက်ပဲ ကာကွယ်ဦးတော့၊ သိသရာနဲ့ သမိုင်းရေးဒဏ်ခတ်မှုကိုတော့ ဖျောက်ချင်လို့ရမှာ မဟုတ်ပေဘူး။ သမိုင်းက ပေးတဲ့ ပြစ်ဒဏ်ဟာ ဆွေစဉ်မျိုးဆက် လိုက်တတ်စမြဲပါ။ မြန်မာနိုင်ငံမှာဆို ဂျူန်ဦးစောရဲ့ မိုက်မဲချက်ဟာ အပြစ်မဲ့ သားမြေးမြစ်တွေအထိ ဒဏ်ခတ်ထားသလို ဖြစ်နေတယ်။ ဗိုလ်နေဝင်းလည်း ထိုနည်းလည်းကောင်းပါပဲ။ ဗိုလ်နေဝင်းဟာ ရှင်သန်စဉ်မို့ အခွင့်အရေးတွေ ရနေပါရဲ့နဲ့ မရှင်းနိုင်ခဲ့ဘူး။ ဒီတော့ မှတ်

တမ်းမှတ်ရာ အားနည်းပေမယ့် ပါးစပ်ရာဇဝင်အရ ဗိုလ်နေဝင်းဟာ သမိုင်းတရားခံဖြစ်ခဲ့တယ်။ ပါမောက္ခ ဦးကျော်ရင်ကို သတ်ဖြတ်မှု၊ ၆၂– ကျောင်းသားသမဂ္ဂအဆောက်အအုံ ဖျက်ဆီးမှု၊ ဗိုလ်မှူးကြီးဗထူးရဲ့သား ဗိုလ်ကြီး မြင့်ထူး ရေကြည်အိုင်မှာ သေဆုံးသွားတဲ့ကိစ္စ၊ စီအိုင်အက်ဦးတင်ထွတ်ကို လုပ်ကြံမှု စသည်ဖြင့် သူနဲ့ ပတ်သက်တဲ့ ပါးစပ်ရာဇဝင်တွေကို သူ မဖြေရှင်းနိုင်ခဲ့သလို မချေဖျက်နိုင်ခဲ့ပါဘူး။

ကမ္ဘာ့သမိုင်းမှာပဲ ကြည့်ကြည့်၊ မြန်မာ့သမိုင်းမှာပဲ ကြည့်ကြည့် အာဏာရှင်နဲ့ မင်းဆိုးမင်းညစ်တို့ရဲ့သမိုင်းတွေဟာ ပြည်သူလူထုအတွက်တော့ အော့နလုံးနာစရာတွေ ဖြစ်ခဲ့ကြတယ်။ သူတို့ရာဇဝင် သူတို့သမိုင်းဟာ ဘယ်လိုမှ ပြောင်းလဲလို့ရမှာ မဟုတ်သလို သူတို့ဟာ သေရွာက ထပြီး သူတို့အဲဒီလောက် မရက်စက်ခဲ့ဘူးဆိုတာကိုလည်း ပြန်ရှင်းပြခွင့်မရနိုင်ကြဘူး။ 'ရောမမြို့ကြီး မီးလောင်တာကို ကြည့်ပြီး နီရိုးဘုရင်ဟာ တယောထိုးနေတယ်' ဆိုတာမျိုးတွေကို ပြည်သူလူထုက ခေတ်အဆက်ဆက်သယ်ခဲ့လို့ ၂၁ ရာစုထိအောင် သိကြားလာခဲ့ကြတာပဲမဟုတ်လား။ တခြားမကြည့်နဲ့၊ လတ်တလော မျက်မှောက်ကာလကိုပဲ ကြည့်၊ ဒီပဲယင်းအရေးအခင်းမှာ အကောင်အထည်ဖော် ဦးဆောင်ခဲ့သူအဖြစ် သွားလေသူ ဗိုလ်ချုပ်ကြီး စိုးဝင်း လူထုနလုံးသားမှာ ရွံ့မုန်းစွာ စွဲမှတ်ခဲ့ကြတယ်။ ၁၉၉၇ လေးလပတ် စစ်ရုံးစည်းဝေးပွဲမှာ 'အစိတ်သားတောင် မချန်နဲ့ အကုန်ရှင်း' ဆိုတဲ့ အမိန့်ကို အကောင်အထည်ဖော်ခဲ့တဲ့ ဗိုလ်ချုပ်ကြီးမောင်ဘိုလည်း သူဒီလိုမဟုတ်ခဲ့ပါဘူးလို့ ဖြေရှင်းခွင့်မရနိုင်တော့ပါဘူး။

ဗိုလ်နေဝင်း ရှင်းလင်းချက် မလုပ်နိုင်တာကတော့ သူပြုတဲ့အမှုသူပြန်ခံရတဲ့ သဘောပါ။ ဆိုလိုတာက မီဒီယာကို တင်းကျပ်ခဲ့တဲ့အတွက် သူကျူးလွန်ခဲ့တဲ့ ရာဇဝတ်မှုနဲ့ပတ်သက်တဲ့ စွပ်စွဲချက်တွေကို ပြည်သူလူထုက သိနေတာကို သူကိုယ်တိုင် သိမသွားခဲ့တာလည်း ဖြစ်နိုင်ပါတယ်။ ဒီနေ့ခေတ် မီဒီယာ အတန်အသင့် လွတ်လပ်နေတဲ့ အချိန်မှာ နဝတ၊ *နအဖ လက်ထက်က* ရာဇဝတ်မှုတွေကို စာပေနဲ့ မှတ်တမ်းတင်ခဲ့သလို လေလှိုင်းကနေ ထုတ်လွှင့်တာတွေလည်း ရှိလာပါတယ်။ စွဲချက်အတင်ခံရတဲ့ ဗိုလ်ချုပ်ကြီးများလည်း သက်ရှိထင်ရှား ရှိနေပါသေးတယ်။ နဝတ၊

ဒေသ ကာလရဲ့ အထင်ရှားဆုံးဖြစ်တဲ့ ခရစ္စတီးကျွန်းလူသတ်မှု၊ ဒီပဲယင်းလူသတ်မှု၊ ငါးလောင်းပြိုင်လူသတ်မှု၊ ဗိုလ်တင်ဦး လေယာဉ်ပျက်ကျမှုအရှုံးတာတွေဟာ လူထုအတွက် မှတ်မှတ်ထင်ထင်ရှိသလို ဗိုလ်ချုပ်ကြီးများရဲ့ မရိုးမသားမှုလို့လည်း ယူဆခဲ့ကြပါတယ်။ ဒီလိုအချိန်ကာလမှာ ရှင်းလင်းခွင့် ရှိပါရဲ့နဲ့ မရှင်းလင်းရင် မဖြေရှင်းခဲ့ဘူးဆိုရင် 'ဆိတ်ဆိတ်နေတာ ဝန်ခံခြင်းပဲ' ဆိုတဲ့ စကားအတိုင်း လူထုမှတ်ယူမှာပါ။ ဒါဟာ မင်းဆိုးမင်းညစ်တို့ရဲ့ ပြယုဂ်အဖြစ် သမိုင်းတင်ကျန်ရစ်ခဲ့မှာမို့ စေတနာနဲ့ အကြံပြုခြင်းပါ။

'အစိတ်သားတောင် မချန်နဲ့။ အကုန်ရှင်း' ဆိုတာ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တကယ်အမိန့်ပေးခဲ့ပါသလား။

ဗိုလ်မှူးဟောင်း အောင်လင်းထွဋ် အမှန်ပြောခဲ့ပါသလား။

❧

◆ ◆ ◆

# ဗိုလ်ချုပ်ကြီးတွေ ကတိမတည်ဘူး





# ဗိုလ်ချုပ်ကြီးတွေ ကတိမတည်ဘူး

'ကိုကျော်ဝင်း ရှင်တို့တစ်တွေ၊ ဗိုလ်ကြီးတွေ၊ ဗိုလ်ချုပ်တွေ လုပ်နေကြပြီးတော့မှ ကတိမတည်ကြဘူး' တဲ့။ ဒေါ်အောင်ဆန်းစုကြည်က သောက်လှမ်းရေး ဗိုလ်မှူးချုပ် ကျော်ဝင်း (ဗိုလ်သန်းရွှေရဲ့ လူယုံ၊ ယခု ငှက်ကြည့်သင်းလူကြီး) ကို ပြောတဲ့ စကားပါ။ အဲဒီတုန်းက ဒေါ်အောင်ဆန်းစုကြည်က နေအိမ်အကျယ်ချုပ်နဲ့ အထိန်းသိမ်းခံထားရချိန်ပေါ့။ ဖြစ်ပုံက ဒီလိုပါ။

(၂၀၀၃) ခုနှစ် မေလ (၃၀) ရက်နေ့ ဒီပဲယင်းလုပ်ကြံမှုအပြီးမှာ အဲဒီလုပ်ကြံမှု မအောင်မြင်ခဲ့တဲ့အတွက် နိုင်ငံတကာရဲ့ ပြစ်တင်ရှုတ်ချခြင်းကို ကာကွယ်ဖို့အတွက် Road Map 7, လမ်းပြမြေပုံ (၇) ချက်ကို နဝတက ထုတ်ပြန်ကြေညာခဲ့ရပါတယ်။ အဲဒီထုတ်ပြန်ချက်ထဲမှာ အမျိုးသားညီလာခံ ပြန်လာလုပ်ဖို့ တစ်ချက်ပါဝင်တယ်။ အဲဒီဆွေးနွေးမှုကို ညီလာခံပြန်စရင် NLD ကလည်း ပြန်တက်ဖို့ ဆွေးနွေးကြပါတယ်။ အဲဒီဆွေးနွေးမှုများဟာ လျှို့ဝှက်ဆွေးနွေးခဲ့တာ ဖြစ်တယ်။ ဒေါ်အောင်ဆန်းစုကြည်နေအိမ်အကျယ်ချုပ်နဲ့ ထားစဉ် နအဖအဖွဲ့ဝင်တွေနဲ့ ဆွေးနွေးခဲ့တာကို ဓာတ်ပုံတွေရိုက်ပြီး မှတ်တမ်းတင်ထားတာရှိပါတယ်။ ဆွေးနွေးစဉ်က ဒီလျှို့ဝှက်ဆွေးနွေးမှုတွေကို ပြင်ပကိုအသိမပေးဖို့ သဘောတူခဲ့ကြတယ်။

ဒါပေမဲ့ နအဖအစိုးရဟာ ပြင်ပနိုင်ငံတွေက ဖိအားပြင်းထန်လာတဲ့အခါမှာ ဒေါ်စုနဲ့ လျှို့ဝှက်ဆွေးနွေးစဉ်က ရိုက်ထားတဲ့ ဓာတ်ပုံတွေကို အာစီယံမှာ လိုက်ပြပြီး နိုင်ငံခြားရေးဝန်ကြီး ဦးဝင်းအောင်တို့က စည်းရုံးရေး ဆင်းခဲ့ကြတယ်။ အဲဒီကာလတုန်းက စစ်တပ်မှာ ဒါကို Photo Diplomacy လို့ အမည်တပ်ပြီး နုံခံစစ်ကို ပြုလုပ်ခဲ့ပါတယ်။ လျှို့ဝှက်ထားရမယ်ဆိုတဲ့ ကတိကို ဖျက်ပြီး ဒေါ်စုနဲ့ အတူတကွ တွဲရိုက်ထားတဲ့ ဓာတ်ပုံတွေ ပြပြီး ပြေလည်နေပါပြီ။ ညှိနှိုင်းပြီးပါပြီဆိုပြီး နိုင်ငံတကာကို လှည့်လိမ်ခဲ့ပါတယ်။

တစ်ဖက်မှာလည်း ဗိုလ်သန်းရွှေက 'မင်းတို့ ဒီအမျိုးသမီးကို ညှိကြည့်' ဆိုပြီးတော့ ဗိုလ်ခင်ညွန့်၊ ဗိုလ်မှူးကြီးတင်လှိုင် (ပြည်ထဲရေးဝန်ကြီး)၊ ဗိုလ်မှူးချုပ်ကျော်ဝင်း (ကာကွယ်ရေး ဒုညွှန်မှူး- ဝှက်ကြည့်သင်း) နဲ့ ဗိုလ်ချုပ်သန်းထွန်း (ကာကွယ်ရေး နိုင်ငံရေးဌာနမှူး) တို့ကို ဦးဆောင်ပြီး ဒေါ်အောင်ဆန်းစုကြည်နဲ့ တွေ့ဆုံခဲ့ပါတယ်။ ဒီလိုညှိနှိုင်းကြပုံကို ဗိုလ်မှူးအောင်လင်းထွတ်ဆိုခဲ့တာက...

*'အစိုးရအဖွဲ့က ဒေါ်အောင်ဆန်းစုကြည်၊ ဦးတင်ဦးနဲ့ နိုင်ငံရေးအကျဉ်းသားတွေကိုလည်း ပြန်လွှတ်ပေးမယ်။ အမျိုးသားညီလာခံမှာလည်း ဆွေးနွေးချင်တဲ့ အပိုင်းတွေ ပြင်ဆင်ချင်တဲ့အပိုင်းတွေကို ဆွေးနွေးကြမယ်ဆိုတဲ့ သဘောတူညီချက်တွေ ယူပြီးတော့မှ ဒေါ်အောင်ဆန်းစုကြည်နဲ့ ဆွေးနွေးတယ်လို့ ကျွန်တော်တို့ သိထားပါတယ်'* လို့ VOA မှာ ပြောဆိုခဲ့ပါတယ်။

ဒီလိုအခွင့်အရေးတွေရရင် ဒေါ်စုဘက်ကလည်း ဒီပဲယင်းလုပ်ကြံမှုကို အပြစ်မယူတော့ဘဲ ၂၀၀၄ မှာ ပြန်လည်ကျင်းပမယ့် အမျိုးသားညီလာခံကို ပြန်တက်မယ်လို့ သဘောတူပေးခဲ့ပါတယ်။ အဲဒီနောက်ပိုင်း ဗိုလ်သန်းရွှေက ဒုတိယအကြိမ်ဆွေးနွေးနိုင်းချိန်မှာတော့...

*'ကျွန်တော်သိရသလောက်ကတော့ ဒေါ်အောင်ဆန်းစုကြည်ကို ဗိုလ်ချုပ်ကျော်ဝင်းတို့၊ ဗိုလ်ချုပ်သန်းထွန်းတို့၊ ဗိုလ်မှူးကြီးတင်လှိုင်တို့ အဖွဲ့က ပြန်ပြီးတော့မှ ဗိုလ်ချုပ်မှူးကြီးသန်းရွှေပြောခိုင်းတဲ့ဟာကို သွား ပြောတယ်။ ဘာပြောခိုင်းလဲဆိုတော့ အမျိုးသားညီလာခံမှာ NLD အရင်*

ဆိုထားပါ။ ပြီးမှ အခြေအနေကြည့်ပြီးတော့ ဒေါ်အောင်ဆန်းစုကြည်နဲ့ ဦးတင်ဦးတို့အဖွဲ့တွေ၊ ကျန်တဲ့အဖွဲ့တွေ လွှတ်ပေးမယ်ဆိုတဲ့ဟာကို ပြင်ဆင်တော့မှ Amenmdment (ပြင်ဆင်ချက်) ပေါ်လေ၊ သွားပြောတာ ကို ဘိုရတယ်' လို့ ဗိုလ်မှူးအောင်လင်းထွတ်က ဖွင့်ဟဝန်ခံခဲ့ပါတယ်။

အဲဒီလိုဒုတိယပြင်ဆင်ချက်ကို ဗိုလ်ချုပ်ကျော်ဝင်းတို့လာပြောတုန်းခါ ဒေါ်အောင်ဆန်းစုကြည်က... 'ကိုကျော်ဝင်း ရှင်တို့တွေ ဗိုလ်ကြီးတွေ၊ ဗိုလ်ချုပ်တွေ လုပ်နေကြပြီးတော့မှ ကတိမတည်ဘူး' ဆိုပြီး ပြန်ပြောခဲ့တဲ့အကြောင်း ဗိုလ်မှူးအောင်လင်းထွတ်က VOA မှ ရော်နီငြိမ်းနဲ့ တွေ့ဆုံခန်းမှာ ထွက်ဆိုသွားခဲ့တာပါ။

တကယ်တော့ ဗိုလ်ချုပ်ကြီးတွေ ကတိမတည်တာ အခုမှ မဟုတ်ပါဘူး။ ၁၉၅၈ အိမ်စောင့်အစိုးရလက်ထက်မှာ ပေးခဲ့တဲ့ ကတိကိုလည်း ဖျက်ခဲ့တာပါပဲ။ အဲဒီတုန်းက ဗိုလ်နေဝင်းက 'တပ်မတော်က အာဏာသိမ်းမည်ဆိုလျှင် ကျွန်တော့်အနေနဲ့ ခေါင်းဆောင်အဖြစ်လည်းကောင်း၊ နောက်လိုက်အဖြစ်လည်းကောင်း မည်သည့်နည်းနှင့်မျှ ပါဝင်မည် မဟုတ်ပါ' လို့ ကတိပေးခဲ့ပါတယ်။ ၁၉၆၂ ကျတော့ ဗိုလ်နေဝင်းကိုယ်တိုင်အာဏာသိမ်းခဲ့တာပဲ မဟုတ်ပါလား။

ကတိဖျက်ခြင်းဟာ စံချိန်ဟာတစ်ခုဆိုရင် လောကပါလတရားတွေ ဖျက်စီးခဲ့တာ ကြာပြီပဲ။ ဗိုလ်နေဝင်းဟာ အကြီးဆုံးကတိဖျက်ပြီးနောက်မှာတော့ လူထုကို အမျိုးမျိုးလိမ်ညာခဲ့ပြန်ပါတယ်။ သိသာအထင်ရှားဆုံးကတော့ ၁၉၈၇ မှာ ၇၅/-တန်တွေ ငွေစက္ကူတွေ ဖျက်သိမ်းတော့မယ်ဆိုတဲ့ ကောလာဟလထွက်ပေါ်ချိန်မှာတော့ မြောက်ဥက္ကလာပက သူတချို့ကို ဖမ်းဆီးပြီး ငွေစက္ကူဖျက်သိမ်းမယ့် အကြောင်း ကောလာဟလဖြန့်လို့ဆိုပြီး ဖမ်းပြလိုက်ပါတယ်။ ဒီအကြောင်းကို သတင်းစာတွေထဲမှာ ထည့်ပြီး မဟုတ်သယောင်ယောင်နဲ့ လူထုကို လိမ်ညာခဲ့တယ်။ ညာပြီးလို့ သုံးလနီးပါးအကြာမှာတော့ ၇၅/-၊ ၃၅/-၊ ၂၅/-၊ ကျပ် - တန် ငွေစက္ကူတွေကို ဖျက်သိမ်းကြောင်း ကြေညာခဲ့ပါတယ်။

(၈၈) အရေးတော်ပုံကြီးပြီးလို့ နဝတအစိုးရတက်လာတော့လည်း ရွေးကောက်ပွဲပြီးလျှင် အနိုင်ရပါတီကို အာဏာလွှဲပေးမယ်ဆိုတဲ့ကတိကို

၁/၉၀ နှင့် ကြေညာချက်နဲ့ ကတိဖျက်ခဲ့ပြန်ပါတယ်။ ၁/၉၀ အရ အနိုင်ရပါတီရဲ့ လွှတ်တော်ကိုယ်စားလှယ်များက ညီလာခံလုပ်ပြီး ဖွဲ့စည်းပုံရေးဆွဲဖို့ တာဝန်ရှိတယ်လို့ ကြေညာပြီး ဒီကြေညာချက်ကို ညီလာခံကျင်းပရေးကော်မတီဝင်ပြီး ကတိကို ဖျက်ခဲ့ပြန်ပါတယ်။ အဲဒီကတိဖျက်ခြင်းတွေဟာ ပြည်သူလူထုကို လိမ်ညာတဲ့ အဆင့်ရောက်ခဲ့ပါတယ်။ လူတစ်ဦးအပေါ်မှာ ကတိဖျက်ခြင်း မဟုတ်ဘဲ ပြည်သူတစ်ရပ်လုံးကိုပါ ကတိဖျက် လိမ်ညာတဲ့အဆင့်ပါ။

အခုလည်း လက်ရှိ သမ္မတဦးသိန်းစိန် (ဗိုလ်ချုပ်ကြီးငြိမ်း) ပေါ့။ သူလည်း ဒေါ်အောင်ဆန်းစုကြည်နဲ့ ဘာကတိတွေ ပေးထားလဲတော့ မသိဘူး။ အခုဒေါ်အောင်ဆန်းစုကြည်က ဦးသိန်းစိန် ကတိဖျက်တယ်လို့ ဆိုလာပါတယ်။ ဗိုလ်ချုပ်ကြီး (ငြိမ်း) ဦးသိန်းစိန်လည်း ကတိပျက်တာပါပဲလား။ ဗိုလ်ချုပ်ကြီးတွေရဲ့ အဲဒီကတိပျက်မှုတွေကို ကြုံတွေ့ရဖန်များလာတော့ ပြည်သူလူထုက တပ်မတော်တစ်ခုလုံးကို မယုံဘူးဖြစ်လာပါတယ်။ အခုဒေါ်အောင်ဆန်းစုကြည်နဲ့အတူ ဖွဲ့စည်းပုံပြင်ဆင်ရေး လမ်းကြောင်းပေါ်က ဗိုလ်ရွှေမန်း။ သူရအောင်ကိုတို့ကိုရော လူထုက ဘယ်အတိုင်းအတာထိ ယုံရမှာလဲ။ လိုချင်တာတွေ ရပြီးရင် အရင်လူတွေ၊ အရင်ဗိုလ်ချုပ်တွေကလို ကတိတစ်လုံးကို ဖျက်ကြဦးမှာပါလား။

ဗိုလ်နေဝင်း။ ဗိုလ်စောမောင်၊ ဗိုလ်သန်းရွှေ၊ ဗိုလ်သိန်းစိန်တို့အဆုံး ထိပ်တန်းတပ်မတော်ရဲ့ ဗိုလ်ချုပ်ကြီးတွေ ဘာလို့ ကတိတစ်လုံးကို ဖျက်ခဲ့ကြတာလဲ။ ရာဇဝင်ရာဇ်အရေးတော်ပုံထဲက လဝှမ်းအိမ်လောက်တောင် စိတ်ဓာတ်ရေးရာ မမြင့်မြတ်ကြတာ ဘာလို့လဲ။ စဉ်းစားစရာပါ။ သင်ယူမှုပဲ မှားယွင်းခဲ့သလား။ သို့တည်းမဟုတ် ခံယူမှုပဲ မမှန်ခဲ့လေသလား။ ဒေဝဒတ်ကို ဆရာတင်ခဲ့မိတဲ့ အဇာတသတ်လိုဆိုရင်တော့ မတွေးဝံ့စရာပါ။

ဘာပဲဖြစ်ဖြစ် ဒီနေရာမှာ လဝှမ်းအိမ်က ရာဇဝင်ရာဇ်ကို နှုပ်ချဲ့ပြစ်တင်ပုံလေး စကားပြောပါရစေ။ 'ရာဇဝင်ရာဇ်သည် တရားသောနည်းလမ်းဖြင့် အောင်နိုင်မည်ကို မယူ၊ သစ္စာပြုဟန်ဖြင့် မဖြောင့်မမှန်လိမ်လည်လုပ်ကြံပြီးမှ အနိုင်ယူလိုသည်။ စဉ်းလဲမှုဖြင့် ဥပါယ်ပြုပြီးမှ အနိုင်

ညီကြီးသည်။ အောင်သည်ထားဦး။ ပဲခူးအမည်ကို ဖျက်၍ မည်သို့ ဆက်လက်ခေါ်ဝေါ်ရပါမည်နည်း' လို့ စွပ်စွဲပြစ်တင်လျှောက်တင်ခဲ့ပါတယ်။ ဆိုလိုချင်တာကတော့ တစ်ချိန်က ပဲခူး (ဥပါယ်နိုး) လို့ ခေါ်ခဲ့တာပါ။ ဥပါယ်နိုးကမှ တစ်ဆင့် ပဲခူးဖြစ်လာခဲ့တာပါ။ ဥပါယ်နိုးဆိုတာ မပြောင် နိလိမ်လည်ခြင်း။ စဉ်းလဲမှုဖြင့် ဥပါယ်ပြုခြင်းဆိုတဲ့ အဓိပ္ပါယ်ရတယ် လို့ ဆိုပါတယ်။ ဒါကြောင့်ဥပါယ်နိုးဆိုတဲ့ နာမည်ဆိုးအပြင်ထပ်ပြီး ညစ် ညမ်းတဲ့ အမည်ဆိုးတစ်ခု ဘယ်လိုခေါ်ဝေါ်ရပါ့မလဲလို့ လွှမ်းအိမ်ကပြော တာပါ။

ဒါကြောင့် ကာတိပျက်သူတွေ၊ ကာတိဖျက်သူတွေကို နောင်တစ် ခါ ပြန်ဟာသမိုင်းမှာ 'ဥပါယ်နိုး ဗိုလ်ချုပ်ကြီးတွေ' လို့ တစ်ခန်းတစ် ကျာနဲ့ စွပ်စွဲပြစ်တင်မှာကို စိုးရိမ်မိကြောင်းပါဗျာ။

●

◆ ◆ ◆

# အကြမ်းဖက်အစိုးရ၏ ရာဇဝတ်မှုများ (၁)





# အကြမ်းဖက်အစိုးရ၏ ရာဇဝတ်မှုများ (၁)

မဟာသန္တိသုခကျောင်းတိုက်ကို အကြမ်းဖက်အဖွဲ့က ဝင်ရောက်သိမ်းပိုက်သွားတယ်ဆိုတဲ့ သတင်းကို ည ၁၁ နာရီခန့်မှာ ကြားလိုက်ရတယ်။ မအံ့သြမိပါဘူး။ ဒါပေမဲ့ အစိုးရသစ်လက်ထက်မှာ ဒါဟာ လက်ရဲဇက်ရဲအနိုင်ဆုံး မဟုတ်ပါလား။ အစိုးရကိုယ်တိုင် အကြမ်းဖက်လုပ်ရပ်ကို ကျူးလွန်တာ ဒါပထမဆုံးအကြိမ်တော့ မဟုတ်ဘူး။ ၁၉၈၈ နဝတလက်ထက်ကနေ နအဖကာလတစ်လျှောက်လုံး ကျူးလွန်ခဲ့တာအကြိမ်ကြိမ်ပါ။ နိုင်ငံတကာကလည်း state terrorist (အကြမ်းဖက်အစိုးရ) လို့ သုံးနှုန်းခဲ့ကြဖူးတယ်။ အဲဒီလို အစိုးရကိုယ်တိုင် အကြမ်းဖက်ရာဇဝတ်မှုကျူးလွန်ခြင်းတွေကိုတော့ နယ်စပ်ဒေသရှိ တိုင်းရင်းသားများသာမက မြေပြန့်ဒေသ ရန်ကုန်၊ မန္တလေးပါမကျန် ခံစားခဲ့ရတာ အခုထိသွေးအေးခဲသွားသေးဘူး။

သာဓကအနေနဲ့ဆိုရင် ပါတီတွေထဲမှာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဟာ အခံရဆုံးပါပဲ။ ၁၉၈၉ ကတည်းက အမျိုးစုံဖိနှိပ်ခဲ့တာ။ NLD ဟာ ၁၉၉၀ ရွေးကောက်ပွဲအနိုင်ရပြီးနောက်မှာတော့ ဖိနှိပ်ခံရမှုဟာ ပြင်းထန်လာခဲ့တယ်။ ၁၉၉၂ ပြီနောက်ပိုင်း ဗိုလ်သန်းရွှေ အာဏာသိမ်းပြီးနောက်မှာ သိသိသာသာ ပိုဆိုးလာပါတော့တယ်။ NLD ကို အာဏာမလွှဲတော့ဘူးဆိုတာ သေချာသွားတဲ့အခါ ဗိုလ်ချုပ်ကြီးများဟာ

ပိုမိုအတင့်ရဲလာကြပါတော့တယ်။ ရုန်းရင်းကြမ်းတမ်းတဲ့ စကားတွေနဲ့ စော်ကားလာကြတယ်။ ရောဝတီတိုင်းက တိုင်းမှူး ဗိုလ်ချုပ်မြင့်အောင်ဆိုရင် 'ဒီမိုကရေစီတော့ မရဘူး။ ဒါတော့ရမယ်ဆိုပြီးတော့' ကော့ပြခဲ့တဲ့အထိပါပဲ။

ဗိုလ်မှူး အောင်လင်းထွတ်ရဲ့ ထွက်ချက်မှာတော့ 'NLD ကို အမြစ်ဖြတ်ချေမှုန်းကြရမယ်' လို့ ဗိုလ်သန်းရွှေက အမိန့်ပေးခဲ့တယ်လို့ ဆိုပါတယ်။ အစီအစဉ်တကျပြောရရင် ၁၉၉၃ အမျိုးသားညီလာခံကျင်းပမယ့်အကြောင်း ကြေညာပြီးနောက်မှာတော့ NLD ကို အမြစ်ဖြတ်ချေမှုန်းဖို့အတွက် အစီအစဉ်တွေ ဆွဲခဲ့တယ်လို့ ဆိုပါတယ်။ ဒီအတွက်လည်း ၁၉၉၃ စက်တင်ဘာ ၁၅ ရက်နေ့မှာ ပြည်ထောင်စုကြံ့ခိုင်ရေးနဲ့ ဖွံ့ဖြိုးရေးအသင်းကို စတင်တည်ထောင်ဖွဲ့စည်းပါတယ်။ ဖွဲ့စည်းစဉ်ကတော့ လူမှုရေးအသင်းအဖွဲ့အဖြစ်ဖွဲ့စည်းခဲ့တာ ဖြစ်တယ်။ ဒီအသင်းရဲ့ နာယကဟာ ငြိမ်/ဝိအကြီးအကဲနဲ့ နိုင်ငံတော်သမ္မတ ဗိုလ်ချုပ်မှူးကြီးသန်းရွှေဖြစ်တယ်။ အဲဒီဖွဲ့စည်းတဲ့ ကြံ့/ဖွံ့မှာ ဥက္ကဋ္ဌ မပါရှိပါဘူး။

ကြံ့/ဖွံ့ အဖွဲ့အစည်းဟာ အခုမှ ပေါ်လာတဲ့ အသစ်အဆန်း အဖွဲ့အစည်းတစ်ခုတော့ မဟုတ်ပါဘူး။ ၁၉၅၈ ခုနှစ် စစ်တပ်က အာဏာသိမ်းဖို့ ကြံရွယ်ချက်ကြောင့် ဦးနုက အိမ်စောင့်အစိုးရအဖြစ် ဗိုလ်နေဝင်းကို အာဏာလွှဲပေးတဲ့ အချိန်က စပြီး ပေါ်လာတာ အားလုံးအသိဖြစ်တယ်။ ဗိုလ်နေဝင်းဟာ နိုင်ငံတော်ကြံ့ခိုင်ရေးအသင်းကို စစ်တပ်ရဲ့ ခါးပိုက်ဆောင် လက်ကိုင်တုတ်တစ်ခုအဖြစ် အသုံးချဖို့ မွေးဖွားပေးခဲ့တာပါ။ အဲဒီအဖွဲ့ကို (ကကပြည်) လို့ ခေါ်တဲ့ ပြည်သူ့ဆက်ဆံရေးနဲ့ စိတ်ဓာတ်စစ်ဆင်ရေးဌာနက ဦးဆောင်ဖွဲ့စည်းပေးခဲ့တာ။ အဲဒီကာလ ၁၉၅၈ မှာတော့ ဗိုလ်သန်းရွှေဟာ ဗိုလ်ကြီးအဆင့်နဲ့ တာဝန်ယူခဲ့ရတာပါ။ ဒါကြောင့် ၁၉၅၈ ကြံ့ခိုင်ရေးအသင်းရဲ့ ထိုစဉ်က ရည်ရွယ်ချက်ကိုလည်း သိပြီး အစမှ အဆုံး အကောင်အထည်ဖော်တာတွေကို တွေ့ကြုံခဲ့ရဖူးတယ်။ ၁၉၅၈ ကြံ့ခိုင်ရေးအသင်း တည်ထောင်ခြင်းရဲ့ အဓိကရည်ရွယ်ချက်ကတော့ စစ်အာဏာရှင်စနစ် တည်ထောင်ရေးအတွက် မဟာဗျူဟာတစ်ရပ်အဖြစ် ကြိုတင်ပြင်ဆင်ချက်တစ်ခု ဖြစ်ပါတယ်။

ဒီလိုအကြောင်းအချက်တွေကို သိပြီး ကြံ့တွေ့ဖူးပြီးဖြစ်တဲ့ဗိုလ်သန်းရွှေဟာ ကြံ့ဖွံ့ဖွဲ့ကို ၁၉၉၃ မှာ ပြည်ထဲရေးမှာ အသင်းအဖွဲ့ မှတ်ပုံတင်ပြီး စစ်တပ်ရဲ့ လက်ကိုင်တုတ်အဖြစ် အသုံးချခဲ့ပါတယ်။ ၁၉၉၅ ဒေါ်အောင်ဆန်းစုကြည် နေအိမ်အကျယ်ချုပ်က လွတ်လာတဲ့ အချိန်၊ NLD ဟာ ညီလာခံကနေထွက်ခဲ့ပါတယ်။ ဒါကို မကျေနပ်တဲ့အတွက် ဗိုလ်သန်းရွှေဟာ ကြံ့ဖွံ့လက်အောက်ခံအဖွဲ့အစည်းနှစ်ခုကို လျှို့ဝှက်ဖွဲ့စည်းစေခဲ့ပြန်ပါတယ်။ ဒီအချက်နဲ့ပတ်သက်ပြီး ဗိုလ်ခင်ညွန့်က လျှပ်စစ်ပြက်ဂျာနယ် အယ်ဒီတာချုပ် ဦးမြတ်ခိုင်နဲ့ တွေ့ဆုံမေးမြန်းခန်းမှာ

*ဦးမြတ်ခိုင် – အဲဒီအချိန်မှာ ထောက်လှမ်းရေးအပြင်သက်သက် သုံးပေးတဲ့ အဖွဲ့တွေ ရှိမှာပေါ့နော်။*

*ညွန့် – ရှိမှာပေါ့။ နာမည်တော့ ထုတ်ပြောလို့ မကောင်းဘူး ပေါ့။ ထုတ်ပြောလို့ မကောင်းလို့ ရှိပါတယ်။ ကျွန်တော်လည်း သိတယ်။ ကိုယ့်လောက် ရှိပါတယ် တဲ့။*

ဒါ ဗိုလ်ခင်ညွန့်ကိုယ်တိုင် ဝန်ခံထွက်ဆိုပေးခဲ့တာပါ။ ကြံ့ဖွံ့လက်အောက်မှာ နှစ်ဖွဲ့ဖွဲ့ခဲ့ပါတယ်။ အကြမ်းဖက်လုပ်ရပ်တွေလုပ်ဖို့ပါ။ အဲဒီအဖွဲ့တွေက 'စွမ်းအားရှင်အဖွဲ့နဲ့' နောက်တစ်ခု 'ပြည်သူ့ဆက်ဆံရေးနဲ့ စိတ်ဓါတ်စစ်ဆင်ရေး' ဆိုတဲ့ အဖွဲ့ပါ။ လူအများစုသိတာက 'စွမ်းအားရှင်' အဖွဲ့ပါ။ အဲဒီစွမ်းအားရှင်အဖွဲ့ရဲ့ အထက်က မဟာဗျူဟာရေးဆွဲပြီး စေနိုင်းတာက 'ပြည်သူ့ဆက်ဆံရေးနဲ့ စိတ်ဓါတ်စစ်ဆင်ရေး' အဖွဲ့ပါ။ ဒီအဖွဲ့ဟာ စစ်တပ်ထဲက ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓါတ်စစ်ဆင်ရေးအတိုင်း ဖွဲ့စည်းထားတာ ဖြစ်သလို တပ်ထဲကအဖွဲ့နဲ့ မကင်းခဲ့ပါဘူး။ အဲဒီစိတ်ဓါတ်စစ်ဆင်ရေးအဖွဲ့မှာ ဗိုလ်မှူးကြီးတွေ၊ ဗိုလ်ချုပ်တွေလည်း ပါခဲ့ပါတယ်။

အဲဒီလို ကြံ့ဖွံ့လက်အောက်ခံ အကြမ်းဖက်အဖွဲ့အစည်းတွေ ဖွဲ့ပြီးနောက်က စပြီး အစိုးရကိုယ်တိုင် အကြမ်းဖက်ဖို့အတွက် လုပ်ဆောင်လာကြပါတော့တယ်။ အစိုးရကိုယ်တိုင် အကြမ်းဖက်မှုကို ကျူးလွန်တယ်လို့ ပြောဖို့အတွက် အထောက်အထားအများကြီး ရှိပါတယ်။ အထင်ရှားဆုံး ဥပမာတစ်ခုကို ပြရမယ်ဆိုရင် မီးရထားဝန်ကြီး ဦးဝင်းစိန်ရဲ့ ဟောပြော

ချက်နဲ့တင် လုံလောက်ပါတယ်။ (၁၊ ၁၁ ၊၁၉၉၆) ခုနှစ် နေ့လယ် ၂ နာရီခန့်မှာ အင်းတော်မြို့နဲ့ တစ်မိုင်လောက်သာ ကွာဝေးတဲ့ လယ်ပြင်ကျေးရွာ ကြံ့ဖွံ့အဆိုပြုလွှာ ပေးအပ်ပွဲအခမ်းအနားမှာ မီးရထားဝန်ကြီး ဦးဝင်းစိန်က ‘ပြည်တွင်းနိုင်ငံရေးမတည်ငြိမ်အောင် လုပ်သူ ဒေါ်စုကြည်ကို သုတ်သင်ရှင်းလင်းပစ်ရမည် ဖြစ်ကြောင်း။ သုတ်သင်ရှင်းလင်းပစ်ရမည်ဆိုတာ နားလည်ကြပါသလား။ သတ်ပစ်ရမှာကို ဆိုလိုကြောင်းပြောပြီး တစ်ဆက်တည်း ‘ဒေါ်စုကြည်ကို သတ်ရဲသလား’ ဆိုပြီး ကြံ့ဖွံ့အဖွဲ့တွေကို မေးပါတယ်။

မီးရထားဝန်ကြီးဦးဝင်းစိန်အပြင် နယခတိုင်းမှူး ဗိုလ်ချုပ်ကြီးထွန်းကြည်ကလည်း နိုင်ငံခြားခရီးစဉ်တစ်ခုမှာ ဒေါ်စုကြည်ဟာ မြန်မာ့နိုင်ငံရေးမှာ ပုရွက်ဆိတ်မျှသာဖြစ်တယ်။ အချိန်မရွေး ခြေပစ်လို့ရတယ်’ လို့ ပြောဆိုခဲ့ပါတယ်။ နောက်ဆုံးတော့လည်း ဗိုလ်သန်းရွှေ၊ ဗိုလ်ထွန်းကြည်အပါအဝင် အေးသောင်း၊ မြင့်အောင် စတဲ့ ဗိုလ်ချုပ်ကြီးများအုပ်စုကို ပုရွက်ဆိတ်ခြေသလို ခြေပစ်တာ ခံသွားရရှာပါတယ်။

အဲဒီလို ၁၉၉၆ ဝန်းကျင်က စပြီး အစိုးရကိုယ်တိုင် အကြမ်းဖက်ဖို့ ကြံရွယ်လာတာကို တွေ့လာရပါတယ်။ ‘အစိုးရ’ လို့ ပြောရတာက ဗိုလ်ချုပ်ကြီးများရဲ့ စကား။ ဝန်ကြီးများရဲ့ နှုတ်ထွက်စကားအရ ပြောရခြင်းပါ။ ဝန်ကြီး၊ ဗိုလ်ချုပ်ကြီးများဟာ အစိုးရအဖွဲ့ဝင်တွေ မဟုတ်ပါလား။ မီးရထားဝန်ကြီး ဦးဝင်းစိန်ရဲ့ ၁၉၉၅ ကသာခရိုင် မီးလင်းရေးအခမ်းအနားမိန့်ခွန်းတွေ၊ ၁၉၉၆ နိုဝင်ဘာ ၁ ရက်နေ့က ခရိုင်အင်းတော်မြို့နယ်၊ လယ်ပြင်ကျေးရွာမှာ ပြောခဲ့တဲ့ မိန့်ခွန်းတွေဟာ ၂၀၀၃ ခုနှစ် ဒီပဲယင်း အကြမ်းဖက်ရာဇဝတ်မှုကြီးအတွက် ကြိုတင်ကြံစည်လမ်းခင်းခြင်းတွေ ဖြစ်ခဲ့ပါတယ်။ အဲဒီဝန်ကြီးများနဲ့ ဗိုလ်ချုပ်ကြီးများရဲ့ နှုတ်ထွက်စကားတွေအရ အစိုးရကို ကိုယ်တိုင် အကြမ်းဖက်ရာဇဝတ်မှု ကျူးလွန်ဖို့အတွက် လှုံ့ဆော်ပေးခဲ့တဲ့ လှုံ့ဆော်ရေးသမားတွေအဖြစ် သမိုင်းစွဲချက်တင်ကြရမှာပါ။ ဒီအဖြစ်အပျက်တွေဟာ ၂၀၀၃ ဒီပဲယင်းလုပ်ကြံသတ်ဖြတ်မှုကြီးရဲ့ ခြေဆင်းများပင် ဖြစ်နေပါတော့တယ်။

◆ ◆ ◆

# အကြမ်းဖက်အစိုးရ၏ ရာဇဝတ်မှုများ (၂)





# အကြမ်းဖက်အစိုးရ၏ ရာဇဝတ်မှုများ (၂)

၁၉၉၃ ခုနှစ် စက်တင်ဘာလ (၁၅) မှာ ကြံ့ဖွံ့အစိုးရကို ဖွဲ့ခဲ့တယ်။ ကြံ့ဖွံ့အဖွဲ့ဆိုတာ အဲဒီအချိန်က အသင်းအဖွဲ့မှတ်ပုံတင်ခဲ့တာပါ။ အဲဒီကြံ့ဖွံ့အသင်းကြီးထဲမှာ အစိုးရဝန်ထမ်းတွေ၊ စစ်သား၊ စစ်ဗိုလ်ချုပ်တွေ၊ ပညာတတ်ပုဂ္ဂိုလ်တွေ၊ ဆရာဝန်တွေ၊ ဆရာ၊ ဆရာမတွေ စသတိုင် မပါမနေရ၊ မဝင်မနေရ ဖွဲ့စည်းပါဝင်စေခဲ့တာပါ။ လူငယ်ပိုင်းမှာဆိုရင်လည်း တက္ကသိုလ်ကျောင်းသားတွေ၊ အထက်တန်းကျောင်းသားတွေအဆုံး အားလုံးပါဝင်စေခဲ့ပါတယ်။ ကျောင်းဝင်ခွင့်တင်တာနဲ့ ကြံ့ဖွံ့အဖွဲ့ဝင်လျှောက်လွှာကို ဦးစွာထုတ်ပေးခဲ့တာပါ။ ဒါတွေကို စာဖတ်သူ သိပြီးဖြတ်ကျော်ပြီး ဖြစ်ပါတယ်။ ဒါ့အပြင် ရပ်ကွက်ထဲက လူလေလူလွင့်တွေ မူးယစ်ဆေးဝါးရောင်းချသူတွေနဲ့ ချဲဒိုင်တွေအဆုံး အားလုံးကို ပါဝင်စေခဲ့တာပါ။

နဝတအစိုးရက ဖွဲ့စည်းပေးပြီး နဝတအစိုးရအဖွဲ့ထဲက စစ်ဗိုလ်ချုပ်ကြီးတွေက ဦးဆောင်ခဲ့ပါတယ်။ နဝတအစိုးရအဖွဲ့ဝင်အားလုံးပါဝင်ပတ်သက်ခဲ့တာမို့ ကြံ့ဖွံ့အဖွဲ့ရဲ့ လုပ်ဆောင်မှုမှန်သမျှ အားလုံးကို နဝတ၊ နအဖ ထိပ်ပိုင်းပုဂ္ဂိုလ်ကြီးတွေက တာဝန်ခံကြရမှာပါ။ စစ်အစိုးရကို ကျားကန်ပေးရတဲ့ လျှို့ဝှက်အကြမ်းဖက်အဖွဲ့အဖြစ် လှုပ်ရှားစေခဲ့တာပါ။ ဒါတွေကိုတော့ စွမ်းအားရှင်နဲ့ ပြည်သူ့ဆက်ဆံရေးနဲ့ စိတ်ဓါတ်

စစ်ဆင်ရေးအဖွဲ့တွေက အကောင်အထည်ဖော် ဆောင်ရွက်ကြရတာပဲ ဖြစ်ပါတယ်။ ဒါကြောင့် ကြံ့ဖွံ့ကပဲ လုပ်လုပ်၊ စွမ်းအားရှင်ကပဲ လှုပ်ရှား လှုပ်ရှား အစိုးရအဖွဲ့က တာဝန်ခံရမှာ ဖြစ်တဲ့အတွက် အစိုးရကိုယ်တိုင် အကြမ်းဖက်ခဲ့တဲ့ ရာဇဝတ်မှုများအဖြစ် သမိုင်းစွဲချက်တင်ရခြင်းပါ။

မီးရထားဝန်ကြီး ဦးဝင်းစိန်က 'ဒေါ်စုကြည်ကို သတ်ပစ်' ဆိုတဲ့ ကြိုတင်လမ်းပြနှပ်ကြောင်းပေးသွားတာနဲ့ ဗိုလ်ထွန်းကြည်ရဲ့ကြိုတင်နှပ်ကြောင်းပေးတာကို တင်ပြခဲ့ပြီးပါပြီ။ အဲဒီလိုဝန်ကြီးတွေ၊ ဝန်ကြီးချုပ်တွေ အတင့်ရဲလာစေဖို့အတွက်လည်း ၅/၉၆ ကို ကြေညာခဲ့တယ်။ ဒီကြေညာချက်အရ အမျိုးသားညီလာခံကို ဝေဖန်ပါက ထောင်ဒဏ်အနှစ် ၂၀ အထိ အမိန့်ပေးချမှတ်နိုင်တယ်လို့ဆိုပြီး NLD ကိုရော လူထုကိုပါ ခြိမ်းခြောက်ခဲ့သလို တကယ်လည်း ထောင်ချခဲ့ပါတယ်။ အမျိုးသားညီလာခံဆိုတာ ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲဖို့အတွက် ဆွေးနွေးညှိနှိုင်းရတဲ့ သဘောပါ။ ဆွေးနွေးညှိနှိုင်းခြင်းတွေကို ပြည်သူကို ချပြမယ်။ ပြည်သူလူထုရဲ့ ဝေဖန်သုံးသပ်ချက်ကို ပြန်လည်နားထောင်ရမယ်။ လူထုကိုလည်း ဆွေးနွေးတင်ပြခွင့်ပေးရမယ်။ ဒါတွေကို လျစ်လျူရှုပြီး ဝေဖန်သုံးသပ်သူကို အနှစ်နှစ်ဆယ်ပြစ်ဒဏ်ပေးတာတွေ တစ်ဖက်သတ်ဆန်လွန်းတယ်။

အခြားတစ်ဖက်ကလည်း စွမ်းအားရှင်တွေကို အသုံးချပြီး NLD ကို အကြမ်းဖက်နှိပ်နင်းဖို့ လုပ်လာတယ်။ ၁၉၉၆ နိုဝင်ဘာ ၁ ရက်နေ့ ဝန်ကြီးဦးဝင်းစိန်ရဲ့ ဒေါ်စုကြည်ကို အသေသတ်ဆိုတဲ့ လမ်းညွှန်ချက်ပေးပြီးနောက် နိုဝင်ဘာ ၉ ရက်နေ့မှာ နာမည်ကျော် ကုက္ကိုင်းလမ်းဆုံ အကြမ်းဖက်မှုကို ငြိမ်/ဝ ရဲ့ လက်ပါးစေ စွမ်းအားရှင်အဖွဲ့က ကျူးလွန်ခဲ့ပါတယ်။ မျက်မြင်သက်သေတွေရဲ့ ပြောကြားချက်အရဆိုရင် ဦးကြည်မောင်အိမ်က အထွက်မှာ ရှေ့က ပွိုင့်ကား (ဗီဒီယိုရိုက်)၊ နောက် ဒုတိယ ဒေါ်အောင်ဆန်းစုကြည်ကားနောက် ဦးတင်ဦး၊ ဦးကြည်မောင်တို့ ကားဖြစ်ပြီး စတုတ္ထကားကတော့ ထောက်လှမ်းရေးကား ဖြစ်တယ်။ ကား ၄ စီး ဦးကြည်မောင်အိမ်ရှေ့ကနေ ရှေ့ဆင့် နောက်ဆင့် ထွက်လာချိန်မှာ ရှေ့ဆုံးက ပွိုင့်ကားက လွဲပြီး ကျန်ကားသုံးစီးလုံး အရိုက်ခံရတယ်။

နောက်ဆုံးက ထောက်လှမ်းရေးကားပါ အရိုက်ခံရတာနဲ့ ပတ်သက်ပြီး 'ကုက္ကိုင်းမှာ ဒေါ်အောင်ဆန်းစုကြည်ကားကို ချောင်းရိုက်တဲ့ ကိစ္စဖြစ်ဖူးတယ်' ဆိုတဲ့ ဦးမြတ်ခိုင်ရဲ့ အမေးကို ဗိုလ်ခင်ညွန့်က 'ကျွန်တော်တို့ ကောင်တွေတောင် အရိုက်ခံရသေးတယ်' လို့ အဖြေပေးခဲ့တယ်။

မှန်ပါတယ်။ 'ကုက္ကိုင်းအကြမ်းဖက်မှု' မှာ ထောက်လှမ်းရေးတပ်မှ ဗိုလ်ကြီးနေစိုးကိုယ်တိုင် အရိုက်ခံခဲ့ရဖူးတယ်။ ဒါနဲ့ပတ်သက်ပြီး ဗိုလ်ခင်ညွန့်က 'ကျွန်တော်တို့က လုံခြုံရေးလိုက်ရမယ်ဆိုရင် လုံခြုံရေးကို လိုက်ရတယ်' လို့ ဖြောင့်ကွယ် ကွယ်ခဲ့ပါတယ်။ တစ်ဆက်တည်းပြောတာက 'ကျွန်တော်ဘာမှ မပြောလိုဘူးဗျာ၊ သူ့ဘာသာသိတာကတော့ သိပ ခလေ့စေရှာ၊ ဘာဖြစ်လို့လဲဆိုတော့ ဒါလေးတွေက Delicate (သိမ်မွေ့) တယ်ဗျ။ စောင့်စည်းရမှာကို စောင့်စည်းရတယ်ဗျ။ ငြင်းလည်း မငြင်း၊ ဝန်ခံမှုလည်း မပြု ပြောဆိုသွားခဲ့ပါတယ်။ ဘာပဲဖြစ်ဖြစ် ကြံ့ဖွံ့ နာယကကြီး ဗိုလ်သန်းရွှေရဲ့ ညွှန်ကြားချက်တွေဆိုတာ အသေအချာပါ။

၁၉၉၇ မှာတော့ နဝတအတွင်း အာဏာရှင်ပွဲကြီးလုပ်ပြီး ဗိုလ်ထွန်းကြည်တို့အပါအဝင် (၁၃) ဦးသော ဗိုလ်ချုပ်တွေကို ထုတ်ပယ်ပြီး နအဖအဖြစ် ဖွဲ့စည်းခဲ့ပါတယ်။ ၁၉၉၈ ထဲမှာ ဒေါ်စုတို့ NLD မှာ စာပေဝိုင်းလေးတစ်ခုကို ၂ ပတ်တစ်ကြိမ် လုပ်ဆောင်ခဲ့ပါတယ်။ အဲဒီ စာပေဝိုင်းအတွက် လာခဲ့တဲ့အဖွဲ့ချုပ်လူငယ်တွေကို လုံခြုံရေးအဖွဲ့က ဝင်ခွင့်မပေးခဲ့ပါဘူး။ ဒီအတွက် ဦးတင်ဦးနဲ့ ဒေါ်အောင်ဆန်းစုကြည်တို့က ခြံအပြင်ထွက်ပြီး ကြိုဆိုခေါ်ဆောင်ခဲ့ပါတယ်။ ခေါ်ဆောင်ပြီး လာစဉ်မှာပဲ လုံခြုံရေးအဝတ်အစား ဝတ်ထားသူအချို့က 'ဘာခေါင်းဆောင်လဲကွ၊ ခိုက်ကွာ ချကွာ' လို့ အော်ဟစ်ရင်း တုတ်တိုတွေ၊ နံပါတ်တုတ်တွေအပြင် သစ်ကိုင်းများနဲ့ပါ ရိုက်နှက်ကြတဲ့အတွက် အဖွဲ့ဝင် ၄ ဦးဟာ ဦးခေါင်းသာမက အခြားကိုယ်အင်္ဂါအစိတ်အပိုင်းတွေပါ ထိခိုက်ဒဏ်ရာတွေ ရရှိခဲ့ကြပါတယ်။ ဒေါ်အောင်ဆန်းစုကြည်ကိုယ်တိုင်လည်း ထိခိုက်ဒဏ်ရာရခဲ့ပါတယ်။ မှတ်မှတ်ရရ အဲဒီနေ့က ၁၉၉၈ ဇွန်လ ၂၅ ရက်နေ့ပဲ ဖြစ်တယ်လို့ ကိုယ်တိုင်ပါဝင်ခဲ့သူတစ်ဦးက ထွက်ဆိုသွားပါတယ်။

အဲဒီနောက် ၁၉၉၈ တစ်နှစ်လုံး ဒေါ်စုရဲ့ ပြည်တွင်းခရီးစဉ်အားလုံးကို နအဖက စနစ်တကျ ဟန့်တားနှောင့်ယှက်ခဲ့ပါတယ်။ ပဲခူးသွားတဲ့ ခရီးစဉ်မှာလည်း ပိတ်ဆို့ဟန့်တားနှောင့်ယှက်ခဲ့သလို၊ ရောဝတီတိုင်းခရီးတွေမှာလည်း ပိတ်ဆို့တားဆီးကြပြန်ပါတယ်။ ဒီတားဆီးပိတ်ဆို့မှုထဲမှာတော့ ၁၉၉၈ ဇူလိုင် ၂၄ ရက်နေ့ ခရီးစဉ်ဟာ အရှည်ကြာဆုံး ပိတ်ဆို့ခဲ့တာပါ။ ထန်းတပင်မြို့နယ်၊ ပန်းတိုင်ရွာ (အညာစု) အနီးမှာ ပိတ်ဆို့ခဲ့တာဟာ (၂၄၊ ၇၊ ၉၈) ကနေ (၂၄၊ ၈၊ ၉၈) အထိ ရှည်ကြာခဲ့ပါတယ်။ ဒီခရီးစဉ်မှာ အစာရေငတ်ပြီး ဒေါ်စုကျန်းမာရေး ထိခိုက်လာတဲ့အတွက် ပြည်သူအားလုံးရဲ့ ဆန္ဒအရ ပြန်လာခဲ့တယ်။ အဲဒီမှာ နေအိမ်အကျယ်ချုပ်နဲ့ ထပ်မံပိတ်ဆို့ပြန်ပါတယ်။

နေအိမ်အကျယ်ချုပ်ကနေ လွတ်မြောက်ပြီးတဲ့နောက် ၂၀၀၀ ခုနှစ်မှာ ဒေါ်စုရဲ့ စည်းရုံးရေးခရီးစဉ် ဆက်လက်လုပ်ဆောင်ပြန်ပါတယ်။ ၂၀၀၀ ပြည့်နှစ် ဩဂုတ်လ (၂၄) ရက်နေ့မှာ ကွမ်းခြံကုန်း၊ ကော့မှူးမြို့နယ်တို့ကို စည်းရုံးရေးခရီးလှည့်ပြန်ပါတယ်။ အဲဒီခရီးစဉ်မှာလည်း ဒလမြို့ပြင် ၃ မိုင်ခန့်အကွာမှ ဟန့်တားနှောင့်ယှက်ပြီး ရှေ့ခရီးအဆက်မခံဘဲ လယ်ကွင်းထဲမှာ ပိတ်ဆို့ထားခဲ့ပါတယ်။ ၉ ရက်အကြာမှာတော့ လုံထိန်းများ၊ ရဲမှူးများနဲ့ စစ်ထောက်လှမ်းရေးများအပါအဝင် လူ ၃၀၀ ကျော်ခန့် ဝင်ရောက်စီးနင်းပြီး ဒေါ်အောင်ဆန်းစုကြည်နဲ့အတူ အဖွဲ့ချုပ်ဗဟိုအလုပ်အမှုဆောင်တွေအားလုံးကို နေအိမ်အကျယ်ချုပ်နဲ့ ဖမ်းဆီးထိန်းသိမ်းလိုက်ပါတော့တယ်။ အဖွဲ့ချုပ်ရုံးခန်းကိုလည်း ဝင်ရောက်မွှေနှောက်ပြီး သိမ်းပိုက်လိုက်ပါတော့တယ်။

ဒါတွေ အားလုံးဟာ နအဖအစိုးရလက်ထက် အစိုးရကိုယ်တိုင် အကြမ်းဖက်မှုလုပ်ရပ်များသာ ဖြစ်ပါတယ်။ အကြီးမားဆုံးနဲ့ ကမ္ဘာကျော်ဒီပဲယင်းအကြမ်းဖက်မှုအတွက် စီစဉ်ပုံတွေ ဆက်လေ့လာကြရအောင်။

◆ ◆ ◆

# အကြမ်းဖက်အစိုးရ၏ ရာဇဝတ်မှုများ (၃)



# အကြမ်းဖက်အစိုးရ၏ ရာဇဝတ်မှုများ (၃)

(၂၀၀၃) ခုနှစ် မေ (၃၀) ရက်နေ့ ဒီပဲယင်းလုပ်ကြံသတ်ဖြတ်မှုအကြောင်း မပြောမီ ဒီအကြောင်းအရပ်တွေနဲ့ ပတ်သက်ပြီး ပြည်ပအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များရဲ့ ထင်မြင်ယူဆချက်တွေကို ဦးစွာတင်ပြချင်ပါတယ်။ ပထမတင်ပြချင်တာကတော့ ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာ အထူးကိုယ်စားလှယ် မစ္စတာပေါ်လိုဆာဂျီယိုပီညဲရိုးရဲ့ အမြင်ပါ။ ပီညဲရိုးဟာ ဒီပဲယင်းရာဇဝတ်မှုနဲ့ပတ်သက်ပြီး မျက်မြင်သက်သေတွေနဲ့ တွေ့ဆုံခွင့်ရခဲ့တဲ့သူလည်း ဖြစ်ပါတယ်။ သူက...

*‘ယခုခရီးစဉ်တွင် တိုက်ရိုက်ခံရသူအချို့ မျက်မြင်သက်သေအချို့တို့ကို တွေ့ဆုံမေးမြန်းနိုင်ခဲ့ပြီး ၎င်းတို့ထံမှ ထိုဖြစ်ရပ်နှင့်ပတ်သက်သည့် အချက်အလက်များ ရရှိခဲ့သည်။ ထို့အပြင် အာဏာပိုင်များနှင့် ဒေါ်အောင်ဆန်းစုကြည်တို့အား သွားရောက် ဆွေးနွေးခြင်းဖြင့်လည်း အချက်အလက်များစွာ ရရှိခဲ့သည်။ ဒီပဲယင်းဖြစ်ရပ်သည် အစိုးရအာဏာပိုင်များက ကြိုတင်စီစဉ်ဆောင်ရွက်တာမျိုး မဟုတ်လျှင် ဒီပဲယင်းဖြစ်ရပ်ဖြစ်ပွားနိုင်စရာ မရှိဘူးဆိုသည့် အချက်ကို လက်ခံနိုင်လောက်အောင်မြင်သာသည့် သက်သေခံအထောက်အထားများ ရှိနေပြီဟု မိမိပြောနိုင်သည်’* လို့ ၅၈ ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံမှာ တတိယကော်မတီကို အစီရင်ခံစာ တင်သွင်းခဲ့ပါတယ်။

ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးရဲ့ အထူးကိုယ်စားလှယ် မစ္စတာ ရာဇာလီအစ္စမေးလ်ကလည်း မြန်မာပြည်ကို ရောက်ရှိလာပြီး

အပြန်လေဆိပ်မှာ သတင်းစာရှင်းလင်းပွဲကို အပေါ်ယံမျှသာပြောကြား ခဲ့ပြီး မလေးရှားနိုင်ငံ 'မလေးရှားကိနီအင်တာနက်သတင်းစာ' နဲ့ တွေ့ ဆုံမေးမြန်းခန်းမှာတော့ 'ဒေါ်အောင်ဆန်းစုကြည်က မေ(၃၀) ဖြစ်ရပ်ကို လူမဆန်တဲ့ ရက်စက်ယုတ်မာမှုဟု ပြောပြီး ဥပဒေအရ တရားအမျှတ ဆုံး ဆုံးဖြတ်ပေးရန်လည်း တင်ပြတောင်းဆိုခဲ့ပါတယ်' လို့ ဖြေကြားခဲ့ ပါတယ်။

အမေရိကန်နိုင်ငံခြားရေးဝန်ကြီးကောလင်းပါဝဲလ်က ဒီပဲယင်း ရာဇဝတ်မှုကြီးနဲ့ပတ်သက်ပြီး ၂၀၀၃ ဇွန်လ၊ (၁၂) ရက်နေ့ထုတ် wall street journal မှာ ရေးသားခဲ့တာက...

'မေလ (၃၀) ရက်နေ့က ဒေါ်အောင်ဆန်းစုကြည်၏ ယာဉ်တန်း တိုက်ခိုက်ခံရပြီး နောက်ပိုင်းတွင် သတင်းအချက်အလက်များ စုဆောင်း နိုင်ရန် အမေရိကန် သံရုံးအရာရှိများကို အချင်းဖြစ်ပွားသည့် နေရာသို့ ကျွန်ုပ်တို့ စေလွှတ်ခဲ့သည်။ ၎င်းတို့က ယင်းတိုက်ခိုက်မှုမှာ ကြိုတင်ကြံ ရွယ်ခြင်းထားခြင်းဖြစ်ကြောင်း အစီရင်ခံခဲ့ကြသည်။ အစီရင်ခံချက်တွင် ထရပ်ကားများသည် လူသူကင်းသည့် နေရာရောက်သည်အထိ ဒေါ် အောင်ဆန်းစုကြည်၏ ယာဉ်တန်းနောက်မှ လိုက်ပါခဲ့ပြီးနောက် ပိတ်ဆို့ ဟန့်တားခဲ့သည်။ ထို့နောက် ထရပ်ကားပေါ်မှ အစိုးရ၏ အကြမ်းဖက် လူရမ်းကားများက ဒီမိုကရေစီထောက်ခံသူ၏ ယာဉ်တန်းကို ဒေါသတ ကြီး တိုက်ခိုက်ခဲ့သည်။ တိုက်ခိုက်သူများမှာ ရက်စက်ကြမ်းကြုတ်ပြီး စနစ်တကျ စီစဉ်တိုက်ခိုက်ခဲ့ကြခြင်း ဖြစ်သည်' ဟုဖြင့် ရေးသားထား တာကို တွေ့ရပါတယ်။

ထို့ထက် ပိုဆိုးသော ကောက်ချက်မှာ 'ကြိုတင်ကြံစည်ထား သည့် အကြမ်းဖက်တိုက်ခိုက်မှုကို စီစဉ်ညွှန်ကြားမှုနှင့် စပ်လျဉ်း၍ စစ် အစိုးရအဖွဲ့ဝင်များတွင် တာဝန်ရှိကြောင်း ကျွန်ုပ်တို့ သံရုံးဝန်ထမ်းများက ရှင်းရှင်းလင်းလင်း သိထားပါသည်' လို့ ဆိုထားပါတယ်။

ဒါ့အပြင် အမေရိကန် နိုင်ငံခြားရေးဝန်ကြီး ပြောရေးဆိုခွင့်ရှိသူ 'ဗိုလ်စ်ဘီရိကာ' ကလည်း 'ဒီပဲယင်းအရေးအခင်း ဖြစ်ပွားပြီးနောက် ရန်ကုန်မြို့ အမေရိကန်သံရုံးမှ အရာရှိများသည် ဒေါ်အောင်ဆန်းစုကြည်

နှင့် ခရီးစဉ်တွင် လိုက်ပါသွားသူများ မေလ ၃၀ ရက်နေ့က အဝိုက်နိုက်ခံရသည့် နေရာသို့ သွားရောက်ကြည့်ရှုလေ့လာပြီး ပြန်လာခဲ့ကြသည်။ ၎င်းတို့၏ လေ့လာတွေ့ရှိချက်အရ ဒေါ်အောင်ဆန်းစုကြည်၏ ယာဉ်တန်းသည် ကြိုတင်ပြင်ဆင်ထားသည့် တိုက်ခိုက်မှုကို ခံခဲ့ရကြောင်းသိရှိရသည်။ လေ့လာတွေ့ရှိခဲ့သော အခြေအနေများနှင့် ဒေသခံတို့၏ အဆိုအရ ထိုတိုက်ခိုက်မှုကို အစိုးရမှ ကျောထောက်နောက်ခံပြုထားသည့် လူရမ်းကားများက စီစဉ်ခဲ့ခြင်းဖြစ်သည်။ အချင်းဖြစ်ပွားသည့် နေရာတွင် ကျန်ရစ်ခဲ့သော သဲလွန်စများက လူအမြောက်အမြား ဆိုးဆိုးဝါးဝါးတိုက်ခိုက်နိုင်သည့် တိုက်ခိုက်မှုကြီးများ ဖြစ်ပေါ်ခဲ့ကြောင်း ဖော်ပြနေသည်' လို့ ထုတ်ပြန်ပြောဆိုခဲ့ပါတယ်။

အခုတင်ပြခဲ့တဲ့ လူပုဂ္ဂိုလ်တွေ၊ အဖွဲ့အစည်းအချို့ရဲ့ ထင်မြင်ယူဆချက် သုံးသပ်ချက်များဟာ ကမ္ဘာ့လူထု လေးစားယုံကြည်ရတဲ့သူတွေပဲ ဖြစ်ပါတယ်။ သူတို့တင်ပြချက် ယူဆချက်များကို လေ့လာကြည့်ခြင်းဖြင့် (က) ဒီပဲယင်း ရာဇဝတ်မှုဟာ ကြိုတင်ကြံစည်ခြင်း (ခ) အစိုးရကိုယ်တိုင် ပါဝင်ပတ်သက်နေခြင်း (ဂ) အစုလိုက်အပြုံလိုက် လုပ်ကြံသတ်ဖြတ်ခြင်း (massacre) အစရှိတဲ့ အဓိကအချက် (၃) ချက်ကို သိသိသာသာ မြင်တွေ့နိုင်ပါတယ်။

ပထမအချက်ဖြစ်တဲ့ 'ဘယ်လိုကြိုတင်ကြံစည်ခဲ့ကြသလဲ' ဆိုတာကို ကျွန်တော်တို့ အထောက်အထားရသမျှ ရှာဖွေကြရမှာပါ။ ကြိုတင်ကြံစည်ရာမှာ အပိုင်း ၃ ပိုင်း ခွဲကြည့်ရမှာပါ။ တစ်ပိုင်းက အစိုးရအဖွဲ့အစည်းများရဲ့ တာဝန်ယူမှု၊ ဒုတိယအပိုင်းက တရားမဝင်လျှို့ဝှက်အဖွဲ့အစည်းရဲ့ လှုပ်ရှားမှုနဲ့ တတိယကတော့ တရားဝင်မှတ်ပုံတင်ထားတဲ့ ကြံ့ဖွံ့ရဲ့ လုပ်ဆောင်မှုတို့ပဲ ဖြစ်ပါတယ်။

အစိုးရအဖွဲ့အစည်းများရဲ့ တာဝန်ပိုင်းဟာ ပွင့်ပွင့်လင်းလင်းမရှိပေမယ့် ထင်သာမြင်သာတော့ ရှိနေပါတယ်။ နောက်ကွယ်ကနေပံ့ပိုးပေးနေတာပါ။ Invisible hand အဖြစ် ရှိနေပေမယ့် ပြည်သူလူထုဖြတ်သန်းမှုအရ သိရှိနေပြီးသား ဖြစ်ပါတယ်။ သူက ဗျူဟာကို ချပေးပြီး နောက်ကွယ်က ကျောထောက်နောက်ခံပြုပေးနေတာပဲ ဖြစ်ပါတယ်။

သာဓကအနေနဲ့ ကြည့်ရင် ဒီပဲယင်း ရာဇဝတ်မှုကို မကျူးလွန်မီအချိန်က နမခတိုင်းမှူးက ဗိုလ်ချုပ်စိုးမြင့်ပါ။ ရှမ်းစိုးမြင့်လို့ နာမည်ကြီးပါတယ်။ သူက လူရိုးလူကောင်းတစ်ယောက်။ စိတ်နှလုံးနူးညံ့သိမ်မွေ့သူလို့ သိရပါတယ်။ ဘာသာရေးလည်း အလွန်ကိုင်းရှိုင်းသူတစ်ယောက်ဖြစ်တယ်။ သူဟာ ဗိုလ်ချုပ်မှူးကြီးတို့ရဲ့ အစီအစဉ်ကို လက်ခံဟန်မတူပါဘူး။ သူ့ကို နမခက ရွှေ့ပြီး တနင်္သာရီပို့လိုက်တယ်။ သူ့နေရာကို ဗိုလ်ချုပ်စိုးနိုင်ကို တိုင်းမှူးအဖြစ် ပြောင်းရွှေ့လိုက်ပါတယ်။ နောက်မကြာမီမှာပဲ ရှမ်းစိုးမြင့်ခေါ် ဗိုလ်ချုပ်စိုးမြင့်ဟာ အီဂျစ်သံအမတ်အဖြစ် ခန့်ထားလိုက်ပါတော့တယ်။ ဒါဟာ ဒီပဲယင်းအကြမ်းဖက်မှုကြီးအတွက် ကြိုတင်ပြင်ဆင်နေတာပဲ ဖြစ်တယ်။

ဗိုလ်ချုပ်မှူးကြီးရဲ့ လမ်းညွှန်ချက်ကို တပ်တွင်းမှာ အဓိက အကောင်အထည်ဖော်သူက သွားလေသူ ဗိုလ်ချုပ်ကြီးစိုးဝင်းပါ။ အမိန့်ပေးလို့ လုပ်တာဆိုပေမယ့် ကိုယ်ထိလက်ရောက် 'စိတ်စေတနာ' ပါနေတာတွေက သူ့ဂက်ကို သူစီမံတာပါပဲ။ ပြီးတော့ နမခတိုင်းမှူးဗိုလ်ချုပ်စိုးနိုင်ပါ။ နောက်တစ်ယောက်ကတော့ ပြည်ထဲရေးဝန်ကြီး ဗိုလ်မှူးတင်လှိုင်ပါ။ သူတို့အားလုံး နမခမှာ ရုံးထိုင်ကြပြီး ဗိုလ်မှူးကြီး တင်လှိုင်နဲ့ ဗိုလ်ချုပ်စိုးနိုင်တို့ကို အနီးကပ်တိုက်ရိုက်ညွှန်ကြားသူက ဗိုလ်ချုပ်ကြီးစိုးဝင်းဖြစ်တယ်။

ပြည်ထဲရေးဝန်ကြီးဦးတင်လှိုင်က မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ လုံထိန်းတပ်ဖွဲ့ SB ခယက၊ မယကတို့ကို ထပ်ဆင့်အမိန့်ပေး ညွှန်ကြားပါတယ်။ ညွှန်ကြားချက်ကို ပြည်ထဲရေးဝန်ကြီးက ဖတ်ပြပြီး စာရွက်ကို သိမ်းသွားပါတယ်။ ဘာစာရွက်စာတမ်းမှ မကျန်အောင် လက်စဖျောက်ခဲ့ကြပါတယ်။ တပ်ပိုင်းဆိုင်ရာကိုတော့ ဗိုလ်ချုပ်စိုးဝင်းက တိုက်ရိုက်ကွပ်ကဲတာပဲ ဖြစ်တယ်လို့ မျက်မြင်သက်သေများက ထွက်ဆိုခဲ့ကြပါတယ်။ ဒါတွေဟာ အစိုးရဘက်က ကြိုတင်ပြင်ဆင် ရေးဆွဲထားချက်များပင် ဖြစ်ပါတယ်။

◆ ◆ ◆

# အကြမ်းဖက်အစိုးရ၏ ရာဇဝတ်မှုများ (၄)





# အကြမ်းဖက်အစိုးရ၏ ရာဇဝတ်မှုများ (၄)

အကြမ်းဖက်အစိုးရရဲ့ ကြိုတင်ပြင်ဆင်ပုံအချို့ကို တင်ပြခဲ့ပြီး ပြီ။ ကြိုတင်ပြင်ဆင်မှုအခင်းအကျင်းတွေ လုပ်ဆောင်ပြီးချိန်မှာတော့ NLD နဲ့ လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ကို အကြမ်းဖက် သတ်ဖြတ်ဖို့အတွက် ဖျူဟာတစ်ရပ်လို့ပဲဆိုဆို အစီအစဉ်တစ်ခုလို့ပဲ ပြော ဆိုကာ အကြမ်းဖက်အစိုးရအဖွဲ့က ရေးဆွဲခဲ့ပါတယ်။ အဲဒီအစီအစဉ်ကို ရုံးမှာ ရှိတဲ့ ထောက်လှမ်းရေး ဗိုလ်ကြီးတစ်ယောက်က ပဲခူးတိုင်း NLD တိုင်းကော်မတီနဲ့ ပဲခူးမြို့နယ် ကော်မတီဝင်ထဲက အချို့ကို သတင်းပေး ပြောကြားခဲ့ပါတယ်။

အဲဒီသတင်းကို ရလျှင် ရချင်းပဲ ပဲခူးတိုင်း NLD က တိုင်းအမှု ဆောင်လည်း ဖြစ်၊ မြို့နယ်ဥက္ကဋ္ဌလည်း ဖြစ်တဲ့ ဦးကျော်သိန်းတို့အဖွဲ့ဟာ ရန်ကုန်မြို့ NLD ရုံးချုပ်ကို တရစပ်လာခဲ့ကြတယ်။ ဥက္ကဋ္ဌဦးအောင်ရွှေ ကို အကျိုးအကြောင်းပြောပြတော့ ဦးအောင်ရွှေက ဦးလွင်တို့၊ ဦးစိုးဝင်း အစရှိတဲ့ ဗဟိုကော်မတီအချို့ရှေ့မှာ မှတ်တမ်းယူခဲ့ပါတယ်။ ပြီးတာနဲ့ ဒေါ်အောင်ဆန်းစုကြည်နဲ့ ဦးတင်ဦးဆီကို သတင်းပို့ဖို့ ဦးစိုးဝင်းကို လွှတ်ခဲ့ ပါတယ်။ သတင်းရတဲ့ နေ့က ၂၈- ၅- ၂၀၀၃ နေ့ပါ။

အဲဒီသတင်းကတော့ 'နအဖ အစိုးရနဲ့ ကြံ့ဖွံ့အဖွဲ့ ပေါင်းပြီး အထက်ဗမာပြည် မုံရွာနဲ့ ဘုတလင်၊ ဒါမှမဟုတ် ဒီပဲယင်း တစ်နေရာရာ

မှာ ဒေါ်အောင်ဆန်းစုကြည်နဲ့ NLD ထောက်ခံသူတွေကို သတ်ပစ်ဖို့ အစီအစဉ်ဆွဲထားကြောင်း။ အကယ်၍ အထက်ဗမာပြည်မှာ လုပ်ကြံမှု မအောင်မြင်ခဲ့ရင် အပြန်ခရီးမှာ လုပ်ကြံဖို့ပါ။ အပြန်ခရီးမှာ ပဲခူးတိုင်း အရှေ့ခြမ်းက ပြန်မယ်ဆိုရင် ပျဉ်းပုံကြီးကျေးရွာနားက ရွာသစ်ကွေ့မှာ လုပ်ကြံမယ့် အစီအစဉ်ပါ။ အကယ်၍ ပဲခူးတိုင်းအနောက်ခြမ်းဘက်က လှည့်ပြန်မယ်ဆိုရင် တိုက်ကြီးနားက မြယာကုန်းကွေ့မှာ လုပ်ကြံမယ်ဆိုတဲ့ အစီအစဉ်ပါ။

ဒီသတင်းဟာ ဒေါ်အောင်ဆန်းစုကြည်ဆီရောက်ခြင်း မရောက်ခြင်းကိုတော့ မသိပါ။ မေ ၃၀ ရက်မှာတော့ ဒေါ်စုတို့ လုပ်ကြံခြင်းခံကြရတော့တာပါပဲ။ တစ်ဖက်မှာလည်း ဗိုလ်ခင်ညွန့်တို့ ဒီသတင်းကို ရတော့ ဗိုလ်ချုပ်ကြီး မောင်အေးကို ခေါ်ပြီး ဗိုလ်ချုပ်ကြီးသန်းရွှေထံကို အချိန်မီ တားဖို့ သွားခဲ့ကြတယ်လို့ ဆိုပါတယ်။ ဗိုလ်ချုပ်မှူးကြီးသန်းရွှေကတော့ 'အေး ငါနိုင်းပြီးသွားပြီ။ ကျန်တာ မင်းတို့သာ ကြည့်ဖြေရှင်းလိုက်တော့' လို့ ပြောကြောင်း ဗိုလ်မှူးဟောင်း အောင်လင်းထွတ်က ပြောပါတယ်။ ဒါကြောင့် ဒီပဲယင်းလုပ်ကြံမှုဟာ ဗိုလ်သန်းရွှေရဲ့ အကြံဉာဏ်ပါပဲ။ သူ့ အစီအစဉ်ဆိုတာ သာဓကတစ်ခုပါပဲ။

ကြံ့/ဖွံ့ဘက်က တာဝန်ခံကတော့ ဝါးရင်းတုတ် အောင်သောင်းလို့ နာမည်ဆိုးနဲ့ ကျော်ကြားခဲ့တဲ့ ဝက်မှု (၁) ဝန်ကြီး ဦးအောင်သောင်းပါ။ ဗမာပြည်မှာ ဝါးရင်းတုတ်နဲ့ နာမည်ကြီးတာ (၃) ယောက်ရှိတယ်။ တစ်ယောက်က အလောင်းဘုရား။ နောက်တစ်ယောက်ကတော့ ဂျွန် ဦးစောနဲ့ နောက်ဆုံးတစ်ယောက်က ဦးအောင်သောင်းလို့ ဆိုကြပါတယ်။ တောင်သာတပ်မတော်လို့ခေါ်တဲ့ လျှို့ဝှက်လူမိုက်ဂိုဏ်းခေါင်းဆောင်လို့ စာနယ်ဇင်းတွေမှာ ရေးကြပါတယ်။ ဒီပဲယင်းအရေးမှာလည်း သူ့ရဲ့ဝါးရင်းတုတ်နဲ့ပဲ အကောင်အထည်ဖော်ခဲ့တာကို တွေ့မြင်နိုင်ပါတယ်။

ထောက်လှမ်းရေးသတင်းရပ်ကွက်အဆိုအရဆိုရင် မူလကြံရွယ်ချက်က ဘုတလင်မြို့နယ်ထဲက လူသူကင်းရာတစ်နေရာမှာ လုပ်ကြံဖို့ပါ။ ဒေါ်အောင်ဆန်းစုကြည်ဟာ ဘုတလင်ကို ၂၇- ၅- ၂၀၀၃ နေ့မှာ ရောက်လိမ့်မယ်လို့ ရာဇဝတ်သားများက ယူဆထားကြတာပါ။ ဒါကြောင့်

သည်။ ၂၅-၅-၂၀၀၃ မှာ ဒေါ်အောင်ဆန်းစုကြည် ဆန္ဒကျင်ရေး ပိုစ တာတွေ ကပ်ပြီး လှည့်လည်ခဲ့ကြတယ်။ သတင်းကွင်းတွေပြင်ပြီး လှေကျင့်ရေး ကို တစ်ပတ်ကြာ ဝါးရင်းတုတ်များနဲ့ လေ့ကျင့်စေခဲ့ပါတယ်။ ဒါပေမဲ့ ဒေါ်စုရောက်မလာတဲ့အတွက် အစီအစဉ်ဟာ ပျက်သွားခဲ့တယ်လို့ ဆိုပါ တယ်။

၂၇-၅-၂၀၀၃ မှာ အစီအစဉ်ပျက်သွားခဲ့ပေမယ့် ၂၉-၅-၂၀၀၃ မှာတော့ ဗိုလ်ချုပ်စိုးဝင်း (သေဆုံးသွားသူ) ဟာ နမခမှာ သီးသန့် ရုံးထိုင်နေပါပြီ။ သူ့ရုံးခန်းထဲကိုတော့ ပြည်ထဲရေးဝန်ကြီး ဒုတိယဗိုလ်ချုပ် မှူးကြီး တင်လှိုင်နဲ့ နမခတိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်တို့သာ ဝင်ခွင့်ရှိပါတယ်။ ဗိုလ်ချုပ်စိုးဝင်းက ပြည်ထဲရေးဝန်ကြီးနဲ့ ဗိုလ်ချုပ်စိုးနိုင်တို့ကို တိုက်ရိုက် ညွှန်ကြားတယ်လို့ ဆိုပါတယ်။ ဗိုလ်ချုပ်စိုးနိုင်ကတော့ စစ်တပ်ပိုင်းဆိုင် ရာကို တာဝန်ခံရပြီး ပြည်ထဲရေးဝန်ကြီး ဦးတင်လှိုင်ကတော့ ရဲတပ်ဖွဲ့နဲ့ လုံထိန်းတပ်ဖွဲ့ကို တိုက်ရိုက်ကွပ်ကဲရတယ်။ တယက၊ ခယကနဲ့ မယက များကို ဗိုလ်အောင်သောင်းရဲ့ ညွှန်ကြားချက်အရ လုပ်ဆောင်ကြရသလို ကြံ့ဖွံ့များကလည်း ညွှန်ကြားချက်အရ ကြိုတင်ပြင်ဆင်ပေးကြရတယ် လို့ ဆိုပါတယ်။ ဘယ်လိုပဲ ဌာနတွေ ကွဲကွဲ အဲဒီအချိန်က အားလုံးဟာ ကြံ့ဖွံ့အဖွဲ့ဝင်တွေ ဖြစ်ကြတာချည်းပါပဲ။ ဗိုလ်ချုပ်မှူးကြီးကအစ တပ်သား များ ဝန်ထမ်းကြီးငယ်အဆုံး အားလုံးဟာ မဝင်မနေရ ကြံ့ဖွံ့ဝင်ခဲ့ကြရ တာမဟုတ်လား။

ရွှေဘို ခယကနဲ့ ရွှေဘိုကြံ့ဖွံ့အဖွဲ့တို့ကတော့ ၂၅-၅-၂၀၀၃ လောက်ကတည်းက အမာခံကြံ့ဖွံ့အင်အား ၂၅၀ ကျော်ကို ရာဖွေစု ဆောင်းထားကြရတယ်။ အဲဒီလူ ၂၅၀ ကို ရွှေဘိုမြို့ကားကြီးဝင်းထဲ ကြံ့ဖွံ့ရုံးမှာ နေစဉ်ထမင်းကျွေးပြီး ညအိပ်ညနေ စုစည်းထားရတယ်။ အဲဒီအထဲကအချို့က 'ကျွန်တော်တို့ကို ဘာတာဝန်ပေးမှာလဲ' လို့ မေး တော့ 'အချိန်တန်ရင် သိရမယ်' လို့ပဲ ဖြေပါသတဲ့။ အမာခံလူ ၂၅၀ ဟာ သူတို့ကို ဘာကြောင့်အခုလို စုစည်းထားတယ်ဆိုတာ မသိကြရပါဘူး။

ရွှေဘိုမြို့ အောင်မြေကျောင်းဝင်းထဲက နေရာတစ်ခုမှာတော့ ဝါးရင်းတုတ်တွေ ဖြတ်တောက်ပြင်ဆင်နေတာကို တွေ့နိုင်ပါတယ်။ မေ

၃၀ ရက်မှာတော့ အဲဒီဝါးရင်းတုတ်တွေကို ရွှေဘိုမြို့ အမှတ် (၃) ရပ်ကွက်က ဦးမြင့်အောင်ရဲ့ ဒိုင်နာကားနဲ့ သယ်သွားပါတယ်။ ဘယ်ကို သယ်သွားသလဲဆိုတော့ ဒီပဲယင်းမြို့နယ် ကျည်ရွာနားက ဆည်မြောင်းဝင်းထဲကို သယ်ဆောင်သွားကြတာပါလို့ ရွှေဘိုမြို့ခံ လူငယ်တစ်ဦးက ပြောပြပါတယ်။

အဲဒီ ၃၀- ၅- ၂၀၀၃ နေ့က ဘုတလင်မြို့နယ်မရောက်မီ ထိန်ပင်ကန်အနီးမှာတော့ သုံးတန်ကား ၁၂ စီးပေါ်မှာ လက်ပတ်အဖြူဝတ် လူအပြည့်နဲ့ လမ်းဘေးမှာ ရပ်ထားတဲ့ ကတုံးစိမ်းတွေအပြည့်နဲ့ပါ။ မျက်နှာတွေအားလုံးက ရန်လိုတဲ့ အကြည့်တွေနဲ့။ သက်နီးဝတ်အားလုံးဟာ လက်ကတော့မထိုးတတ်တော့ အဲဒီလက်ကတော့တွေ ပြုတ်ထွက်မသွားအောင် ပင်အပ်တွေအနှံ့အပြား ထိုးထားတာကိုလည်း တွေ့မြင်နေကြရပါတယ်။

ဒီကနေ ရှေ့ဆက်သွားရင် စီးတောအလွန် ဂိတ်နားမှာတော့ ကား ငါးစီးနဲ့ လူအပြည့်တင်ပြီး ရပ်ထားတာကို တွေ့ရပြန်ပါတယ်။ သွပ်ဆူးကြိုးခွေတွေလည်း ကားအချို့ပေါ်မှာ တင်ထားပါတယ်။ အချို့ကားတွေအပေါ်မှာတော့ လက်ပတ်အဖြူ ပတ်ထားတဲ့ မျက်နှာစိမ်းအတော်များများကို တွေ့နေရပါတယ်။ မုံရွာကနေ ဘုတလင်လမ်းတစ်လျှောက် ဘုတလင်ကနေ စိုင်ပြင်တစ်လျှောက် ကားအစီးတွေနဲ့ လက်ပတ်ဖြူဝတ်တွေ နေရာအနှံ့ချထားပါတယ်။ စိုင်ပြင်ကနေ ဒီပဲယင်းဘက်ကို ဆက်သွားရင် ဒီပဲယင်းပါ။ ဒီပဲယင်းနဲ့ စိုင်ပြင်ကြားမှာတော့ ကျည်ရွာဆိုတာ ရှိပါတယ်။ ကျည်ရွာမရောက်ခင် ဆည်မြောင်းဝင်းကြီးတစ်ခု ရှိပါတယ်။ အဲဒီဆည်မြောင်းဝင်းထဲမှာ ဗိုလ်မှူးတစ်ယောက်နဲ့ မြို့နယ်မယက အဖွဲ့တွေ၊ ကြံ့ဖွံ့တွေ၊ လုံထိန်းတွေ အများအပြား နေရာယူထားကြပါတယ်။ မြို့နယ်ရဲတပ်ဖွဲ့မှူးလည်း ရောက်နေပါတယ်။

ကျည်ရွာအနီးမှာတော့ Killing field အဖြစ် သတ်မှတ်မှုအစ နေရာမှာ ကာရီယာ ၉ ခုကို သုံးတန်းတန်းပြီး ချထားပါတယ်။ အဲဒီအတန်းတစ်တန်းကို ကာရီယာသုံးခု ချထားပါတယ်။ အဲဒီနေရာမှာတော့ ရဲအဖွဲ့ဝင် ၃၀ ကျော်ခန့် ရှိနေပါတယ်။ ခေါ်ဆောင်ထားတဲ့ ကြံ့ဖွံ့တွေ၊

ရိုက်နှက်ကြမယ့် ဝါးရင်းတုတ်ကိုင်ဆောင်ထားသူတွေ တိုက်ဖို့ ဒီပဲယင်း မြို့ခံ ကွမ်းယာရောင်းတဲ့ ကိုမြဝင်းက ရှာဖွေဝယ်ယူပေးကြရပြီး ဆေးတွေ ဖျော်ပေးရတာက ဦးစိန်လင်း (ဒီပဲယင်း မြို့မရပ်ကွက်) ကပါ။ သူက ဆေးဖျော်ပေးရမှာ သိလို့ ထွက်ပြေးဖို့ ကြိုးစားပါသေးတယ်။ ဆေးတိုက်ပေးရတာက ဦးတင့်ဆွေ မြို့မရပ် ဥက္ကဋ္ဌလို့ ဆိုပါတယ်။ ဒီအခင်းအကျင်းတွေကိုတော့ ကိုယ်တိုင်ပါဝင်ခဲ့ဖူးတဲ့ ကြံ့ဖွံ့ဟောင်းများက ပြောပြခဲ့တာပါ။

♦ ♦ ♦

# အကြမ်းဖက်အစိုးရ၏ ရာဇဝတ်မှုများ (၃)





# အကြမ်းဖက်အစိုးရ၏ ရာဇဝတ်မှုများ (၅)

ဒီနေ့ မေ ၃၀ ရက်။ ဒေါ်အောင်ဆန်းစုကြည်နဲ့ အဖွဲ့ မုံရွာရောက်နေတယ်။ ၂၉ ရက် ၅ လပိုင်းနေ့ ညနေ ၆ နာရီမှ မုံရွာကို ရောက်တာပါ။ (၆)နာရီဆိုပေမယ့် မေလရဲ့ ဆည်းဆာဟာ မမှောင်သေးဘူး။ နေအလင်းရှိနေသေးတယ်။ ညနေ (၇း၀၀) လောက်မှာတော့ မှောင်လာပြီ။ ဒီနေ့မှ တိုက်တိုက်ဆိုင်ဆိုင် မုံရွာမြို့မှာ လျှပ်စစ်ဓာတ်အားများပြတ်တောက်နေပါတယ်။ ဒေါ်အောင်ဆန်းစုကြည်ရဲ့ တရားပွဲကို လာရောက်နားထောင်ကြတဲ့ မုံရွာမြို့လူထုဟာ ဖယောင်းတိုင်တွေ ထွန်းညှိပြီး လာရောက်နားထောင်ကြတယ်။ ကျိန်ဆိုကြတယ်။ 'လျှပ်စစ်ရုံး ဝန်ထမ်းထဲက အကြီးအကဲတစ်ယောက်ကတော့ အထက်က မီးဖျက်ရမယ်။ 'လျှပ်စစ်မီးမပေးရ' ဆိုတဲ့ အမိန့်ကြောင့် ဖျက်ရတာလို့ ဆိုပါတယ်။

ဒေါ်အောင်ဆန်းစုကြည်ရဲ့ နယ်လှည့်ခရီးစဉ်တွေ ပြန်စဉ်းစားကြည့်ရင် အန္တရာယ်ပြွမ်းနေတဲ့ ခရီးစဉ်တစ်ခုပဲ။ ကချင်ပြည်နယ်ခရီးစဉ်*တစ်လျှောက်လုံး ဒုက္ခတွေ အနှောင့်အယှက်တွေမျိုးစုံ ကြုံခဲ့ကြရတယ်။* အဆိုးဆုံးက စဉ့်ကူးခရီးစဉ်ပဲ။ မိုးကုတ်ကနေ သပိတ်ကျင်းထွက်လာကတည်းက လောက်လေးခွနဲ့ ပစ်တာတွေ ရှိနေပြီ။ ပြည်သူတွေက တနဲ့တစ်ပုံ၊ ဖုန်းနဲ့ တစ်မျိုး 'ကြံ့ဖွံ့နဲ့ စွမ်းအားရှင်တွေဟာ တုတ်တွေ၊ ဓားတွေ၊ လေးခွတွေနဲ့ ပစ်ခတ်ဖို့ ပြင်ဆင်ထားတာတွေ ရှိတယ်' လို့ သတင်းပေး

ကြပါတယ်။ လေးခွနဲ့ ပစ်တာတွေကို စဥ့်ကူးရဲစခန်းမှာ အမှုဖွင့်ထား
တာ အခုအထိ ရှိနေဆဲပါ။ မတ္တရာမှာလည်း ထိုနည်းလည်းကောင်းပါပဲ။
တရားပေါမရအောင် အသံချဲ့စက်တွေနဲ့ အမျိုးမျိုးနှောင့်ယှက်တယ်။
ဒါကို သွားတားတဲ့ ဘုန်းကြီးတွေကို လောက်လေးခွနဲ့ ပြန်ပစ်ခတ်တယ်။
မတ္တရာကနေ မန္တလေးသွားတဲ့ လမ်းတစ်လျှောက်မှာလည်း ပိုဆိုးပါသေး
တယ်။ မန္တလေးရောက်တော့ ငြိမ်သွားတယ်။ မန္တလေးမှာ သိပ်အနှောင့်
အယှက်မပေးပါဘူး။

ဒါတွေကို ပြန်စဉ်းစားကြည့်တော့ တုတ်၊ ဓား၊ လောက်လေးခွ
တွေကို ကိုင်ဆောင်ထားပေမယ့် လက်တွေ့ရိုက်ပွဲမဖြစ်ခဲ့တာဟာ ဗိုလ်
ချုပ်မှူးကြီးဆီက ခွင့်ပြုချက်မကျသေးလို့ပဲ ဖြစ်မှာပါ။ ဒီခရီးစဉ်တစ်လျှောက်
ဟာ ရန်စရုံသက်သက်၊ စိတ်ကို ဆွပေးရုံသက်သက်ပဲ ရှိပါလိမ့်မယ်။
မန္တလေးမှာ မနားဘဲ ခရီးဆက်ထွက်မယ်ဆိုရင် ၂၇ ရက် ● လပိုင်းက
ဘုတလင်ကို မချရောက်မှာပါ။ အဲဒီမှာလည်း ဘုတလင်မှာ လုပ်ကြံရေး
အစီအစဉ်ပျက်သွားခဲ့ဟန် ရှိပါတယ်။ ၂၇ ရက် ၅ လပိုင်းကတည်းက
ဗိုလ်ချုပ်ကြီး စိုးဝင်းဟာ နမခမှာ ရုံးထိုင်နေပါပြီ။ သူ့ကိုယ်ရေးအရာရှိ
ဗိုလ်ချုပ်ကြီး ငွေးနိုင်ဝင်းကိုတော့ ရန်ကုန်စစ်ရုံးချုပ်မှာ ထားခဲ့ပြီး ဗိုလ်ကြီး
ငွေးနိုင်ဝင်းက ဗိုလ်ချုပ်စိုးဝင်း ရန်ကုန်မှာ ရှိနေသယောင် အလီဘိုင်
ပြပေးနေတာပါ။ ဂျွန်ဦးစောလည်း ဒီလိုပဲလေ၊ ဗိုလ်ချုပ်တို့ကို လုပ်ကြံ
မှုမှာ သူ မပါသယောင် အိမ်မှာ နေပြီး သခင်ဗစိန်တို့နဲ့ အဲဒီမနက်မှာ တွေ့
ဆုံစကားပြောခဲ့သေးတာပဲ မဟုတ်လား။

မေလ (၉) ရက်နေ့မှာတော့ ဒေါ်အောင်ဆန်းစုကြည်နဲ့အဖွဲ့ဟာ
မန္တလေးကနေ မုံရွာကို မနက်စောစောထွက်လာခဲ့ပါတယ်။ အဲဒီ ၂၉ ရက်
၅ လပိုင်းမှာပဲ ဗိုလ်ချုပ်စိုးဝင်းဟာ မနခမှာ ရုံးထိုင်နေပြီ။ ဗိုလ်ချုပ်ကြီး
တင်လှိုင် (ပြည်ထဲရေးဝန်ကြီး) နဲ့ ဗိုလ်ချုပ်စိုးနိုင်တို့က လွဲပြီး တခြားလူ
လူဝင်လို့ မရပါဘူး။ သူ့ညွှန်ကြားချက်အတိုင်း ဗိုလ်ချုပ်စိုးနိုင်တို့က တိုက်
ရိုက်ကွပ်ကဲရမှာပါ။ သူ့ညွှန်ကြားချက်မှာတော့ ဒီပဲယင်းကို ညဘက်မှ
ရောက်အောင် လမ်းခရီးမှာ အနှောင့်အယှက်ပေးဖို့၊ ရှေ့တန်းကွပ်ကဲရေး
အဖြစ် ဆည်မြောင်းဝင်းကို အသုံးချဖို့၊ ကျည်ရွာမှာ (ဘာရီယာ) တွေချ

ပြီး သတ်ကွင်းပြင်ဖို့၊ ပြီးတော့ အသုံးပြုမယ့် စကားဝှက်တွေ ဒေါ်စု တို့ကတော့ မသမာသူတွေရဲ့ အကြံစည်ကို ဘယ်သိပါ့မလဲ။

ဒီလိုနဲ့ ဒေါ်အောင်ဆန်းစုကြည်တို့ရဲ့ ယာဉ်တန်းဟာ စစ်ကိုင်း မြို့ကို နံနက် (၁၀)နာရီခန့်မှ ရောက်ရှိပါတယ်။ မန္တလေးကနေ လိုက် ပို့သူဟာ စုစုပေါင်း လူ (၁၀၀) ကျော်လောက် ရှိတယ်။ စစ်ကိုင်းမြို့ အဝင်မှာတော့ 'ကြံ့ဖွံ့အား မထောက်ခံသူများ အလိုမရှိ' ဆိုတဲ့ ဆိုင်း ဘုတ်ကို ကိုင်ပြီး ကြံ့ဖွံ့ ၂၀၀ လောက်က အသင့်စောင့်ကြိုနှောင့်ယှက် ကြပါတယ်။ ဒီလူအုပ်ကို ဖြတ်ကျော်သွားပြီးမှ 'ဒေါ်အောင်ဆန်းစုကြည် ကျန်းမာပါစေ' ဆိုတဲ့ ဆိုင်းဘုတ်နဲ့ သူ့လူတွေကို တွေ့မြင်ရပါတယ်။ စစ်ကိုင်းကနေ မြင်းမူမြို့ကို ဆက်ထွက်လာတော့ ဒေါ်စုရဲ့ ယာဉ်တန်း နောက်ကနေ ယာဉ်ထိန်းရဲတွေ၊ စစ်ထောက်လှမ်းရေးတွေလိုက်ပါပြီး ဓာတ်ပုံတို့၊ ဗီဒီယိုတို့ရိုက်နေတာလည်း တွေ့ရတယ်။ နေ့လယ် (၁၂း၀၀) နာရီမှာတော့ ဒေါ်စုတို့အုပ်စု မြင်းမူမြို့ကို ရောက်ပါပြီ။

မင်းမြူမြို့ကို ရောက်တော့ ဒုတိယဥက္ကဋ္ဌ ဦးတင်ဦးဟာ ရန်ကုန် ရုံးချုပ်နဲ့ အဆက်အသွယ်ရပါပြီ။ ဒီအဆက်အသွယ်ရဖို့ ရန်ကုန်ကလည်း ကြိုးစားသလို၊ ဦးတင်ဦးကလည်း ကြိုးစားဆက်သွယ်ပေမယ့် နေ့လယ် (၁၂း၀၀) မြင်းမူရောက်မှ ဆက်သွယ်ရတာပါ။ ဒီအကြောင်းကို ဥက္ကဋ္ဌ ဦးတင်ဦး ပြောပြတာက 'အဖွဲ့ချုပ်က ဘာပြောလဲဆိုတော့ မုံရွာဘက် မှာ လူတစ်စု လူစုပြီးတော့ ရိုက်မယ်ပြုမယ်နဲ့ လူစုနေကြတယ်ပြောတဲ့ အခါကျတော့ ရန်ကုန်မှာ ရှိတဲ့ ခေါင်းဆောင်တွေကလည်း ဒီသတင်းရ တယ်။ ဘဘက ဥက္ကဋ္ဌဦးအောင်ရွှေကို ခေါ်တယ်။ ဦးအောင်ရွှေကလည်း ဘဘကို ခေါ်ဖို့ ကြိုးစားရင်းနဲ့ နှစ်ယောက်ဆုံတယ်။ ခုနကပြောသလို သတင်းရတယ်။ သတင်းရတဲ့အတွက် သက်ဆိုင်ရာအကြီးအကဲတွေကို တော့ သတင်းပို့ထားပြီးပြီ။ ခင်ဗျားတို့သွားတဲ့အခါ သတိထားသွားပါ သေချာ အဲဒီလိုပြောတယ် ဆိုပါတယ်။

ဒီလိုသတင်းရလို့ ရန်ကုန်ရုံးချုပ်ကလည်း သက်ဆိုင်ရာ အဖွဲ့ အစည်းတွေကို သတင်းပို့သလို ဦးတင်ဦးကလည်း မြင်းမူ၊ ချောင်းဦး၊ ခွာမှာ ရှိတဲ့ လုံခြုံရေးအဖွဲ့ဝင်တွေကို အကြောင်းကြားထားတယ်လို့ ဆို

ပါတယ်။ တစ်ချိန်တည်းမှာပဲ ဗိုလ်ခင်ညွန့်က ဗိုလ်မောင်အေးကို ခေါ်ပြီး ဗိုလ်သန်းရွှေကို တားဆီးဖို့ သွားခဲ့ကြတယ်။ ဗိုလ်သန်းရွှေက 'အေးငါ တို့နိုင်းလိုက်တာပဲ၊ ကျန်တာ မင်းတို့ကြည့်လုပ်' ဆိုပြီးပြောတဲ့အကြောင်း ဗိုလ်မှူးအောင်လင်းထွတ်က ထွက်ဆိုခဲ့တယ်။ ဒီလိုနဲ့ မြင်းမူမြို့ရောက် တော့ အခြေအနေက နည်းနည်းဆိုးတော့မယ့် အနေအထားတွေ့နေရ ပြီ။ မြင်းမူမြို့က အဖွဲ့ဝင်တွေ အရုန်းမီးသတ်တွေ၊ ကြံ့ဖွံ့အဖွဲ့တွေနဲ့ စွမ်း အားရှင်တွေကို တွေ့ရတယ်။ မြင်းမူမြို့က ထွက်တော့ ညနေ (၃) နာရီလောက်ရှိပြီ။ ကား ၅ စီးနဲ့ ကြံ့ဖွံ့အဖွဲ့ကတော့ 'ရေပိုးစား' ရွာထိ ဒေါ်စုယာဉ်တန်းနောက်က ထပ်ချပ်မကွာ လိုက်ပါခဲ့တယ်။

မြင်းမူအလာ ချောင်းဦးမြို့ မရောက်ခင် ရေပိုးစားရွာနားရောက် တော့ ဒေါ်စုနဲ့ အဖွဲ့ကို ဆန္ဒပြမယ့် အဖွဲ့က အသင့်စောင့်ကြိုနေပါတယ်။ ဆိုင်းဘုတ်တွေမှာတော့ ပြည်ပအားကိုး ပုဆိန်ရိုး။ အဆိုးမြင်[illegible]ဒီများ အား ဆန့်ကျင်ကြ' 'ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူ ဟု သတ်မှတ်ကြ' ဆိုတဲ့ ဆိုင်းဘုတ်တွေ ကိုင်ဆောင်ထားကြပါတယ်။ ဒါပေမဲ့ အဲဒီလူတွေဟာ ဒီဒေသသားတွေ မဟုတ်ကြဘူးလို့ ချောင်း ဦးဓာတ် စာရေးဝန်ထမ်းတစ်ဦးက ပြောပြခဲ့တယ်။

'မုံရွာ– မန်း' နဲ့ 'ချင်းတွင်းသား' ကားဂိတ်ရှိ တာဝန်ရှိသူတစ်ဦး ကတော့ (၂၉) ရက် ၅ လပိုင်း 'မွန်းတည့် ၁၂ နာရီ နောက်ပိုင်းက စပြီး ကားများထွက်ခွင့်မပြု' ဆိုတာကို မုံရွာ မအဖက အမိန့်ထုတ်ပြန်ထားတဲ့ အတွက် ခရီးသည်တင်ကားများ အသွားအလာကို ရပ်ဆိုင်းထားခဲ့ပါ တယ်။ ချောင်းဦးက အထွက်မှာတော့ ဒေါ်စုကို ကန့်ကွက်ဆန္ဒပြသူတွေကို တင်ဆောင်လာတဲ့ ကားတွေကို တွေ့နေရတယ်။ အဲဒီကားတွေက 'မုံ ရွာ–မန်း' ချင်းတွင်းသား ကားအသင်းကနေ ချောဆွဲထားတဲ့ ကားတွေ စုစုပေါင်း ကားအစီးရေ ၃၀ လောက် ရှိပါတယ်။ ဒါတောင်မှ လမ်းဘေး ထနောင်းပင်တွေ ကုက္ကိုပင်တွေ ချုံပုတ်တွေကို အကာအကွယ်ယူပြီး ရပ်တန့်ထားတဲ့ စစ်ကားတွေ၊ လုံထိန်းကားတွေ၊ တပ်ထိန်းကားတွေ မပါသေးဘူး။

တစ်ပြိုင်တည်းမှာပဲ ဒေါ်စုကို သွားရောက်ကြိုဆိုကြမယ့် မုံရွာ

က လူထုကိုတော့ မုံရွာမြို့အထွက်ကနေ ပိတ်ကာပြီး တားဆီးထားပြန်ပါတယ်။ ချောင်းဦးနဲ့ မုံရွာကြားမှာ ပြင်ဆင်ချက်တွေက လုပ်ကြဖို့အသင့်အနေအထား ရှိနေပါတယ်။ 'သတိထားမိတာ တစ်ချက်ကတော့ လမ်းအကွေ့တိုင်း အကွေ့တိုင်းမှာ လူ ၁၀၀ နီးပါးလောက်စီ ရှိနေတာပါပဲ' လို့ ယာဉ်တန်းနဲ့အတူ ပါခဲ့တဲ့ ချောင်းဦးမြို့ခံ လဝကဝန်ထမ်းတစ်ဦးက ပြောပြခဲ့ပါတယ်။ ဒါပေမဲ့ ချောင်းဦးလူထုနဲ့ မုံရွာမြို့ခံတွေက လာကြိုတဲ့ လူတွေ အဆမတန် များလာတော့ ဆန့်ကျင်ကန့်ကွက်သူတွေဟာ မလှုပ်သာတော့ဘဲ ဖြစ်သွားတာ တွေ့ရတယ်။ ညနေ ၆ နာရီကျော်လောက်မှာ မုံရွာမြို့အဝင်ကို ရောက်ခဲ့ပါပြီ။

မုံရွာမြို့အဝင်မှာ လာကြိုတဲ့ လူအုပ်အရမ်းများနေတော့ သူတို့ကို နှုတ်ဆက်ရင်း ယာဉ်တန်းဟာ ဘီးတစ်ဘီးချင်း လိမ့်သွားနေရပါတယ်။ မုံရွာမြို့ မီးခြစ်စက်ရုံနားရောက်တော့ (၇း၃၀) မိနစ်ရှိပြီ။ တစ်မြို့လုံးက မှောင်နေပေမယ့် လာကြိုသူတွေရဲ့ ဖယောင်းတိုင်မီးတွေနဲ့ လင်းနေပါတယ်။ တချို့ကလည်း မီးစက်တွေ နှိုးပြီး မီးကို လမ်းတစ်လျှောက်လုံး ထွန်းညှိပေးထားကြပါတယ်။ အဲဒီလာကြိုတဲ့လူတွေကိုတော့ ဒေါ်စုဟာ နာရီဝက်ကျော်ကျော် မိန့်ခွန်းပြော နှုတ်ဆက်ပါတယ်။ ဆိုင်းဘုတ်တင်မယ့် အဖွဲ့ချုပ်ရုံးကိုတော့ ည (၉)နာရီမထိုးခင်လေး ရောက်တာပါ။ အဲဒီညက (၂) နာရီကျမှ ဒေါ်စုလည်း အနားရသွားပါတော့တယ်။ အဲဒီနေ့ ၂၉ ရက် ၅ လပိုင်း ဒေါ်စုရဲ့ ခရီးစဉ်တစ်လျှောက်မှာ တွေ့ခဲ့ရတဲ့ ဆန့်ကျင်သူ ကြံ့ဖွံ့စွမ်းအားရှင်နဲ့ အစိုးရ အဖွဲ့ဝင်တွေရဲ့ အနေအထားဟာ 'သတ်ကွင်းဆီ ကျူးသွင်းမျှားခေါ်နေသလို' ခံစားနေရတယ်။ တကယ်တော့ မဟုတ်လေ။ မုံရွာကားလမ်းတစ်လျှောက်ဟာ သေကွင်းသတ်ကွက်သွင်းဖို့ အဆင်မပြေလှဘူး။ မြို့ဆက်နီးတယ်။ ကားအသွားအလာစည်ကားတယ်။ ဒီနယ်ကလူထုက အသိဉာဏ်မြင့်တယ်။ ဒါကြောင့် သတ်ကွင်းဆီ ရောက်ဖို့ မျှားခေါ်နေခြင်းသာ ဖြစ်မယ်လို့ ဆင်ခြင်မိကြောင်း

• • •

# အကြမ်းဖက်အစိုးရ၏ ရာဇဝတ်မှုများ (၄)



# အကြမ်းဖက်အစိုးရ၏ ရာဇဝတ်မှုများ (၆)

အရက်ကျင်းစ မုံရွာမြို့ နံနက် ၅ နာရီအချိန်မှာ လှုပ်လှုပ်ရွရွ ဖြစ်နေတယ်။ လက်ဖက်ရည်ဆိုင်အတွင်း လူအပြည့်။ (၂၉၊ ၅၊ ၂၀၀၃) အကြောင်း စားမြုံ့ပြန်နေကြတယ်။ အချို့ကတော့ လက်ဖက်ရည်သောက်ပြီးတာနဲ့ ဇောတိကကျောင်းတိုက်ကို သွားကြမယ်။ အချို့ကတော့ ဒေါ်စုယာဉ်တန်းနဲ့အတူလိုက်ဖို့ ဆိုင်ကယ်သမားကလည်း သူ့ဆိုင်ကယ် ဆီဖြည့်မယ်၊ ကားနဲ့ လိုက်မယ့်သူတွေကလည်း ကားဆီဖြည့်ဖို့ ပြင်ဆင်နေကြပြီ။ တက်ကြွဖွယ်ရာ မုံရွာမြို့ရဲ့ နံနက်ခင်းပါ။ ဒေါ်စုနဲ့ အဖွဲ့ကတော့ နံနက် (၇) နာရီထိုးတာနဲ့ ဇောတိကကျောင်းတိုက် ဆရာတော်ကို ဖူးမြော်ဖို့ ပြင်ဆင်နေပါတယ်။ ဆရာတော်ကို ဦးခိုက်ပြီးတာနဲ့ ဘုတလင်မြို့နယ် ဆိုင်းဘုတ်တင်ပွဲကို ဆက်သွားမှာပါ။

ဒီတစ်ခါ ခရီးစဉ်က အနှောင့်အယှက်တွေ့မယ်၊ ခက်ခဲမယ်ဆိုတာ ကြိုတွက်ထားပြီးသားပါ။ လွန်ခဲ့တဲ့တစ်ပတ်ကျော်ကျော်လောက်ကတည်းက 'ဘုတလင်မှာတော့ တုတ်တွေ၊ ဒိုင်းတွေနဲ့ လေ့ကျင့်နေတာတစ်ပတ်ရှိပြီ' ဆိုတဲ့ သတင်းဟာ မုံရွာမြို့ လူထုကြားထဲ ပျံ့နှံ့နေပြီးသား။ ဒုံအပြင် ကြံ့ဖွံ့နဲ့ အာဏာပိုင်အဖွဲ့တွေ ပေါင်းပြီး 'စွမ်းအားရှင်' ဆိုတဲ့အမည်နဲ့ လူစုထားတာက အစ၊ တစ်ယောက်ကို (၈၀၀) နဲ့ နေ့စားခပေးထားတာ အဆုံး သတင်းအားလုံးရပြီးသားပါ။ အဲဒီအထဲက အချို့လူတွေ

က အခြေအနေ မဟန်မှန်းသိတော့ ထွက်ပြေးလာကြတယ်။ ထွက်ပြေးလာသူတွေဟာ ကိုယ့်ဒေသမှာ ကိုယ်မနေရဲလို့ ထန်းတပင်ကျောင်း၊ လယ်တီကျောင်းနဲ့ နီးစပ်ရာ ဆွေမျိုးတွေဆီမှာ ခိုအောင်းနေကြလေရဲ့။

မေ (၂၉) ညကလည်း အေးအေးဆေးဆေးနဲ့ ပြီးသွားခဲ့တာမဟုတ်ဘူး။ ညအမှောင်မှာ ဖယောင်းတိုင်မီးအလင်းနဲ့ပဲ ဆိုင်းဘုတ်တင်ကြရတာပါ။ ဒီကြားထဲ NLD မြို့နယ်အမှုဆောင်တွေကို လိုက်ဖမ်းတာ၊ စစ်ဆေးတာတွေ လုပ်တယ်။ နှောင့်ယှက်ရန်လိုနေတဲ့ ကြံ့ဖွံ့အဖွဲ့တွေကို မတို့ရဲ၊ မထိရဲ။ တကယ့်ကို တစ်ဖက်စောင်းနင်း နအဖ အာဏာပိုင်တွေ၊ ဒီကြားထဲ ဒေါ်စုတို့ တည်းခိုမယ့် အိမ်ရောက်တော့ ည (၁၁) နာရီရှိပြီ။ တည်းခိုအိမ်မှာ မြို့နယ်လူငယ်တွေ အဖွဲ့တွေ ဖွဲ့နေတုန်း ဘုန်းကြီးအချို့ရောက်လာပြီး 'ဒကာမကြီးနဲ့ တွေ့ချင်လို့ ထွက်ခဲ့ပါ' တဲ့။ အလုပ်မပြီးသေးကြောင်း၊ ထွက်မတွေ့နိုင်ကြောင်း' ပြောတော့ ဘုန်းကြီးတွေကမကျေနပ်ဘူး။ ဘုန်းကြီးအစစ်တွေ မဟုတ်မှန်းသိပေမယ့် ဒုဥက္ကဋ္ဌ ဦးတင်ဦးဟာ လက်အုပ်ချီပြီး 'အရှင်ဘုရား ညဉ့်လည်း နက်နေပါပြီ။ မနက်ဖြန်အရုဏ်ဦးမှာ ကြွခဲ့ပါဘုရား' လို့ တောင်းပန်တယ်။ မရဘူးဖြစ်နေတယ်။ အဲဒီမှာ ဘေးက လူအုပ်ကြီးက 'အဲဒီဘုန်းကြီးအတုတွေ တယ်ရန်လိုနေပါလားကွ' လို့ ပြောတော့မှ အမြီးကုပ်ပြီး ပြန်ထွက်သွားကြလေရဲ့။ သေချာပြီ မနက်ဖြန် မေ (၃၀) မှာတော့ ဒါထက်ပိုပြီး ဆိုးဆိုးဝါးဝါးဖြစ်လာနိုင်တယ်။ ဒီလိုတွက်ဆမိတဲ့အတွက်လည်း မုံရွာမြို့ လူထုဟာ အချင်းချင်း နီးနှောတိုင်ပင်နေကြတယ်။

သူ့အစုနဲ့ သူစုပြီး ဒေါ်စုတို့ယာဉ်တန်း အေးအေးချမ်းချမ်းဖြစ်ဖို့ လိုက်ပို့ကြမယ်တဲ့။ ဘုန်းကြီးတွေ၊ မြို့ခံလူငယ်တွေ၊ တက္ကသိုလ်ကျောင်းသားတွေအားလုံး ဓာတီကကျောင်းတိုက်တစ်ဝိုက်မှာ စုဝေးနေကြတယ်။ (၁၀) နာရီထိုးတော့ ကားတန်း။ ဆိုင်ကယ်တန်း လူအုပ်ကြီးက များလာပြီ။ ဒါကြောင့် မြို့ပတ်လမ်းကနေ ဘုတလင်မြို့ကို ထွက်ခွာလာခဲ့ကြပါတယ်။ ဒေါ်စုအဖွဲ့ရဲ့ ယာဉ်တန်းနောက်က လိုက်ပါပို့ဆောင်တဲ့ ယာဉ်တန်းကြီးကလည်း တကယ့်တစ်မျှော်တစ်ခေါ်ကြီးပေါ့။ ယာဉ်တန်းကြီးက သိပ်ရှည်လွန်းတော့ ရှေ့ကနေ ဦးဆောင်သွားနေတဲ့ ဒေါ်စုတို့ ဦး

တင်ဦးတို့က နောက်မှာ ဘာတွေ ဖြစ်နေလဲဆိုတာ ဘယ်သိနိုင်ပါ့မလဲ။ သိခဲ့ရင်တောင် နောက်ကြောင်းပြန်လှည့်ဖို့ဆိုတာ မဖြစ်နိုင်ဘူး။

ဖြစ်ပုံက နမခအနီး ဇီးတောရွာနားအရောက်မှာတော့ ဒေါ်စု ယာဉ်တန်းထဲ လိုက်ပါလာတဲ့ အဖွဲ့တွေကို အာဏာပိုင်တွေက ရှေ့ဆက် သွားခွင့်မပြုတော့ဘူး။ မုံရွာကိုသာ အပြန်နိုင်းတယ်။ တချို့ဖမ်းတယ်။ လူစုခွဲလိုက်ကြတယ်။ အသာတကြည်ဖြစ်ခဲ့တာ မဟုတ်ဘူး။ တကယ့် ရုန်းရင်းဆန်ခတ်ဖြစ်သွားတာ။ ဒီကိစ္စကို ဘုတလင်ရောက်ခါနီးမှ ဒေါ်စု က သိတာ။ သိတာနဲ့ တစ်ပြိုင်တည်းပဲ ဒေါ်စုက ဘုတလင် ဥက္ကဋ္ဌ ဦး အောင်ဆန်းကို သွားရှင်းပြ ဖြေရှင်းဖို့ လွှတ်လိုက်တယ်။ အဲဒီဖြေရှင်းတဲ့ အဖွဲ့ကလည်း ပြန်ရောက်မလာတော့ပါဘူး။ အာဏာပိုင်တို့က ဖမ်းထား လိုက်ပါတော့တယ်။ ဒါကတော့ ဒေါ်စုရဲ့အဖွဲ့ အင်အားလျော့ပါးသွားအောင် အာဏာပိုင်များဘက်က စနစ်တကျဖြိုခွဲလိုက်ခြင်းပါပဲ။ လိုက်ပါဖို့ ောင်တဲ့ အင်အားစုက အားသိပ်ကောင်းသွားရင် လုပ်ကြံသတ်ဖြတ်မယ့်သူ တွေအတွက် အခက်တွေ့သွားနိုင်တယ်။ လုပ်ကြံမှု မအောင်မမြင် ဖြစ် သွားနိုင်တယ်။

အချို့ မုံရွာမြို့ခံများဟာ ဘုတလင်ကနေ ပြန်လှည့်ကြတယ်။ ဘုတလင်ဆိုင်းဘုတ်တင်ပွဲအပြီးမှာ မုံရွာကို ပြန်သွားကြတယ်။ အဲဒီပြန် သွားကြတဲ့ လူတွေလည်း ဇီးတောရွာအနီးက နမခ ရှေ့ရောက်တဲ့အခါ မှာတော့ ရိုက်နှက်ဖမ်းဆီးခြင်း ခံကြရပြန်ပါတယ်။ ဘုတလင်ရောက်တော့ (၁)နာရီ ရှိပြီ။ ဒေါ်စုတို့ယာဉ်တန်း ဘုတလင်ရောက်ပြီးချိန်မှာတော့ လက် ပတ်အဖြူတွေ ပတ်ထားတဲ့ လူမိုက်ဂိုဏ်းသားများဟာ ကား (၁၂) စီးနဲ့ အပြည့် လမ်းဘေးမှာ ရပ်ထားတာ။ ဟိုင်းလတ်ကားတွေပေါ်မှာတော့ ကတုံး တုံးပြီးစ ဦးပြည်းစိမ်းတွေနဲ့ အပြည့်။ သင်္ကန်းစီးစဆိုတော့ လက်က တော့ မထိုးတတ်လို့ ရှုံ့သုံ့ပင်အပ်တွေနဲ့ နောင်တဲထားရတယ်။ နောက် ကားနှစ်စီးပေါ်မှာတော့ သွပ်ဆူးကြိုးတွေနဲ့ လုပ်ထားတဲ့ ဘာရီယာ (Barr-ier) တွေ အပြည့်တင်ထားတယ်။ အန္တရာယ်ရဲ့ အငွေ့အသက်တွေပါ။ မုံရွာ မြို့ခံတွေ ပြန်လာတာ ကျဲသွားချိန်မှာတော့ နမခဝင်းထဲကနေ (၁၀)ဘီး ကား (၁၀) စီးနဲ့ စစ်သားကောင်တွေကို အပြည့်တင်ပြီး ဘုတလင်ဘက်

မောင်းထွက်သွားပါတယ်။

ဘုတလင်ကနေထွက်တော့ ညနေ (၅) နာရီရှိပြီ။ ဒေါ်စုနဲ့ အဖွဲ့ရဲ့ ယာဉ်တန်းနောက်က ထိန်ပင်ကန်နားမှာ ရှိတဲ့ ကား (၁၂) စီးဟာ ထက်ကြပ်မကွာလိုက်ပါလာခဲ့တယ်။ နမခထဲက ထွက်လာတဲ့ (၁၀) ဘီး ကား (၁၀) စီးကတော့ လမ်းဘေးမှာ အသင့်အနေအထားပဲ ရှိသေးတယ်။ လိုက်ပါမလာသေးပါဘူး။ အာဏာပိုင်တွေက အကွက်စေ့အောင် လုပ်ထားပါတယ်။ အခြေအနေအစုံစုံကို ရန်ကုန် NLD ရုံးချုပ်ကို သတင်းပို့ဖို့ တယ်လီဖုန်းဆက်တဲ့အခါမှာတော့ ဖုန်းလိုင်းအားလုံးဖြတ်ထားလိုက်ပြီး ဖြစ်နေပါတော့တယ်။ ဒ့ါအပြင် ဘုတလင်နဲ့ ဒီပဲယင်းကြား ခရီးသည်တင် ကား၊ ကုန်တင်ကားတစ်စီးမှ ဖြတ်သန်းခွင့်မပြုတော့ပါဘူး။ ဒီလိုနဲ့ စိုင်ပြင်ကြီးကို ရောက်တော့ (၆) နာရီခွဲ ရှိသွားပြီ။ အဖမ်းခံထားရတဲ့ လွှတ်တော်ကိုယ်စားလှယ်အိမ်ဝင်ပြီး မိသားစုကို အားပေးစကားပြောတယ်။ အဲဒီမှာ လူထုက ၅၀၀၀ ကျော်လောက်ရှိတော့ ဒေါ်စု (၁၅)မိနစ်လောက် စကားပြောနှုတ်ဆက်ပါတယ်။ စိုင်ပြင်ကနေ ရှေ့ပြေးကားလွှတ်လိုက်တာ အဲဒီကားပြန်မလာဘူး။ နောက်ထပ်ဆိုင်ကယ်နဲ့ ထပ်လွှတ်တယ်။ အဲဒီ ဆိုင်ကယ်သမားများလည်း ပြန်မလာကြဘူး။ အားလုံး အန္တရာယ်ဟာ စောင့်နေပြီလားလို့ သံသယရှိလာတယ်။

အဲဒီရှေ့ပြေးသွားခဲ့သူတွေအားလုံးကို ကျည်ရွာနားက ရွာသစ်ကျေးရွာထိပ်ကနေ ဖမ်းဆီးပြီး ဆည်မြောင်းဝင်းထဲမှာ ဖမ်းချုပ်ထားတယ်။ စခန်းမှူး ဦးစိန်ဝင်းနဲ့ အဖွဲ့ဟာ ဆည်မြောင်းဝင်းလုံခြုံရေး တာဝန်ယူရပါတယ်။ ဆည်မြောင်းဝင်းထဲမှာတော့ ရွှေဘို ခအဖ ဥက္ကဋ္ဌ ဗိုလ်မှူးကြီးသန်းဟန် ရုံးထိုင်ပါတယ်။ မြို့နယ်ရဲမှူးကြီး သောင်းဝင်းလည်း ရှိရဲ့။ ရွာသစ်ကြီးရွာသားများကိုတော့ အပြင်မထွက်ရ အမိန့် ၁၄၄ ထုတ်ပြန်ထားတယ်။ အကြမ်းဖက်မယ့်သူများကိုတော့ လမ်းဘေးဝဲယာမှာ နေရာချထားပါတယ်။ အဲဒီအထဲမှာ မန္တလေးထောင်က နှစ်ကြီးသမား (၇၂) ယောက်တောင် ပါတယ်လို့ဆိုပါတယ်။ အဲဒီအထဲက လူ ၂၀ လောက်က 'ငါတို့ လူမိုက်ကွ၊ လူယုတ်မာ မဟုတ်ဘူး။ ဒီအလုပ်မျိုးတော့ ငါတို့ မလုပ်နိုင်ဘူး' ဆိုပြီး ထွက်ပြေးသွားကြပါတယ်။

ဘုန်းတော်ကြီးတွေနဲ့ ပတ်သက်ပြီး မြို့နယ် 'မဟာန' အဖွဲ့ဝင်တွေကို ပင့်ဆောင်ပြီး 'ဒေါ်အောင်ဆန်းစုကြည်နဲ့ ယာဉ်တန်းအဖွဲ့ စတင်တိုက်ခိုက်တဲ့အတွက် ယခုကဲ့သို့ ရိုက်နှက်ခြင်း ဖြစ်ကြောင်း' လက်မှတ်အထိုးခိုင်းပါတယ်။ ဥက္ကဋ္ဌအပါအဝင် သံဃာတော်များကတော့ ငြင်းဆန်ပေမယ့် အတွင်းရေးမှူးဆရာတော်နဲ့ ခွန်တောင်ကျေးရွာဆရာတော် (ဘွဲ့အမည်ကို မပြောလိုဍ် ချန်ခဲ့) တို့ကတော့ လေးရာနှစ်ဆယ့်ရှစ်သွယ်သောသိက္ခာပုဒ်မပြောနဲ့ ငါးပါးသီလတောင် မစောင့်ထိန်းတော့ဘဲ လက်မှတ်ထိုးပေးခဲ့တယ်။

နေ့လယ် (၃) နာရီလောက်ကတည်းက စည်ပိုင်းပြတ်ထဲ အရက်ထည့်ပြီး စိတ်ကြိုက်သောက်စေတယ်။ အရက်မကြိုက်သူတွေအတွက်ကတော့ ဖျော်ရည်ထဲမှာ စိတ်ကြွဆေးထည့်ပြီး တိုက်တယ်။ ဒါကိုတော့ မြို့မရပ်ကွက်ထဲက ရအဖ အဖွဲ့ဝင် ၂ ယောက်က လုပ်ပေးရတာ။ ဆည်မြောင်းရုံးထဲမှာတော့ ရွှေဘို ခအမဒုဥက္ကဋ္ဌ ဗိုလ်မှူးကြီး သောင်းဟန်ရုံးထိုင်နေပါတယ်။ မြို့နယ်ရဲမှူးကြီး သောင်းဝင်းကတော့ ဝါးရင်းတုတ်ကိုင် အကြမ်းဖက်သမားအဖွဲ့ကို အသင့်ပြင်ထားဖို့ ညွှန်ကြားနေပါတယ်။ စကားပြောစက်ထဲမှာတော့ 'ကုလားမ ထွက်သွားပြီ။ လိမ္မော်သီး ၂ လုံးပါတယ်' လို့ သတင်းပို့နေပါတယ်။

ဒီနေ့မှာတော့ ကျည်ရွာအနီး ရွာနီးချုပ်စပ်က ဘုန်းတော်ကြီးကျောင်းတွေကိုလည်း လျှူဖွယ်ပစ္စည်း ဆက်ကပ်ရင်း ဒေါ်စုနဲ့ အဖွဲ့ကို မကြိုရ။ အကူအညီမပေးရ။ ပြဿနာတစ်စုံတစ်ရာဖြစ်ရင် ထွက်မလာဖို့ တားမြစ်ထားတာမို့ သူတို့ ဘယ်သူ့အကူအညီမှ ရမှာ မဟုတ်ဘူး။ ဒေါ်စုတို့ယာဉ်တန်းနောက်မှာတော့ နမခဝင်းထဲက ကား ၁၀ စီးနဲ့ ဘုတလင်အတွက် လိုက်လာတဲ့ ကား ၁၂ စီးပေါ်က လူတွေနဲ့ဆိုရင် လမ်းဘေးဝဲယာမှ ဝါးရင်းတုတ်ကိုင် လူကလည်း (၃၀၀၀) နီးပါးရှိတယ်။ ဒီအကြမ်းဖက်အုပ်စုကိုတော့ ရေအဖွဲ့၊ မီးအဖွဲ့ဆိုပြီး ခွဲထားပါတယ်။ သတ်ကွင်းလည်း စနစ်တကျပြင်ဆင်ပြီးပြီ။ ည (ရး၃၀) မှာတော့ ဒေါ်အောင်ဆန်းစုကြည်တို့ ယာဉ်တန်းလည်း ကျည်ရွာကို ရောက်လာပါပြီ။ ရှေ့ကနေပိတ်ပြီး ဟန့်တားနေတာက ရွှေဘိုခရိုင်ရဲ့ ကြံ့ဖွံ့ရွှမ်းအားရှင်နဲ့ အာဏာ

ပိုင်အဖွဲ့များ။ လမ်းဘေးတစ်ဖက်တစ်ချက်မှာက လက်နက်မျိုးစုံကိုင်ဆောင်ထားတဲ့ အကြမ်းဖက်လူမိုက်အဖွဲ့တွေ။ ဒေါ်အောင်ဆန်းစုကြည်တို့ ယာဉ်တန်း ရှေ့တိုးမရ နောက်ဆုတ်မရ၊ ဘေးကနေ ရှောင်ကွင်းမရ။ ရွာသစ်ကျေးရွာထိပ်မှာက သံဆူးကြိုးတပ် ဘာရီယာများ၊ သုံးဆင့်သုံးတန်းနဲ့ ကာရံထားတယ်။ အတန်းတစ်တန်းဆီမှာ ဘာရီယာ သုံးခု။ စုစုပေါင်း ဘာရီယာကိုးခုနဲ့ ပိတ်ဆို့ထားတယ်။ တကယ့်ညှပ်ပူး ညှပ်ပိတ်အခြေအနေ။ တကယ့်သတ်ကွင်းထဲမှာ။

◆ ◆ ◆

# အကြမ်းဖက်အစိုးရ၏ ရာဇဝတ်မှုများ (၇)





# အကြမ်းဖက်အစိုးရ၏ ရာဇဝတ်မှုများ (၇)

တကယ့်သတ်ကွင်းထဲမှာ။ ကျည်ရွာကနေ ကိုက် ၁၀၀ ကျော် ကျော် ဒီပဲယင်းရောက်ဖို့ နှစ်မိုင်ခန့်အလို။ ဒေါ်စုတို့ယာဉ်တန်းရှေ့မှာ ဘုန်းကြီး အတုနှစ်ယောက်နဲ့ ကြံ့ဖွံ့များ၊ စွမ်းအားရှင်များ၊ အရပ်ဝတ်ရဲအဖွဲ့ဝင်များ။ အချိန်မှာ ည (၈) နာရီခန့်၊ တစ်ယောက်နှင့် တစ်ယောက် မမြင်ပိုးဝါးမှောင်ထုကျချိန်။ နေအလင်း လုံးဝပျောက်သွားပြီ၊ ဘုန်းကြီးတုနှစ်ပါးက 'ဒကာမကြီး တရားဟောပေးပါ'တဲ့။ တစ်ဆက်တည်း 'နောက်မှာ ငါတို့လူတွေ လာနေပြီ သူတို့ကိုစောင့်ပြီး ဒကာမကြီး တရားဟောပေးပါ' တဲ့။

အဲဒီအချိန် စောစောသက်နိုးဝတ်တွေပြောတဲ့ သူတို့လူတွေဟာ နမခထဲကနေ ဒိုင်နာကားတွေ၊ ထော်လာဂျီတွေပေါ်မှာ လိုက်ပါရင်း ဒေါ်အောင်ဆန်းစုကြည်ရဲ့ ယာဉ်တန်းနောက်ကို တဖြည်းဖြည်းချဉ်းကပ်လာပါပြီ။ ဒေါ်စု ယာဉ်တန်းနောက်ဘက်မှာတော့ ဒေါ်စုကို ကြိုကြတဲ့ ကျည်ရွာလူထုဟာ မပြန်ကြသေးဘဲ စုစုဝေးဝေးရှိနေဆဲပါ။ ဒီလိုနဲ့ နမခအထဲက လိုက်ပါလာတဲ့ ဒိုင်နာ၊ ထော်လာဂျီယာဉ်တန်းပေါ်ကနေ 'ပြည်ပအားကိုး ပုဆိန်ရိုး၊ အဆိုးမြင်ဝါဒီ အလိုမရှိ' ဆိုတဲ့ ကြွေးကြော်သံတွေကို သံပြိုင်အော်ဟစ်လာကြပါတယ်။ ဒီလိုအော်တာကို ဘေးကရပ်ကြည့်နေတဲ့ ကျည်ရွာသူ ကျည်ရွာသားတွေဟာ မတရားအနိုင်ကျင့်တာကို သိ

တာနဲ့ 'တို့ပြည်ကလည်း မင်းတို့ကြံ့ဖွံ့တွေကို အလိုမရှိ၊ စစ်တပ်လက်ကိုင်တုတ် လူယုတ်မာတွေ အလိုမရှိ' ဆိုပြီး တန်ပြန်အော်ဟစ်ကြပါတယ်။ အဲဒီလို အပြန်အလှန်အော်ဟစ်ကြရင်းနဲ့ ထော်လာဂျီပေါ်က လူယုတ်မာတစ်ယောက်က ဘုန်းတော်ကြီးတစ်ပါးကို သံတုတ်နဲ့ ရိုက်လိုက်တယ်။ ဘုန်းတော်ကြီးရဲ့ ဦးခေါင်းကတုံးပြောင်ပြောင်တစ်ခုလုံး သွေးချင်းချင်းနီသွားခဲ့တယ်။ အရိုက်ခံရတဲ့ ဘုန်းတော်ကြီးဟာ ကျည်ရွာက ဘုန်းတော်ကြီး ဖြစ်နေလေတော့ အဲဒီမှာ ကျည်ရွာသားများနဲ့ စွမ်းအားရှင် ကြံ့ဖွံ့လူယုတ်မာတို့ ရိုက်ပွဲကြီး ဖြစ်သွားတော့တာပါပဲ။

ကျည်ရွာမှာ ရိုက်ပွဲဖြစ်နေတာကို မသိဘဲ ဒေါ်စုတို့ ယာဉ်တန်းဟာ ရွာသစ်ရွာဆီ ခရီးဆက်နေပါတယ်။ ရွာသစ်ရွာထိပ်ရောက်မှ ကျည်ရွာသားတွေ ကြံ့ဖွံ့အဖွဲ့က ရိုက်နှက်ခံရကြောင်း သိရတော့ ဒေါ်စုက ခရီးမဆက်ဘဲ ရပ်နေပါတယ်။ ဦးတင်ဦးက ဆက်မောင်းဖို့ ပြောတော့ 'ကျွန်မတို့ ကြိုဆိုကြတဲ့သူတွေကို ရိုက်နေတာ သိလျက်နဲ့တော့ ကျွန်မ မသွားနိုင်ဘူး။ ရှောင်ထွက်မသွားနိုင်ဘူး။ အတူတူနေမယ် ဘယ်မှမသွားဘူး' လို့ ပြောပြီး တင်းခံနေချိန် ရွာသစ်ကျေးရွာမရောက်မီ တံတားအကျော်လောက်မှာ အသင့်ပြင်ထားတဲ့ မီးဆလိုက်များဟာ ဒေါ်စုတို့ ယာဉ်တန်းဆီကို တစ်ပြိုင်တည်းထိုးလိုက်ပါတယ်။ အဲဒီအချိန်မှာ တစ်ပြိုင်တည်းဆိုသလို ရိုက် ရိုက် ဆိုတဲ့ ဒီပဲယင်းမြို့မရပ်ကွက်အဖွဲ့ဝင် ဦးမြဝင်း၊ ဦးစိုးတင့်နဲ့ ဦးဖိုးဆွေတို့ဆီက အမိန့်ပေးသံတွေ ထွက်လာခဲ့တယ်။ ဆည်မြောင်းဝင်းထဲမှာအဖမ်းခံထားခြင်းခံရတဲ့ NLD အဖွဲ့ဝင်အချို့က ကြားနေကြရပါတယ်။

ကျည်ရွာသားတွေကို ရိုက်ပြီးတဲ့နောက်မှာတော့ အကြမ်းဖက်များဟာ မန္တလေး၊ မုံရွာက လိုက်ပို့တဲ့ အဖွဲ့ချုပ်ကားတွေကို စတင်ရိုက်နှက်ကြတယ်။ ပထမတော့ ယာဉ်တန်းကို ကျောက်ခဲတွေနဲ့ ပစ်ကြတယ်။ ပြီးမှ ဝါးရင်းတုတ်တွေ၊ ဝါးဆစ်ပိတ်တွေ၊ သစ်သားတုတ်၊ ဝါးချွန်များနဲ့ ရိုက်ပုတ် ထိုးနှက်ကြပါတော့တယ်။ အဖွဲ့ချုပ်ယာဉ်တန်းပေါ် ပါလာတဲ့သူတွေဟာ ကားပေါ်ကနေ အချို့ဆင်းပြေးကြတယ်။ အချို့က မြန်မြန် လွတ်သွားပေမဲ့ အချို့တော့ နေရာမှာပင် ရိုက်သတ်တာကိုခံကြရတယ်။

မထင်မှတ်ဘဲ ယာဉ်တန်းနောက်ကနေ ရိုက်တာမို့ အသေအပျောက် ဒို များတယ်။

ယာဉ်တန်းနောက်ပိုင်းက စရိုက်တာမို့ ရှေ့က ယာဉ်တန်းဆီ မရောက်မီ ဒေါ်စုကားကို ထွက်သွားပါရန် ဦးတင်ဦးက ပြောပေမယ့် ဒေါ်စုက 'ကျွန်မ နောက်မှာ ရှာသူရှာသားတွေ၊ ပြည်သူတွေ၊ အဖွဲ့ဝင်တွေ အရိုက်ခံနေရပြီ။ ကျွန်မ ဒီလိုထွက်သွားရက်ပါ့မလား ဘဘရဲ့' လို့ ဒေါ်စုဟာ ပြောရင်း ကားကို မထွက်ဘဲနေတယ်။ အဲဒီလိုပြောနေချိန်မှာ ဒေါ်စုကားဆီ ရောက်လာပြီး ဝိုင်းဝန်းရိုက်နှက်ကြပါတော့တယ်။ ဒေါ်စုလည်း ဘယ်ဘက်ပခုံး ထိသွားပြီး ယာဉ်မောင်းကျော်စိုးလင်းလည်း ထိသွားပြီ။ ဒါပေမဲ့ ဒေါ်စုကားရဲ့ ယာဉ်မောင်းကျော်စိုးလင်းက ကားကို တစ်ဟုန်ထိုး မောင်းထွက်သွားလိုက်လို့ ဒေါ်စုတို့တော့ လွတ်သွားပြီ။

ကျည်ရွာနဲ့ ရွာသစ်ရွာကြား လူသတ်ကွင်းမှာတော့ အတုံးအရုံးလဲလို့ အချို့သူက ညည်းညူသူ ညည်းညူနဲ့ တကယ်ထိတ်လန့်ဖွယ်ရာ မြင်ကွင်းပဲ။ သွေးပျက် စိတ်ချောက်ချားစရာ သွေးအိုင်ထဲက လူးလဲထနေသူကို ထပ်ရိုက်လိုက်တာ သေပါရောလား။ ကားမီးရောင်အောက်မှာ အထင်းသားမြင်နေရတယ်။ ကားလမ်းပေါ်မှာ ကားလမ်းဘေးမှာ၊ လယ်ကွင်းတွေထဲမှာ ဟိုတစ်ယောက် ဒီတစ်ယောက် နေရာအနှံ့ပုံ့ကျဲနေသော အလောင်းများ။

ဟိုင်းလတ်ကားအစိမ်းရောင်ပေါ်မှာ ဒီချုပ်အမျိုးသမီးအချို့ အဝတ်အစားများပင် မရှိတော့။ ပင်နီရင်ဖုံး အားလုံးဆွဲဖြဲထားခြင်း ခံရပုံပဲ။ ယောထဘီလည်း အနက်ရောင်မပီဘဲ အနီရောင်သွေးချင်းချင်း လွှမ်းပြီ။ ဒုတိယဖှစ်ကျောင်းသူ သန္တာစိုးရဲ့ နားကပ်ကို ဆွဲဖြုတ်ယူနေတာလည်း မြင်ရတယ်။ ပြီးနောက် ကားပေါ်က ဆွဲချ။ ဆံပင်ကို လက်နဲ့ရစ်ပြီး ကျောက်လမ်းနဲ့ အကြိမ်ကြိမ် ဆောင့်သတ်နေပုံများ။ တကယ့်ကို လူမဆန်စွာ သတ်ဖြတ်မှုပဲ။ ဘယ်လို ရန်ငြိုးမှ မရှိဘဲ ရက်စက်လိုက်တာ။ ကားမီးရောင်အောက်မှာ လွှတ်လပ်စွာ ဓားပြတိုက်ခွင့် ရနေတဲ့သူတွေ။ ဆွဲကြိုးတွေ၊ လက်စွပ်တွေ အိတ်ထဲက ပိုက်ဆံတစ်ခုမကျန် အကုန်နှိုက်ယူနေတာလည်း မြင်တွေ့နေရတယ်။

ဒေါ်စုတို့ကား ထွက်သွားတာ သိတော့ ဆည်မြောင်းဝင်းထဲက 'ထွက်တိုက်' လို့ အမိန့်ပေးသံနဲ့အတူ ဒိုင်နာကား (၂) စီးဟာ မျက်နှာချင်းဆိုင်ကနေ အရှိန်ပြင်းပြင်းနဲ့ မောင်းထွက်လာတယ်။ အဲဒီကားချင်းတိုက်ဖို့လာတဲ့ ဒိုင်နာကား (၂) စီးကို ကျွေ့ရှောင်ရင်း ဘာဂျီယာသုံးဆင့်ကို ဖြတ်တိုက်ပြီး ဒေါ်စုတို့ကား လွတ်မြောက်သွားတာလည်း မြင်လိုက်ရတယ်။

အဲဒီအချိန်မှာတော့ ရွာသစ်ရွာနဲ့ (၄) ဖာလုံခန့် ဝေးတဲ့ 'မဲသည်' ကျေးရွာတဲတားအနီးမှာတော့ လူသတ်ပွဲကို ရှုတ်ချဆန္ဒပြတဲ့ လူတစ်ထောင်ခန့်ဟာ 'ဒေါ်အောင်ဆန်းစုကြည် ကျန်းမာပါစေ' လို့ အော်ဟစ်ပြီး ညလုံးပေါက် ဆန္ဒပြနေတာ တွေ့ရတယ်။ 'လူသတ်ဝါဒ ကျဆုံးပါစေ' ဆိုတဲ့ ကြွေးကြော်သံတွေကို အကြိမ်ကြိမ် ဟစ်အော်နေကြတယ်။

ည (၁၁) နာရီခန့်မှာတော့ ပွဲကျဲနေတဲ့ အလောင်းတွေ ကော[illegible]ဖို့ အစိုးရအဖွဲ့ဝင်တချို့ ရောက်လာပါပြီ။ လူသတ်အလောင်းဖျောက်ရာမှာ ကျွမ်းကျင်လှတဲ့ စစ်အစိုးရဟာ သေသူပေါင်း (၂၈၂)ယောက်ကို အလောင်းဖျောက်ခဲ့ပါတယ်။ အတုံးအရုံးလဲပြိုနေတဲ့မြင်ကွင်းကို ကြည့်ရင်း ကဗျာဆရာနီရွှေဒါရဲ့ ကဗျာအပိုင်းအစလေးကို သတိတရ ရွတ်ဆိုလိုက်မိသေးတယ်။

*'မသာလောင်းတွေပေါ်မှာ*
*အာဏာထူထောင်လိုသူတွေနဲ့*
*လက်ဆွဲနှုတ်ဆက် မေ့လျော့ပစ်ဖို့*
*အလိုမရှိဘူး။*
*ဒီနေရာ ဒီရင်ပြင်မှာ*
*သင်းဝေ့တစ်တွေကို*
*တရားစီရင်ဖို့သာ အလိုရှိတယ်။'*

(နီရွှေဒါ)

◆ ◆ ◆

# အကြမ်းဖက်အစိုးရ၏ ရာဇဝတ်မှုများ (၈)





# အကြမ်းဖက်အစိုးရ၏ ရာဇဝတ်မှုများ (၈)

*မသာလောင်းတွေပေါ်မှာ*
*အာဏာထူထောင်လိုသူတွေနဲ့*
*လက်ဆွဲနှုတ်ဆက် မေ့လျော့ပစ်ဖို့*
*အလိုမရှိဘူး။*
*ဒီနေရာ ဒီရင်ပြင်မှာ*
*သင်းတို့တစ်တွေကို*
*တရားစီရင်ဖို့သာ အလိုရှိတယ်။*

(နီရူဒါ)

အဖြစ်အပျက်တွေက မယုံကြည်နိုင်လောက်အောင်ပဲ။ အလောင်းပေါ် အလောင်းထပ်လို့။ တချို့က ကားလမ်းမပေါ်မှာ။ တချို့က ကားလမ်းဘေး။ တချို့ကတော့ သွေးရူးသွေးတန်းနဲ့ ပြေးသွားလိုက်တာ လယ်ကွင်းထဲ ရောက်မှ 'ဘုံးဘုံး' လဲကျသွားပါရောလား။ သွေးတွေဆိုတာ ကားမီးရောင်အောက်မှာ ရဲရဲနီ။ ဖန်ကွဲစ မှန်ကွဲစတွေကလည်း မီးရောင်ကျတိုင်း လက်ခနဲဝင်းခနဲ ပြန့်ကျဲလို့။ ဆိုင်ကယ်တွေလည်း အတုံးအရုံး။ မောင်းသူမဲ့ ကားတန်းကလည်း ကစဉ့်ကလျား။ ကင်မရာနဲ့ မှတ်

တမ်းတင်ခွင့်မရပေမယ့် အသိစိတ်ထဲမှာ ပြက်ပြက်ထင်ထင် စွဲမြင်နေဆဲပါ။

ကျည်ရွာမှာ အစိုးရကိုယ်တိုင် အကြမ်းဖက်ခြင်း လုပ်ရပ်ဟာ ည ၁၀ နာရီမှာ ပြီးဆုံးသွားခဲ့ပါပြီ။ အဲဒီသွေးစွန်းတဲ့ လက်တွေကို ကျွန်တော်တို့ ဘယ်လိုလက်ဆွဲနှုတ်ဆက်ကြမလဲ။ ခံစားရသမျှကို လက်ဆွဲနှုတ်ဆက်ရုံနဲ့ မေ့လျော့ပစ်ကြရမှာလား။ ပြစ်မှုကျူးလွန်သူကို ခွင့်လွှတ်ခြင်းနဲ့ မေ့လျော့ခြင်းဟာ နောင်ဒီထက်ကြီးတဲ့ ပြစ်မှုကျူးလွန်စေဖို့ အားပေးအားမြှောက်ပြုခြင်း ဖြစ်တယ်။ ရာဇဝတ်မှုကို ရာဇဝတ်မှုအဖြစ် ရှုမြင်ခြင်းဟာ လောကကို စောင့်ရှောက်ခြင်းမည်တယ်။ ကဲ လောကကို စောင့်ရှောက်မလား သို့တည်းမဟုတ် လူမိုက်ကို မေ့လျော့ပစ်ခြင်းဖြင့် အားပေးအားမြှောက် လုပ်ကြမလား။ ကျွန်တော်တို့ နှလုံးသားနဲ့ ရွေးရလိမ့်မယ်။

ည ၁၀ နာရီကျော်တော့ ရဲနဲ့ စစ်သားတွေ ရောက်လာပြီ။ အလောင်းကောက်ဖို့နဲ့ အလောင်းဖျောက်ဖို့အတွက်ပါ။ ညတွင်းချင်း မြေကျင်းတူးမြှုပ်ကြပြီ။ ဘုရားတွက်ရွာအနီးမှာတော့ အလောင်း ၂၀ မြှုပ်ထားလိုက်တယ်။ ဆည်မြောင်းဝင်းထဲမှာလည်း မြှုပ်။ မြှုပ်လို့ မနိုင်တဲ့ အဆုံး ဒိုင်နာကားတွေပေါ်မှာတင် တာလပတ်အုပ်ပြီး မုံရွာစီးသကြိုဟ်စက်ကို ပို့လိုက်ကြတယ်။ စုစုပေါင်း ၂၈၂ လောင်းလို့ တာဝန်ရှိသူတွေဆီက အသံထွက်လာခဲ့တယ်။ အကြမ်းဖက် ရိုက်နှက်သတ်ဖြတ်ခဲ့သူတွေကိုတော့ ရေဦး မယကရုံးမှ ညစာကျွေးပြီး ရွှေဘိုက အကြမ်းဖက်အုပ်စုကို ညတွင်းချင်း ပြန်ပို့ပေးခဲ့ရတယ်။

အစုလိုက်အပြုံလိုက်သတ်ဖြတ်မှု (massacre) မပြောနဲ့၊ သာမန်ရာဇဝတ်မှုမှာတောင် လူသတ်အလောင်းဖျောက်ခြင်းဟာ ပြစ်မှု သိပ်ကြီးလေးတယ်။ ကဲ ဘယ်သူမှာ တာဝန်ရှိသလဲ။ ဘယ်သူက တာဝန်ခံမှာလဲ။ 'သွားလေသူ ဗိုလ်ချုပ်ကြီးစိုးဝင်းကတော့ ဒီပဲယင်းလုပ်ကြံသတ်ဖြတ်မှုများ သူတစ်ယောက်တည်းအပေါ် အပြစ်ပုံချကြတယ်' လို့ သူ့အတ္ထုပ္ပတ္တိမှာ ဖွင့်ပြောလာပါပြီ။ ဒီကိစ္စအားလုံးအတွက် တတိယအင်အားစုဆိုတာ ရှိတယ်။ သူတို့နိုင်းတာပါ' လို့ ထမင်းရေပူလျှာလွှဲပြောတာပဲ

လား။ ဘာကြောင့်လဲ။

ဗိုလ်ချုပ်ကြီးဟောင်း ဗိုလ်ခင်ညွန့်ကိုတော့ 'ဒီပဲယင်းကိစ္စမှာ ထောက်လှမ်းရေးအပြင် သက်သက်လုပ်ပေးတဲ့ အဖွဲ့တွေ ရှိမှာပေါ့နော်' ဆိုတဲ့ အမေးကိုတော့ 'ရှိမှာပေါ့။ နာမည်ထုတ်ပြောလို့ မကောင်းဘူး ပေါ့။ နှစ်ဖွဲ့လောက် ရှိတယ်' တဲ့။ သူတို့စကားအရဆိုရင် အမှန်တကယ် တတိယအင်အားစု ရှိနေခဲ့တယ်လို့ ယူဆရမှာပါ။ 'နှစ်ဖွဲ့ရှိတယ်' ဆိုတဲ့ စကားရပ်နဲ့ ပတ်သက်ပြီး ကြံ့ဖွံ့အဖွဲ့နဲ့ ထဲထဲဝင်ဝင်ရှိတဲ့ မိတ်ဆွေတစ်ယောက် ပြောပြတာက 'ဒီပဲယင်းလုပ်ရှားမှုနဲ့ ပတ်သက်ပြီး မန္တလေးစုရပ်မှာ ညအိပ် ညနေ ခေါ်ထားတဲ့ အင်အားစုထဲမှာ ကျွန်တော်ပါခဲ့ဖူးတယ်။ ကြံ့ဖွံ့အပြင် စွမ်းအားရှင်လည်း ရှိသေးတယ်။ အဲဒီစွမ်းအားရှင်နဲ့ ကြံ့ဖွံ့ရဲ့အထက်မှာ ပြည်သူ့ဆက်ဆံရေးနဲ့ စိတ်ဓာတ်စစ်ဆင်ရေးလို့ အဓိက အဖွဲ့ကြီးတစ်ဖွဲ့ ရှိသေးတယ်။ လုပ်ငန်းစဉ်အားလုံးကို အဲဒီအဖွဲ့က ချမှတ်ပေးခဲ့တာဗျ' လို့ ဖော်ထုတ်ပြောပြခဲ့ဖူးတယ်။ ဒီအဖွဲ့ဟာ ဗိုလ်ခင်ညွန့်ပြောတဲ့ နှစ်ဖွဲ့ထဲက တစ်ဖွဲ့ဖြစ်ပါလိမ့်မယ်။

ဒါဖြင့် ပြည်သူ့ဆက်ဆံရေးနဲ့ စိတ်ဓာတ်စစ်ဆင်ရေးလို တတိယအင်အားစုမှာ ဘယ်သူတွေ ပါသလဲ။ ဒီအင်အားစုကို ဘယ်သူဖွဲ့ပေးခဲ့တာလဲ။ အဲဒီကာလက စိတ်ဓာတ်စစ်ဆင်ရေးကိုင်ခဲ့တဲ့ လူတွေ လွှတ်တော်ထဲမှာ ဘယ်နေရာရောက်နေသလဲ။ ပရိယာယ်ကြွယ်ပြီး ကောက်ကျစ်တတ်သူတွေကို အသေချာစိစစ်ပြီး ဆက်ဆံကြရမှာပါ။ ဗိုလ်ချုပ်ကြီး စိုးဝင်းပြောတဲ့ တတိယအင်အားစုဟာ ဒီအဖွဲ့ပဲလား။ ဘယ်သူတွေလဲ။ ပါဝင်ဦးရေ ဘယ်နှယောက်လဲ။

အဲဒီတုန်းက ကြံ့ဖွံ့ဖွဲ့စည်းပုံကို ကြည့်ရင် အခုလို ပါတီမဟုတ်သေးဘူး။ အသင်းအဖွဲ့ မှတ်ပုံတင်ပြီး ဖွဲ့စည်းတာ။ စစ်တပ်ထဲမှာဆိုရင် ဗိုလ်ချုပ်မှူးကြီးအစ အကြပ်တပ်သားအားလုံး မဝင်မနေရ ဝင်ခဲ့ကြတာ။ နိုင်ငံရေးလုပ်ဖို့ မဟုတ်ဘူး။ အမျိုးသားရေးလုပ်ဖို့ဆိုတဲ့ ကြွေးကြော်သံနဲ့။ ဝန်ထမ်းလောကမှာလည်း ညွှန်ကြားရေးမှူးက အစ မင်းစေအထိ ပါဝင်စေခဲ့တယ်။ နာယကကြီး ဗိုလ်ချုပ်မှူးကြီးဟောင်း သန်းရွှေပဲ ဖြစ်တယ်။ ကြံ့ဖွံ့အမှုဆောင်တချို့က ဦးစီးပြီး မယက၊ ခယက၊ တယက

ဥက္ကဋ္ဌတွေ၊ အမှုဆောင်တွေကတစ်ဆင့် ရပ်ကွက်လူမိုက်တွေကို နေ့စား ပေးစုစည်းပြီး ဗွမ်းအားရှင်အဖြစ်ဖွဲ့စည်းခဲ့တယ်။ ကြံ့ဖွံ့ရဲ့ ဗိုလ်ချုပ်ကြီးတွေ၊ ရဲချုပ်တွေ၊ စစ်တပ်က ပြည်သူ့ဆက်ဆံရေးနဲ့ စိတ်ဓာတ်စစ်ဆင်ရေးက ပုဂ္ဂိုလ်တွေ စုစည်းပြီး တတိယအင်အားစုကို ဖန်တီးခဲ့ခြင်းပါပဲ။ ပြီးမှ ကျန်အဖွဲ့ဝင်တွေ အသိမဲ့ပါဝင်လာအောင် လုပ်ဆောင်ပေးခဲ့တယ်။ လမ်းညွှန်ပေးခဲ့တယ်။

ဒါကြောင့် အဲဒီအချိန်က ကြံ့ဖွံ့လှုပ်ရှားမှုမှန်သမျှဟာ နိုင်ငံတော်အစိုးရရဲ့ လှုပ်ရှားမှုပဲဖြစ်တယ်။ လူထုတစ်ရပ်လုံးက အစိုးရရဲ့ ကျူးလွန်မှုလို့ ယုံကြည်ခဲ့တယ်။ လူမိုက်ဂိုဏ်းတစ်ခုဖြစ်တဲ့ ဗွမ်းအားရှင်တွေကို အဲဒီအချိန်က 'တောင်သာတပ်မတော်' လို့ ခေါ်ကြတယ်။ ဒီအခေါ်အဝေါ်က အရပ်သားကစခေါ်ခဲ့တာမဟုတ်ဘူး။ အဲဒီလုပ်ရပ်ကို မကျေနပ်တဲ့ စစ်တပ်အသိုင်းအဝိုင်းက ပေးခဲ့တဲ့ အမည်နာမဖြစ်တယ်။ တတိယအင်အားစုဆိုတာ ဗိုလ်သန်းရွှေဦးဆောင်ဖွဲ့စည်းတဲ့ ဗိုလ်ချုပ်ကြီးများနဲ့ ပြည်ထဲရေးဌာနအချို့ ပါဝင်တဲ့ အဖွဲ့အစည်းတစ်ခုပဲ ဖြစ်မှာပါ။ ဘာလို့လဲဆိုတော့ ဗိုလ်သန်းရွှေကို ကျော်ပြီး ဘယ်စစ်ဗိုလ်ချုပ်ကြီးကမှ ဒီလိုအလုပ်မျိုး မလုပ်ရဲလို့ပဲ ဖြစ်တယ်။ ဒါကြောင့် ဒီပဲယင်း လူမဆန်မှုလုပ်ရပ်ရဲ့ တာဝန်ခံရမယ့်သူဟာ ဗိုလ်သန်းရွှေ အဓိကဖြစ်နေတယ်။

မြန်မာ့နိုင်ငံရေးသမိုင်းမှာ လုပ်ကြံသတ်ဖြတ်မှု အမည်းစက်တွေ များစွာ ရှိခဲ့တယ်။ ဂျွန်ဦးစောရဲ့အမည်းစက်က ပထမအစွန်းအထင်းပဲ။ ဒုတိယအမည်းစက်က ဗိုလ်နေဝင်းဖြစ်ပြီး တတိယအမည်းစက်က ဗိုလ်သန်းရွှေပဲ။ ဒီအမည်းစက်သုံးစက်ရဲ့ အစွန်းအထင်းဟာ မြန်မာ့နိုင်ငံရေးသမိုင်းမှာ ဖျောက်ဖျက်သန့်စင်လို့ မရတဲ့ အစွန်းအထင်းတွေပဲ။ ဦးနေဝင်းနဲ့ ဦးသန်းရွှေတို့ရဲ့ အမည်းစက်အစွန်းတွေက နိုင်ငံတော်အပေါ်မှာသာမက တပ်မတော်ကိုပါ အရောင်ဆိုး အစွန်းပေစေတဲ့အတွက် သူတို့ချမှတ်ခဲ့တဲ့ လမ်းကြောင်းပေါ်မှာ ပြန်လည်သုံးသပ်ကြရမှာပါ။

တကယ်တော့ သူတို့ရိုက်သတ်ခဲ့တာ သူစိမ်းတွေ မဟုတ်ဘူး။ တစ်မြေတည်းနေ တစ်ရေတည်းသောက်တွေ၊ ဘာသာတူ၊ လူမျိုးတူတွေ၊ တိုင်းပြည်အတွက်၊ နိုင်ငံတော်အတွက် တစ်တပ်တစ်အား ဗွမ်းဆောင်နိုင်

သူတွေ၊ တကယ့်လူသားရင်းမြစ်တွေ အဲဒါတွေကို ဆုံးရှုံးသွားခဲ့ရတယ်။ အနာဂတ်နိုင်ငံတော်အတွက် နစ်နာခြင်းပဲ ဖြစ်တယ်။ မိမိအတ္တအတွက် အမျိုးကောင်းသားတွေကို စတေးလိုက်ကြတာပဲ။ ပြည်ပစစ်ပွဲလည်း မဟုတ်။ တကယ်ယှဉ်ပြိုင်ရမှာက နိုင်ငံတကာနဲ့ ယှဉ်ကြရမှာ။ ပြည်ပစစ်ကျတော့ ကြောက်လိုက်ကြတာ။ မြန်မာပိုင်ရွှေလီကို တရုတ်ပြည်ကိုပေးလိုပေး။ ပင်လယ်ထဲက ကျွန်းတောင် သူများ အနိုင်ကျင့်တာ ခံရတယ်။ ဗိုလ်ချုပ်မှူးကြီး သန်းရွှေဟာ လက်နက်မဲ့ပြည်သူကျတော့လည်း သူက အနိုင်ကျင့်ရဲတယ်။ အဲဒါစစ်သားကောင်းလား။ အဲဒီအကြမ်းဖက်အစိုးရရဲ့ ရာဇဝတ်မှုတွေအတွက် ကျွန်တော်တို့ နိုင်ငံရေးသမားတွေ တာဝန်မကျေကြသေးဘူး။

♦ ♦ ♦

အကြမ်းဖက်အစိုးရနှင့်
ပုဒ်မ ၄၄၅ ပြဿနာ


IN PURSUIT OF JUSTICE
REFLECTIONS ON THE PAST AND HOPES FOR THE FUTURE OF BURMA

# အကြမ်းဖက်အစိုးရနှင့် ပုဒ်မ ၄၄၅ ပြဿနာ

အကြမ်းဖက်အစိုးရရဲ့ ရာဇဝတ်မှုများနဲ့ပတ်သက်ပြီး ကျွန်တော်တို့ တာဝန်မကျေခဲ့ကြသေးပါဘူး။ ရာဇဝတ်မှုများအကြောင်း ဖြေစရာများ ကျွန်ရှိနေပေမဲ့ ဒီနေရာမှာပဲ ခဏရပ်ပြီး 'ကျွန်တော်တို့ ဘာလုပ်ကြမလဲ' ဆိုတာကို ပြန်လည်သုံးသပ်ဖို့ လိုပါတယ်။ တကယ်တော့ ကျွန်တော်တို့အားလုံးဟာ အမျိုးသားပြန်လည်သင့်မြတ်ရေးနဲ့ အမျိုးသား ရင်ကြားစေ့ရေး' ဆိုတဲ့ လှိုင်းတံပိုးအောက်မှာ နစ်မြုပ်နေကြတာပါ။ အဲဒီလှိုင်းအောက်မှာပဲ တာဝန်တွေ၊ လုပ်သင့်လုပ်ထိုက်၊ ဖြစ်သင့်ဖြစ်ထိုက်တာတွေလုပ်ဖို့ လျစ်လျူရှုနေခဲ့ကြပါတယ်။ အပြစ်ရှိသူကို ပြစ်ဒဏ်ကင်းလွတ်ခွင့်ပြုတာဟာ အပြစ်မဲ့သူတွေကို အပြစ်ပေးရာ ရောက်စေတယ်' ဆိုတဲ့ အချက်ကို မေ့လျော့ပြီး မှမရှိ ရင်ကြားစေ့ရေးကို တိုးလျှိုးခဲ့ကြတယ်။

အင်အားကြီးသူဖြစ်စေ၊ ငယ်သူဖြစ်စေ၊ မရားမှုဟာ မတရားမှုပဲဖြစ်တယ်။ အဝမ္မမှုဟာ အဝမ္မမှုပဲ ဖြစ်တယ်ဆိုတာကို ပြောဖြစ်အောင် ပြောရမှာဖြစ်သလို၊ ရာဇဝတ်မှုကိုလည်း ဥပဒေကြောင်းအရ ဖြေရှင်းကြရမှာ ဖြစ်တယ်။ အပြစ်ရှိသူကို ပြစ်ဒဏ်ခတ်ခြင်းဟာလည်း လောကပါလတရားတစ်ခုပင် ဖြစ်နေပါတယ်။ လက်ရှိအစိုးရအနေနဲ့လည်း တရားမျှတမှုကို ကမ်းလင့်ကြိုဆိုကြရမှာပါ။

၂၀၀၈ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေအရ ကြည့်ရင်လည်း ၂၀၀၃ ဒီပဲယင်း လုပ်ကြံသတ်ဖြတ်မှုဟာ တရားစွဲဆိုပိုင်ခွင့်ရှိနေတာကို တွေ့ရပါတယ်။ ၂၀၀၈ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအခန်း ၁၄ (ကူးပြောင်းရေးကာလ ပြဋ္ဌာန်းချက်များ) ပုဒ်မ ၄၄၅ မှာ

'ပြည်ထောင်စု မြန်မာနိုင်ငံတော်သည် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့နှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့၏ မူဝါဒလမ်းညွှန်မှုများ၊ ဥပဒေများ၊ စည်းမျဉ်းများ၊ အမိန့်ကြော်ငြာစာများ၊ ညွှန်ကြားချက်များကိုလည်းကောင်း၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့နှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့၏ ဆောက်ရွက်ချက်များ တာဝန်နှင့် ရပိုင်ခွင့်များကိုလည်းကောင်း ဆက်ခံသည်။ ယင်းဖွဲ့ သို့မဟုတ် အဖွဲ့ဝင်တစ်ဦးဦး သို့မဟုတ် အစိုးရအဖွဲ့ဝင်တစ်ဦးဦး၏ တာဝန်အရ ဆောင်ရွက်ချက်များအပေါ် အကြောင်းပြုလျက် ယင်းတို့အား တရားစွဲဆိုခြင်း၊ အရေးယူခြင်း မရှိစေရ' လို့ ဥပဒေပြုထားပါတယ်။

အဆိုပါပုဒ်မ ၄၄၅ အရ ဖွဲ့စည်းအုပ်ချုပ်ပုံက တာဝန်ခံသည်မှာ ယင်းအဖွဲ့ သို့မဟုတ် အဖွဲ့ဝင်တစ်ဦးဦး သို့မဟုတ် အစိုးရအဖွဲ့ဝင်တစ်ဦးဦး၏ တာဝန်အရ ဆောင်ရွက်ခြင်းများအပေါ် အကြောင်းပြုလျက် လို့ ပါရှိတာကို သုံးသပ်လျှင် 'တာဝန်အရ ဆောင်ရွက်ခြင်းများ' ကိုသာ တာဝန်ခံထားပါသည်။ သို့ဆိုလျှင် မေးစရာမေးခွန်းများ ထွက်ပေါ်လာခဲ့တယ်။

'ဒီပဲယင်းအကြမ်းဖက်လုပ်ရပ်ဟာ အစိုးရအဖွဲ့ဝင်တစ်ဦးဦး သို့မဟုတ် အစိုးရအဖွဲ့က တာဝန်အရ ဆောင်ရွက်ခဲ့ခြင်း ဖြစ်ပါသလား။ ယင်းအကြမ်းဖက်မှုဖြစ်စဉ်ဟာ တာဝန်အရ ဆောင်ရွက်ချက်အဖြစ် လက်ရှိအစိုးရနဲ့ လက်ရှိ လွှတ်တော်က လက်ခံပါသလား။ လက်ရှိအစိုးရနဲ့ လက်ရှိ လွှတ်တော်တို့က ဒီပဲယင်းအကြမ်းဖက်လုပ်ရပ်ဟာ အစိုးရအဖွဲ့ရဲ့တာဝန်ပေးချက်အရ ဖြစ်တယ်လို့ လက်ခံမယ်ဆိုရင် နဝတ၊ နအဖ အဖွဲ့ကို အကြမ်းဖက်အစိုးရအဖြစ် ဝန်ခံရာရောက်စေပါတယ်။ တကယ်လို့ အစိုးရအဖွဲ့က တာဝန်ပေးခြင်းမဟုတ်ခဲ့ဘူးလို့ လက်ခံမယ်ဆိုရင် ဘယ်

သူမဆို ဒီပဲယင်းလုပ်ကြံသတ်ဖြတ်မှုအတွက် တရားစွဲဆိုပိုင်ခွင့်ရှိပါတယ်။ ဒါကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေရဲ့ပုဒ်မ ၄၄၅ ဟာ ဒီပဲယင်းလုပ်ကြံသတ်ဖြတ်မှုအတွက် တရားစွဲဆိုခြင်းကို ဘယ်လိုမှ အကာကွယ်မပေးနိုင်တာ တွေ့ရပါတယ်။

တစ်ခါ ၂၀၀၈ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ အခန်း (၁) နိုင်ငံတော်အခြေခံမူများမှာပါတဲ့ ပုဒ်မ ၄၃ မှာတော့ 'မည်သည့်ပြစ်မှုဆိုင်ရာ ဥပဒေမျှ နောက်ကြောင်းပြန်အာဏာသက်ရောက်စေရန် ပြဋ္ဌာန်းခွင့်မရှိစေရ' လို့ ဥပဒေပြုထားတယ်။ ရာဇသတ်ကြီးမှာပါပြီးသား။ ရှိပြီးသားပါ။ ဒီဥပဒေရဲ့ သဘောက ရာဇဝတ်မှုတစ်ခုကို တရားစွဲဆို ပြစ်ဒဏ်ချပြီးမှ အဲဒီရာဇဝတ်ကြောင်းအရ နောက်တစ်ကြိမ် ထပ်မံစွဲဆိုခွင့်မရှိတာမျိုးကို ဆိုလိုတာပါ။ နောက်တစ်ခု သာဓကအနေနဲ့ ပြရရင် ၁၉၈၉ ဒေါ်အောင်ဆန်းစုကြည်ကို အကျယ်ချုပ်ထားစဉ်က တည်ဆဲဥပဒေအရ သုံးနှစ်ထက် ပိုချုပ်ခွင့် မရှိဘူး။ သုံးနှစ်ပြည့်ခါနီး ဒေါ်စုကို လွှတ်ပေးရမယ့်အချိန်မှာ နဝတက ကြေညာချက်အသစ်ရေးပြီး ၅ နှစ်ထိ ချုပ်နှောင်နိုင်ကြောင်း ထုတ်ပြန်ခဲ့တယ်။ ဖမ်းစဉ်က တည်ဆဲဥပဒေအရဖြစ်တဲ့အတွက် ဒီပြဋ္ဌာန်းချက်အသစ်ဟာ အကျုံးမဝင်ဘူး။ ဒါပေမဲ့ ပြဋ္ဌာန်းချက်အသစ်နဲ့ ဒေါ်စုကို ငါးနှစ်ထပ်ချုပ်ခဲ့ပြန်ပါတယ်။ ဒါဟာ နောက်ကြောင်းပြန်အာဏာသက်ရောက်ခြင်း ဖြစ်တယ်။

ဒါနဲ့ပတ်သက်ပြီး ၁၉၄၇ စက်တင်ဘာ ၂၄ မှာ ပြဋ္ဌာန်းခဲ့တဲ့ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေမှာ ပါတဲ့ ရာဇဝတ်ဥပဒေဆိုင်ရာ အခွင့်အရေးများ ပုဒ်မ ၂၄ မှာ ပါရှိတာက... 'ပြစ်မှုတစ်ခုကို အတည်ပြုသည့်အခါက အတည်ဖြစ်နေသော တရားဥပဒေကို ကျူးလွန်သည့်အတွက်မှတစ်ပါး မည်သူကိုမျှ ပြစ်မှုထင်ရှား မစီရင်ရ။ ထို့အပြင် ပြစ်မှုကို ပြုသည့်အခါက အတည်ဖြစ်နေသော တရားဥပဒေအရ ပေးနိုင်သော ပြစ်ဒဏ်ထက် ပိုကြီးလေးသော အပြစ်ဒဏ်ကိုလည်း မည်သူ့အားမျှ မပေးရ' လို့ ဥပဒေသားပါတယ်။ ဒါဟာ 'နောက်ကြောင်းပြန် အာဏာသက်ရောက်မှုမရှိစေရ' ဆိုတဲ့ သဘောပဲ ဖြစ်တယ်။

ဒါကြောင့် ၂၀၀၈ ဖွဲ့စည်းပုံရဲ့ ပုဒ်မ ၄၃ ဟာ (၁) မှုရင်းစွဲဆို

ခံရတဲ့ ပြစ်မှုကနေ ပြစ်ဒဏ်ချပြီးမှ အဲဒီပြစ်မှုနဲ့ ထပ်မံစွဲဆိုခွင့်မရှိခြင်းပဲ ဖြစ်တယ်။ (၂) တရားစွဲဆို ပြစ်ဒဏ်ချမှတ်စဉ်က တည်ဆဲဥပဒေထက် ပိုပြီး ဥပဒေသစ်ပြဋ္ဌာန်းချက်အသစ်အရ အာဏာမသက်ရောက်စေခြင်း တို့ပဲ ဖြစ်တယ်။ ဒီအဓိပ္ပာယ်နှစ်ရပ်အရ ၂၀၀၈ ဖွဲ့စည်းပုံရဲ့ပုဒ်မ ၄၃ ဟာ ဒီပဲယင်းလုပ်ကြံသတ်ဖြတ်မှုကို အကာကွယ်မပေးနိုင်တာ တွေ့ရတယ်။

ထပ်ပြီးကြည့်ရင် ၁၉၄၇ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေမှာ 'ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအရကာကွယ်နိုင်၊ ရယူနိုင်သော အခွင့်အရေးများ' ဆိုတဲ့ အခန်းကဏ္ဍတစ်ခု ပါဝင်နေတာကို တွေ့ရတယ်။ အဲဒီအထဲမှာတော့ ၂၀၀၈ ဖွဲ့စည်းပုံရဲ့ ပုဒ်မ ၄၃ နဲ့ ၄၄၅ လို ဟာမျိုး မရှိခဲ့ဘူး။ 'ကူးပြောင်းကာလ ပြဋ္ဌာန်းချက်များ' အခန်း ၁၄ မှာတော့

'၁၉၃၅ ခုနှစ် မြန်မာနိုင်ငံ စီရင်အုပ်ချုပ်မှုအက်ဥပဒေအရဖြစ်စေ၊ အခြားနည်းအရဖြစ်စေ၊ ဗြိတိသျှဘုရင်မင်းမြတ် ထိုစဉ်အခါက ပိုင်စိုးတော်မူခဲ့သည့် မြန်မာနိုင်ငံတွင်းရှိ နယ်ပယ်များကို စီရင်အုပ်ချုပ်ခြင်းနှင့် စပ်လျဉ်းသော သို့တည်းမဟုတ် သက်ဆိုင်သော ဗြိတိသျှဘုရင်မင်းမြတ်၌ ယခင်က တည်ရှိခဲ့သော အခွင့်အရေးအာဏာ၊ စီရင်ပိုင်ခွင့်နှင့်အာဏာ၊ ကိုယ်ပိုင်အခွင့်အာဏာ အားလုံးနှင့်တကွ မြန်မာနိုင်ငံအတွင်း အခြားမည်သည့်နယ်ပယ်များတွင်မဆိုဖြစ်စေ၊ ထိုနယ်ပယ်များနှင့် စပ်လျဉ်း၍ဖြစ်စေ၊ သဘောတူစာချုပ်အရသော်လည်းကောင်း၊ အခြားနည်းအရသော်လည်းကောင်း၊ ပေးအပ်ခြင်းအရသော်လည်း၊ ဆောင်ရွက်တော်မူပိုင်သော အခွင့်အရေး၊ အခွင့်အာဏာ၊ စီရင်ပိုင်ခွင့်အာဏာ၊ ကိုယ်ပိုင်အခွင့်အာဏာ အားလုံးတို့ကိုပါ ပြည်ထောင်စုမြန်မာနိုင်ငံတော်က ပိုင်ဆိုင်သည်ဟု ကြေညာလိုက်သည်' လို့ ပါရှိတယ်။

ဒါကိုကြည့်ရင် ၁၉၄၇ ဖွဲ့စည်းပုံအခြေခံဥပဒေဟာ Government of Burma act, 1935 ကို ဆက်ခံရခြင်း ဖြစ်သည်။ ၁၉၃၅ Burma act ရဲ့ ပုဒ်မ ၁၂၄ အပိုဒ် (၁) မှာ 'No proceedings Civil or Criminal shall be instituted in Burma against any person in respect of any act done or purporting to done in the execution of his duty as a servant of the Crown in

India or Burma before the Commencement of this act, except with the consent of the Governor in his discretion. လို့ ဥပဒေပြုထားပါတယ်။

ဆိုလိုရင်း အနှစ်ချုပ်ကတော့ ‘ဤဥပဒေမပြဋ္ဌာန်းမီ တာဝန်ဝတ္တရားထမ်းဆောင်ခြင်းနှင့်ပတ်သက်၍ ရည်ရွယ်ချက်များနှင့်စပ်လျဉ်း၍ ဘုရင်ခံ၏ ကိုယ်ပိုင်ဆုံးဖြတ်ခွင့် မရှိစေရ’ လို့ အကာအကွယ်ပေးထားခဲ့တာပါ။ သူ့အကာအကွယ်ပေးထားတာဟာ Burma act, 1935 ကို မပြဋ္ဌာန်းမီ before the Commencement of this act လို့ ဖော်ပြထားတယ်။ ဒါကြောင့် ဒီဥပဒေပြဋ္ဌာန်းပြီး နောက်ပိုင်းကိစ္စရပ်တွေမှာတော့ တရားစွဲဆိုခွင့်ရှိတယ်။

အခုဖော်ပြခဲ့တာတွေဟာ မြန်မာနိုင်ငံမှာ ကျင့်သုံးခဲ့တဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေအားလုံးမှာ ဘယ်အခြေခံဥပဒေကမှ ‘ဒီပဲယင်းလုပ်ကြံသတ်ဖြတ်မှု’ ကို အကာအကွယ် မပေးနိုင်ဘူးဆိုတာ ထင်ရှားပေါ်လွင်နေပြီ။ ဒီပဲယင်းလို အလားတူ လုပ်ကြံသတ်ဖြတ်မှုမျိုးသာမက အမိန့်ပေးလို့ တာဝန်အရ ပစ်ခတ်သတ်ဖြတ်ခဲ့တဲ့ ရာဇဝတ်မှုများကိုလည်း ခုံသမာဓိဖွဲ့၍ စွဲဆိုစီရင်ပိုင်ခွင့် ရှိပါတယ်။ စီရင်ထုံးများလည်း ရှိပါတယ်။ ‘ဦးစောနှင့်ပြည်ထောင်စုမြန်မာနိုင်ငံ’ တွင် ဦးစော၏ ရှေ့နေ မစ္စတာဟက်တောက် ‘ဘုရင်ခံသည် ဟိုက်ကုတ်လွှတ်တော်ကျော်၍ ခုံသမာဓိကို ဖွဲ့စည်းခြင်းဖြစ်သည်။ မြန်မာပြည်ဘုရင်ခံသည် ဦးစောအမှုကို စစ်ဆေးရန် ခုံသမာဓိအဖွဲ့ကို မဖွဲ့စည်းနိုင်ပါ’ ဆိုတဲ့ လျှောက်ထားချက်ကို တရားဝန်ကြီးဦးစံမောင်က ‘တရားဥပဒေကို ဟိုက်ကုတ်လွှတ်တော်က ဆုံးဖြတ်ပိုင်ခွင့် ရှိပါသည်။ ဘုရင်ခံသည် ခုံသမာဓိအဖွဲ့ကို ဖွဲ့စည်းနိုင်ပါသည်’ လို့ ဖြေကြားပြီး ဦးစောအမှုကို စီရင်ချက်ချခဲ့ပါသည်။

ဒီစီရင်ထုံးများကို ကြည့်ခြင်းဖြင့် အမြင့်ဆုံးအာဏာပိုင်ပုဂ္ဂိုလ်သို့မဟုတ် နိုင်ငံအကြီးအကဲတစ်ယောက်က ခုံသမာဓိအဖွဲ့ကို ဖွဲ့ပေးနိုင်ခွင့်အာဏာရှိတယ်လို့ ယူဆရမှာ ဖြစ်တယ်။ ဒါကြောင့် အကြမ်းဖက်သတ်ဖြတ်မှုဖြစ်တဲ့ ၁၉၈၈၊ ၁၉၉၆၊ ၂၀၀၇ ရွှေဝါရောင်အရေးတော်ပုံများမှာပင် နိုင်ငံအကြီးအကဲထံ အထူးခုံသမာဓိရုံး ဖွဲ့ပေးရန် တောင်းဆိုခွင့်

ရှိတာကို တွေ့ရတယ်။

အချုပ်အားဖြင့် ကျွန်တော်ပြောလိုတာက ၂၀၀၃ ဒီပဲယင်းလုပ်ကြံသတ်ဖြတ်မှုဟာ မြန်မာနိုင်ငံမှာ ကျင့်သုံးခဲ့တဲ့ ဘယ်ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကမှ အကာအကွယ်မပေးနိုင်ကြောင်း၊ တရားစွဲပိုင်ခွင့်ရှိကြောင်းကို ဥပဒေကြောင်းအရ လေ့လာတင်ပြလိုက်ပါတယ်။

• • •

# ထွန်းဇော်ဌေး

.....အပြစ်ရှိသူကို
အပြစ်ဒဏ်ကင်းလွှတ်ခွင့်ပြုခြင်းဟာလည်း
အပြစ်မဲ့သူကို အပြစ်ပေးရာရောက်တယ်
ဆိုတဲ့အချက်ကို ယုံကြည်တယ်။
အပြစ်ကို မျက်ကွယ်ပြုဖုံးကွယ်ပေးခြင်းဟာ
မကောင်းမှုကို အားပေးအားမြှောက်ပြုခြင်းပဲလို့
ခံယူတယ်။ ရာဇဝတ်မှုကို
ဥပဒေကြောင်းအရ ဖြေရှင်းခြင်းဟာ
လောကပါလတရားနဲ့ ညီညွတ်တယ်ဆိုတာတွေ
ပြောပြလိုတာကလည်းတစ်ကြောင်း......
..... အမျိုးသားသွေးစည်းညီညွတ်ရေး
သွေးအေးအေးနဲ့ မသိမသာပြိုကွဲနေတဲ့အချိန်.....

# ဗိုလ်မှူးအောင်လင်းထွတ်
# အမှန်ပြောခဲ့သလား

# IN PURSUIT OF JUSTICE

## REFLECTIONS ON THE PAST AND HOPES FOR THE FUTURE OF BURMA

